# ကြေးမုံ
The Mirror
Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့၊ (29-3-2016) (၈၅၂၀)


## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

## ရခိုင်ပြည်နယ်အတွင်း အရေးပေါ်အခြေအနေ ကြေညာချက် ရုပ်သိမ်း

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်၊ ၁/၂၀၁၆
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
(၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက်)
**အရေးပေါ်အခြေအနေကြေညာချက် ရုပ်သိမ်းခြင်း**

၁။ ရခိုင်ပြည်နယ်အတွင်း ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ထိပါး အန္တရာယ်ပြုမည့် အခြေအနေပေါ်ပေါက်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၂ ပုဒ်မခွဲ (က)အရ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်၊ ၁/၂၀၁၂ ဖြင့် အရေးပေါ်အခြေအနေကြေညာခဲ့ပါသည်။

၂။ ယခုအခါ ရခိုင်ပြည်နယ်အတွင်း၌ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ထိပါးအန္တရာယ်ပြုမည့် အခြေအနေမရှိတော့ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ တင်ပြချက်အရ တွေ့ရှိရသဖြင့် ရခိုင်ပြည်နယ်အတွင်း အရေးပေါ် အခြေအနေကြေညာခဲ့သည့် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်၊ ၁/၂၀၁၂ ကို ယနေ့မှစ၍ ရုပ်သိမ်းလိုက်သည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား လွှတ်တော်ကအတည်ပြု

**နေပြည်တော် မတ် ၂၈**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်ပြထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၏ အမည်စာရင်းနှင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များ၏ အမည်စာရင်းအား အတည်ပြုကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်းအား ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၉၈၊ ပုဒ်မခွဲ(ခ) ပါ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံခြင်းမရှိကြောင်းကို မတ်လ ၂၆ ရက် နောက်ဆုံးထား ကန့်ကွက်ရန် ကြေညာခဲ့သော်လည်း ကန့်ကွက်ခြင်း မရှိသည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌအဖြစ် ဦးလှသိန်း၊ ကော်မရှင်အဖွဲ့ဝင်များအဖြစ် ဦးအောင်မြင့်၊

**စာမျက်နှာ ၇ ကော်လံ ၁ သို့**



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)


( အဆင့်မြင့် ခြင်လုံဇကာ အမျိုးမျိုး ) အထူးအစီ Promotion Up to 10 % Discount ( အဆင့်မြင့် လိုက်ကာ အမျိုးမျိုး )

Roll-Up ရိုလာ ခြင်လုံဇကာ
Magnetic သံလိုက် ခြင်လုံဇကာ
Motorized Insect Screen
(Remote Control ဖြင့်ထိန်းချုပ်သောစနစ်)

MR.SCREEN
ကောင်းမွန်သော အရည်အသွေး
ကျွမ်းကျင်သော တပ်ဆင်ရေးဝန်ထမ်း

Roller Blind
Vertical Blind
Motorized Blind
(Remote Control ဖြင့်ထိန်းချုပ်သောစနစ်)

Show Room : NO 001 , 8 / North , Lay Daung Kan Street, Tarmwe Lay Ward,Near ILBC and SUPER ONE Supermarket, Yangon , Myanmar ,
PH : 01 400434, 09 45 130 9011, 09 45 130 9012
https://www.facebook.com/Mr-Screen-689060624528879/

ကြေးမုံစာတည်းရှုထောင့် ၂၉-၃-၂၀၁၆၊ အင်္ဂါနေ့

# အကျင့်စရိုက်ပြောင်းလဲအားထုတ်

ကျွန်ုပ်တို့၏လူ့ဘောင်၌ များသောအားဖြင့် ပေါ့ပေါ့တွေး၊ ပေါ့ပေါ့လုပ်ကိုင်ခဲ့ကြသည်ဟု အမှန်ဝန်ခံရမည်ဖြစ်သည်။ ဤသို့ လုပ်ခဲ့ရသည်မှာ မိမိတို့၏အတ္တကိုအကြောင်းပြု၍ မိမိတို့အတွက်အဆင်ပြေရေးကို ရှေးရှုခဲ့ကြသောကြောင့်ဖြစ်သည်။ ဤသို့တွေးတောလုပ်ကိုင်မှုများသည် ကျွန်ုပ်တို့ယုံကြည်ကိုးကွယ်သည့် ထေရဝါဒဗုဒ္ဓလမ်းစဉ်နှင့်လည်း မကိုက်ညီ၊ လူ့ဘောင်လောက အကျိုးဖြစ်ထွန်းရေး၌လည်း အလုပ်မဖြစ်ချေ။

ကျွန်ုပ်တို့ အသက်ရှင်သန်နေသရွေ့ကာလပတ်လုံး ဂုဏ်သိက္ခာမှာ အရေးကြီးသည်။ ကိုယ်ကျင့်တရားလည်း အရေးကြီးသည်။ ပတ်ဝန်းကျင်၏ စည်းကမ်းဥပဒေများမှာလည်း အရေးကြီးသည်။ သို့သော် ဂုဏ်သိက္ခာကို သတိမမူမိ၊ ကိုယ်ကျင့်တရားကိုလည်း လွယ်လွယ်ဖောက်ဖျက်မိ၊ ပတ်ဝန်းကျင်၏ စည်းကမ်းဥပဒေများဆိုလျှင် ပို၍လွယ်လွယ် ကျူးလွန်မိတတ်ကြသည်။

ဂုဏ်သိက္ခာ၊ ကိုယ်ကျင့်တရား၊ စည်းကမ်းများသည် မိမိအတွက်သာမက လူ့ဘောင်လောက အကျိုးဖြစ်ထွန်းရေးအတွက် မဖြစ်မနေ လိုက်နာကျင့်ကြံ သတိမူဆောင်ရွက်ရမည့် ကိစ္စများဖြစ်သော်လည်း မိမိတို့အတ္တကြောင့်သာ ဖောက်ဖျက်ကျူးလွန်မိခဲ့ကြ၏။ အကယ်၍ အဆိုပါကျင့်သုံးအပ်သည်တို့ကို လိုက်နာမည်ဆိုပါက မိမိဘဝ၊ မိမိလိုအင် အဆင်ပြေရေးအတွက် နှောင့်နှေးမည်မှာ အမှန်ဖြစ်၍ ပေါ့ပေါ့တွေး၊ ပေါ့ပေါ့လုပ်မိခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် အခြေအနေအရ "လစ်"လျှင် "လစ်"သလို ဆောင်ရွက်ရန်ဖြစ်လာ၏။ "ပိုင်" လျှင် "ပိုင်" သလို အနိုင်ရအောင်လုပ်တတ်လာ၏။ "ရ" လျှင် "ရ" သလိုယူတတ်လာ၏။ သို့မှသာ မိမိကိုယ်ကျိုးအတွက် အဆင်ပြေမည်။ မိမိ၏ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိမည်ဖြစ်သည်။

ထို့အပြင် "အမြီး" ကျက်လျှင် "အမြီး"ကို စားနေသူများလည်းရှိသည်။ "ခေါင်း" ကျက်လျှင် "ခေါင်း" စားနေသူများလည်း ရှိသေးသည်။ အမှန်တရားကို မျက်ကွယ်ပြု၍ အမှားလုပ်တတ်သူများရှိသလို "အမှန်" ကို "အမှား" လုပ်တတ်သူများလည်းရှိသည်။ မှားမှန်းသိသိနှင့် မိမိအတ္တကြောင့် မမှန်လမ်းကိုလျှောက်လှမ်းနေသူများလည်းရှိသည်။ ရေသာခို အချောင်လိုက်သူများလည်းရှိသည်။

ထိုသူတို့တွင် စောင့်ထိန်းမှုဟူ၍ ဘာမျှမရှိ။ သစ္စာတရားဟူသည် ပို၍အလှမ်းဝေးမည်ဖြစ်သည်။ ဤဝါဒကို လက်ခံကျင့်သုံးနေသူတို့ကို "အတ္တ" ဝါဒသမားဟု ခေါ်ဆိုရမလိုဖြစ်သည်။ ဤအယူကျင့်သုံးကြသူများသည် ဗုဒ္ဓဘာသာ မြန်မာနိုင်ငံအတွက်သာမက ဤလူ့ဘောင်လောကတွင်လည်း မရှိသင့်၊ မရှိကောင်းသူများဖြစ်သည်။ ဗုဒ္ဓဝါဒအရဖြစ်စေ၊ လူ့ဘောင်လောကတည်ဆောက်ရာ၌ဖြစ်စေ ဤအမြင်၊ ဤအယူများကို ရှောင်ကြဉ်ရမည်ဖြစ်သည်။

ထေရဝါဒအလိုအရ ဤလောက၌ လူဖြစ်လာရခြင်းသည် လောကကို မိမိအတွက် အသုံးချရန်မဟုတ်ဘဲ၊ မိမိကိုသာ လောကအတွက် အသုံးချရန်ဖြစ်သည်။ ထိုသို့အသုံးချရာတွင် ထိရောက်စွာအသုံးချနိုင်ရေးအတွက် မိမိကိုယ်ကို ထက်မြက်အောင် လေ့ကျင့်သလို မွန်မြတ်အောင်လည်း အားထုတ်ရသည်။ လေ့ကျင့်ခြင်းဟူသည် တရားတွင် ပါရမီကုသိုလ်မြောက်အောင် အားထုတ်ခြင်းဖြစ်ပြီး လောကတွင် အရည်အသွေးမြင့်မားအောင် အားထုတ်ခြင်းဖြစ်၏။

တရားအလိုအရဖြစ်ဖြစ်၊ လောကအလိုအရဖြစ်ဖြစ် ဤအားထုတ်ခြင်းသည် (၁) လိုအပ်သောအကူအညီကို စွမ်းနိုင်သလိုပေးခြင်း၊ (၂) ကိုယ်ကျင့်သိက္ခာကို မြင့်မားအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ (၃) တုံ့ပြန်မှုကို မျှော်လင့်ခြင်းမရှိဘဲ စေတနာသန့်သန့်ဖြင့် ဆောင်ရွက်ခြင်း၊ (၄) အသိဉာဏ် တိုးတက်၍ ထက်မြက်လာအောင် အားထုတ်ခြင်း၊ (၅) မလျှော့သောဇွဲလုံ့လရှိခြင်း၊ (၆) အရာရာကို သည်းခံခွင့်လွှတ်ခြင်း၊ (၇) သစ္စာရှိခြင်း၊ (၈) အဓိဋ္ဌာန်ဖြင့် ဆောင်ရွက်ခြင်း၊ (၉) လောကကို ချစ်ခင်တတ်ခြင်း၊ (၁၀) ဘက်မလိုက်ဘဲ တစ်သမတ်တည်းနှင့် တည့်မတ်အောင် ဆောင်ရွက်ခြင်းတို့ကို ဖြစ်စေသည်။

သို့ဖြစ်ရာ မိမိကိုယ်မိမိ မှန်ကန်ထက်မြက်သူဖြစ်ပြီး လောကလူ့ဘောင်အကျိုးကို ကောင်းစွာတည်ဆောက်နိုင်သူဖြစ်ရန်အတွက် ကိုယ်ကျင့်သိက္ခာနှင့် စည်းကမ်းဥပဒေတို့ကို လိုက်နာကျင့်ကြံအားထုတ်တတ်သူများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ကြရမည်ဖြစ်သည်။ ။

## မြန်မာ့ရွှေချည်ထိုးပန်းချီကားများ နိုင်ငံခြားဈေးကွက်ထိုးဖောက်ရေး အနုစိတ်လက်ရာများဖြင့် အလှဆင်

**မန္တလေး မတ် ၂၈**

မြန်မာမှုလက်ရာများတွင် နိုင်ငံခြားသားများ နှစ်သက်သောပစ္စည်းတစ်ခုမှာ ရွှေချည်ထိုးပန်းချီကားများပင်ဖြစ်သည်။ ရွှေချည်ထိုးပန်းချီကားများမှာ မြန်မာ့လက်မှုအနုပညာစစ်စစ်ဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှုနှင့် ဆက်စပ်သည့် သဘာဝကျသော ပန်းချီကားများကို ပြုလုပ်လေ့ရှိသည်။ ရွှေချည်ထိုးပန်းချီကားတစ်ချပ် ဖြစ်ပေါ်လာရေးအတွက် အဆင့်ဆင့်လုပ်ဆောင်ရသည်။ ပထမဦးစွာ ပိတ်စကိုချုပ်ကာ ပေါင်ကြပ်ရသည်။ ပေါင်ကြပ်ပြီးသားပေါ်တွင် လိုအပ်သည့်ပုံများကို ပန်းချီဆွဲပေးရသည်။ ပန်းချီဆွဲပြီးသည်နှင့် ရွှေကြိုး၊ ငွေကြိုး၊ ပုလဲ၊ သဒ္ဒါစေ့၊ ကြယ်ပြား၊ ကြယ်ခုံး၊ ရွှေလုံး၊ ငွေလုံးကြိုးများမှအစ ရွှေချည်ထိုးပစ္စည်းများကို အပ်ချည်ဖြင့်သီချုပ်ပေးရသည်။

ရွှေချည်ထိုးပြီးသည်နှင့် ခွင်ချခြင်းများပြုလုပ်ပြီး ခွင်အတွင်း ရွှေချည်ထိုးပန်းချီကားကို ကပ်ကာချုပ်ပေးခြင်း၊ ဖောင်းကြွဖြစ်စေရန် ဂွမ်းထိုးခြင်း၊ နောက်ပိတ်ပိတ်ခြင်းမှအစ အနုစိတ်လုပ်ဆောင်ရသည်။ ရွှေချည်ထိုးပန်းချီကားများကို နိုင်ငံခြားဈေးကွက်ထိုးဖောက်နိုင်ရေးအတွက် အနုစိတ်ဒီဇိုင်းများကို ရွေးချယ်ပြုလုပ်လာသည်။ လက်ရှိကာလတွင် အများစုအော်ဒါမှာယူသော ပန်းချီကားအမျိုးအစား ၄၀ ခန့်ပြုလုပ်ပေးရသည်။ ထို့အပြင် နိုင်ငံခြားသံရုံးများမှ သက်ဆိုင်ရာ နိုင်ငံအထိမ်းအမှတ်ပုံဒီဇိုင်းများကိုပါ အော်ဒါမှာသည်လည်းရှိသည်။



ယခုအချိန်၌ တွင်ကျယ်စွာပို့ရသော ရွှေချည်ထိုး ပန်းချီကားများမှာ ရွှေတိဂုံပုံ၊ မြန်မာ့ဆိုင်းဝိုင်းပုံ၊ ဒေါင်းပုံ၊ မြန်မာ့နွားလှည်းပုံ၊ ကရဝိက်ပုံ၊ ကိန္နရီကိန္နရာပုံ၊ ဆွမ်းခံကြွပုံ၊ ရှင်လောင်းလှည့်ပုံ၊ အိုးစည်ဒိုးပတ်ပုံ၊ သမင်အုပ်ပုံ၊ ရုပ်သေးပုံ၊ နှစ်ပါးသွားပုံ၊ ရှုခင်းပုံများနှင့် အခြားအမျိုးအစားများစွာကို တစ်နှစ်ပတ်လုံးပြုလုပ်တင်သွင်းပေးရသည်။ မြန်မာ့ရွှေချည်ထိုး အဓိကဈေးကွက်မှာ ရန်ကုန်မြို့ဖြစ်ပြီး အရောင်းပြခန်းများဖြင့် ခမ်းနားစွာရောင်းချသည့်အတွက် နိုင်ငံခြားသားများအထူးသဘောကျသည်။ အထူးသဖြင့် မြန်မာမှုပန်းချီများကို ရသပါအောင် အနုစိတ်ဖန်တီးမှုကြောင့် ပိုမိုသဘောကျလာသည်။ ရွှေချည်ထိုးပန်းချီကားများကို အသက်ဝင်လှပပြီး စိတ်ဝင်စားဖွယ်ဖြစ်အောင် အထူးပြုလုပ်ဆောင်လာကြသည်။

ရွှေချည်ထိုး ပန်းချီကားများကို အသေး အလျား ၂၅ လက်မ၊ အနံ ၁၉ လက်မအရွယ်နှင့် အကြီး အလျား ၃၉ လက်မ၊ အနံ ၂၈ လက်မ အရွယ်တို့ကို အများဆုံးပြုလုပ်ကြသည်။ လှပသော ရွှေချည်ထိုးပန်းချီကားများကို လက်ဆောင်ပေးခြင်း၊ ဧည့်ခန်းအလှဆင်ခြင်းများတွင် အသုံးများသည်။ မန္တလေးမြို့သို့ လာရောက်သော သံအမတ်များ၊ နိုင်ငံခြားသားခရီးသွား ဧည့်သည်များအတွက် မန္တလေးကျုံး ရွှေချည်ထိုးပန်းချီကားများကို အလေးထားလက်ဆောင်ပေးကြသည်။ အခြားသီးသန့်မှာယူမှုများကိုလည်း စိတ်ကြိုက်လုပ်ဆောင်ပေးလျက်ရှိသည်။ ရွှေချည်ထိုးပန်းချီကား အသေးတစ်ချပ်လျှင် ဖောက်သည်ဈေး ငွေကျပ်နှစ်သောင်းကျော်ပေးရပြီး ရွှေချည်ထိုးပန်းချီကား အကြီးတစ်ချပ်လျှင် ငါးသောင်းကျော်ပေးရသည်။ မှန်ပေါင်ထည့်ပေးခြင်းများကိုလည်း အထူးသီးသန့် ပြုလုပ်ပေးသည်။ လက်ရှိကာလတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် နန်းတော်ရာကွက်သစ်ရှိ မြန်မာမှုရွှေချည်ထိုး ပန်းချီကားလုပ်ငန်းမှ လှပသောပန်းချီကားများကို အနုစိတ်ပြုလုပ်ပေးကာ နိုင်ငံခြားဈေးကွက်ဝင်အောင် ပြုလုပ်လျက်ရှိပြီး မှာယူမှုများပြားလျက်ရှိကြောင်း သိရသည်။ **(တိမ်တမန်)**




## ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းမည်

**ရန်ကုန် မတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)၏ (၁၅)ကြိမ်မြောက် နှစ်သစ်အကြို စုပေါင်းသွေးလှူဒါန်းပွဲကို ဧပြီ ၂ ရက် နံနက် ၈ နာရီတွင် အဆိုပါ ဆေးရုံကြီး အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းနေ့တွင် သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များက သွေးလိုအပ်နေသည့် လူနာများအား ဇီဝိတဒါန အသက်ကယ်နိုင်ရန် ရည်မှန်း၍ စုပေါင်းသွေးလှူဒါန်းကြမည်ဖြစ်ရာ ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံ ဆရာဝန်ကြီးနှင့်အဖွဲ့က လာရောက်လက်ခံကြမည်ဖြစ်သည်။

အဆိုပါ သွေးလှူဒါန်းပွဲတွင် ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးရှိ သံဃာတော်များ ပြင်ပလူနာဌာန- ဖုန်း ၇၃၀၀၆၄၄၆၊ သီလရှင်များ ပြင်ပလူနာဌာန- ဖုန်း ၅၄၂၇၀၆၊ လူပုဂ္ဂိုလ်များပြင်ပလူနာဌာန- ဖုန်း ၅၅၂၅၄၂၊ ဆေးရုံအုပ်ကြီးရုံး- ဖုန်း ၅၅၈၄၃၄၊ လူမှုဆက်ဆံရေးဌာနစု ဖုန်း-၅၄၁၇၉၅ တို့သို့ လူကိုယ်တိုင် (သို့မဟုတ်) တယ်လီဖုန်းဖြင့် မတ် ၃၁ ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီ နောက်ဆုံးထား၍ ကြိုတင်စာရင်းပေးနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## အာရှရိုးရာလှေလှော်အဖွဲ့ချုပ်ကွန်ဂရက် ကျင်းပ

**နေပြည်တော် မတ် ၂၈**

မတ် ၂၇ ရက်မှ ဧပြီ ၁ ရက်အထိ ဩစတြေးလျနိုင်ငံ၌ ကျင်းပလျက်ရှိသည့် အာရှရိုးရာလှေလှော်အဖွဲ့ချုပ်ကွန်ဂရက်သို့ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းတိုးတို့ တက်ရောက်လျက်ရှိကြောင်း သိရသည်။

ဦးသောင်းထိုက်မင်းသည် ယခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခံခဲ့ရသူဖြစ်သည်။ **(ဖိုးသော်ဇင်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၂၈**

ရန်ကုန်(ရွှေဈေး) ၇၈၃၅၀၀ - ၇၈၄၅၀၀၊ မန္တလေး(ရွှေဈေး) ၇၈၃၅၀၀ - ၇၈၄၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၇၀/၄၉၀ ကျပ်၊ | ၅၁၀/၅၄၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၃၀/၇၄၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၂၀/၅၄၀ ကျပ်၊ | ၆၀၀/၆၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၁၀/၅၃၀ ကျပ်၊ | ၅၇၀/၅၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၁၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၅၅ ကျပ်၊

အောက်တိန်း 92 တစ်လီတာ ၄၈၀ ကျပ်

**၂၁-၃-၂၀၁၆ ရက်နေ့မှ ၂၄-၃-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်း အရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၄၉၉ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၄၅၅ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၁၆. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၅၆. ၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၆. ၆၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၄. ၄၃၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၀. ၉၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၁၉၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၇၁. ၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၃. ၈၀ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၁. ၇၅ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၈၅. ၇၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

# ၁၃၇၇ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း မြို့ပတ်နှင့် အမြန်ရထားခရီးစဉ်အချို့ ယာယီရပ်နားထားမည်

**ရန်ကုန်  မတ်  ၂၈**

၁၃၇၇ ခုနှစ် သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့ပတ်ဆင်ခြေဖုံးလမ်းပိုင်းရထားများနှင့် အမြန်ရထားခရီးစဉ်အချို့အား ယာယီရပ်နားထားမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ယနေ့ထုတ်ပြန်ထားသည်။

ရန်ကုန်မြို့ပတ်ဆင်ခြေဖုံးလမ်းပိုင်း၌ လက်ရှိတစ်ရက်လျှင် ခေါက်ရေ ၂၁၅ ခေါက်ပြေးဆွဲမှုကို ၂၀၁၆ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလဖြစ်သော ဧပြီ ၁၃ ရက်မှ ၁၆ ရက်အတွင်း ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလော်ကယ်ရထားတွဲဆိုင်း ၁၇ ဆိုင်းအား ယာယီရပ်နားသွားမည်ဖြစ်ရာ ယာယီရပ်ဆိုင်းမည့် တွဲဆိုင်းများစာရင်းအရ ရန်ကုန်မြို့ပတ်ဆင်ခြေဖုံးလမ်းပိုင်းရထားများဖြစ်သော (က)နှင့် (ခ) အဲကွန်းအထူးရထားတွဲဆိုင်း၊ (ဂ)အဲကွန်းအထူးရထားတွဲဆိုင်း၊ (ဃ)၊ (ဆ)၊ (ည)၊(ဣ)(၁)၊ (ဣ) (၅)၊ (တ)၊ (ထ)၊ (ဒ)၊ (ပ)၊ (ဘ)၊ (ယ)၊ (လ)၊ (ဟ)နှင့် (အ) ရထားတွဲဆိုင်းများအား ယာယီရပ်နားသွားမည်ဖြစ်ကြောင်း၊ သင်္ကြန်ကာလအတွင်း ရထားတွဲဆိုင်းခြောက်ဆိုင်းဖြင့် နေ့စဉ်ပြေးဆွဲပေးသွားမည်ဖြစ်ရာ (ဇ)၊ (င)၊ (စ)၊ (မ)၊ (သ)၊ (န) ရထားတွဲဆိုင်းများဖြင့် နေ့စဉ်မြို့ပတ် ခရီးစဉ်ခေါက်ရေ ၆၉ ခေါက် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်းနှင့် ကမ်းနားလမ်းပိုင်း ပြေးဆွဲလျက်ရှိနေသော လျှပ်စစ်ရထားတွဲဆိုင်းကို ဧပြီ ၁၃ ရက်မှ ၁၆ ရက်ထိ သင်္ကြန်ကာလအတွင်း ယာယီရပ်နားသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဧပြီ ၁၃ ရက်မှ ၁၆ ရက်ထိကို အမြန်ရထားတွဲဆိုင်းများဖြစ်သော ရန်ကုန်- မန္တလေးလမ်းပိုင်း အမှတ် (၅) အဆန်၊ (၆)အစုန်၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းအမှတ် (၃၅) အဆန်၊ (၃၆) အစုန်၊ ရန်ကုန်-နေပြည်တော်လမ်းပိုင်းအမှတ် (၇) အဆန်၊ (၈) အစုန်၊ ရန်ကုန်-ပုဂံ-ပခုက္ကူလမ်းပိုင်းအမှတ် (၆၁) အဆန်၊ (၆၂) အစုန်အပါအဝင် ရန်ကုန်-ပြည်လမ်းပိုင်းအမှတ် (၇၁) အဆန်၊ (၇၂) အစုန်၌ ပြေးဆွဲလျက်ရှိသည့် RBE ရထားများအားလုံးကိုလည်း ယာယီရပ်နားသွားမည်ဖြစ်သည်။ ကျန်လမ်းပိုင်းများရှိ အမြန်ရထားတွဲဆိုင်းများကို ပုံမှန်ပြေးဆွဲပေးသွားမည်ဖြစ်ကာ ရထားလက်မှတ်ခနှုန်းထားများကို ယခင်နှုန်းထားအတိုင်း ကောက်ခံမည်ဖြစ်ပြီး နှုန်းထားပြောင်းလဲကောက်ခံမည်မဟုတ်ကြောင်း မြန်မာ့မီးရထားက ထုတ်ပြန်ထားသည်။




ရထားစီးခရီးသည်များ ပိုမိုများပြားလာမှုနှင့်စပ်လျဉ်း၍ မြန်မာ့မီးရထား၊ တိုင်းအမှတ်(၇)မှ လက်ထောက်အထွေထွေမန်နေဂျာ (ပို့ဆောင်ရေး) ဦးကျော်စိုးလင်းက "သင်္ကြန်မတိုင်ခင်နဲ့ သင်္ကြန်အပြီးကာလဟာ ခရီးသည်များတဲ့အချိန်ပါ။ ဒီတော့ရထားစီးခရီးသည်တွေ ပိုမိုများပြားလာလို့ သင်္ကြန်အထူးရထားတွေ ပြေးဆွဲပေးဖို့ စီစဉ်လိုက်တာပါ။ အခက်အခဲတစ်ခုကတော့ လက်ရှိညနေ ၃ နာရီတိုင်းမှာ ရန်ကုန်-မန္တလေးလမ်းပိုင်းရထားတွဲဆိုင်းအသစ် ပြေးဆွဲပေးနေတဲ့အမှတ် (၅)အဆန်၊ (၆) အစုန်ဟာဆိုရင် နေ့စဉ် စီးနင်းလိုက်ပါနေတဲ့ ခရီးသည်ဦးရေ ၇၀၀ ကျော်ထိဖြစ်နေပါပြီ။ ဒီတော့ခရီးသည်ကြိုက်နှစ်သက်မှုရှိနေပေမယ့် ကျွန်တော်တို့ မြန်မာ့မီးရထားအနေနဲ့က အထက်တန်းကို သုံးတွဲပဲ ချိတ်ဆက်ပြေးဆွဲပေးနိုင်ပါတယ်။ ကြားလမ်းပိုင်းက ဘူတာတွေမှာလည်း ရထားစီးခရီးသည်တွေ များပြားလာတဲ့အတွက် ကြားလမ်းပိုင်းဘူတာတွေဖြစ်တဲ့ ပဲခူးဘူတာ အပါအဝင် ကျန်အခြားဘူတာတွေဖြစ်တဲ့ ခွဲတမ်းတွေနဲ့ သတ်မှတ်လိုက်တဲ့အခါမှာ အထက်တန်းလက်မှတ်က ရန်ကုန်ဘူတာကြီးကနေ ခုံ ၃၀ လောက်ပဲ ရောင်းလို့ရတာဆိုတော့ ခရီးသည်ဝယ်ယူမှုအခက်အခဲ နည်းနည်းကြုံတွေ့ရနိုင်ပါတယ်။ ရိုးရိုးတန်းကတော့ ခုံ ၄၃၀ ကို ပုံမှန်ရောင်းချပေးပါတယ်"ဟု ရှင်းပြသည်။

ဧပြီ ၂ ရက်မှ ၅ ရက်ထိကို ရန်ကုန်-မန္တလေးလမ်းပိုင်း၌ ရန်ကုန်ဘူတာကြီးမှ ညနေ ၄ နာရီ ထွက်ခွာမည့် ခရီးစဉ်ဖြစ်သော ရထားတွဲဆိုင်းဖြစ်သည့် အထက်တန်းသုံးတွဲ၊ ရိုးရိုးတန်း ၁၀ တွဲဖြင့် နေ့စဉ်သင်္ကြန် အထူးရထားတစ်စင်း ပြေးဆွဲပေးသွားရန် စီစဉ်ထားကြောင်း၊ ဧပြီ ၆ ရက်တွင် မန္တလေး-နေပြည်တော် သင်္ကြန်အထူးရထားတစ်စင်းပြေးဆွဲရန် စီစဉ်ထားကြောင်း၊ ဧပြီ ၇ ရက်တွင် ရန်ကုန်-နေပြည်တော် သင်္ကြန်အထူးရထားတစ်စင်း ပြေးဆွဲရန် စီစဉ်ထားကြောင်း၊ ဧပြီ ၈ ရက်တွင် နေပြည်တော်ရှိ နိုင်ငံ့ဝန်ထမ်းများ ရန်ကုန်မြို့သို့ ပြန်နိုင်ရေးအတွက် နေပြည်တော်-ရန်ကုန်ရထားတွဲဆိုင်းတစ်စင်းအား ပြေးဆွဲပေးသွားရန် စီစဉ်ထားကြောင်း၊ ဧပြီ ၉ ရက်မှ ၁၁ ရက်ထိကို ရန်ကုန်ဘူတာကြီးမှ ရန်ကုန်-မန္တလေးရထားတွဲဆိုင်းအား သင်္ကြန်အထူးရထားပြေးဆွဲရန်စီစဉ်ထားကြောင်းနှင့် ခရီးသည်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဘူတာများအား အချိန်မီသိရှိစေရန် အသေးစိတ် မကြာမီထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ ယနေ့ထုတ်ပြန်ထားချက်အရ စုံစမ်းသိရသည်။

**(စိုးဝင်း-MLA)**

# ဖားကန့်မြို့ ဥရုချောင်းတံတား(လုံးခင်း)နှင့် မိုးညှင်းမြို့ နန့်ရင်းချောင်းတံတားများ ဖွင့်လှစ်




**မြစ်ကြီးနား  မတ်  ၂၈**

မိုးညှင်းခရိုင် ဖားကန့်မြို့နယ်အတွင်း လဝ-ကာမိုင်း-လုံးခင်း-ဖားကန့်လမ်းပေါ်ရှိ လုံးခင်းရွာအနီး ဥရုချောင်းပေါ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ်သန်း ၁၄၅၀ဖြင့် တံတားဦးစီးဌာနက ဆောက်လုပ်ပြီးစီးခဲ့သည့် ပေ ၄၀၀ အရှည်၊ အကျယ် ၂၄ ပေရှိ ဥရုချောင်းတံတား (လုံးခင်း)ကို မတ် ၂၆ ရက် နံနက် ၈ နာရီတွင် အဆိုပါတံတား၌ ဖွင့်လှစ်ခဲ့သည်။**(အပေါ်ပုံ)**

ရှေးဦးစွာ တံတားဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းက ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးလင်းရေး၊ စိုက်ပျိုးရေးရရှိရေးနှင့် သောက်သုံးရေရရှိရေးတို့အတွက် ပြည်နယ်အတွင်း ဆောင်ရွက်ပေးခဲ့မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဦးစောသိန်းက လမ်းနှင့်တံတားများ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဒေသခံရပ်မိရပ်ဖတစ်ဦးက တံတား တည်ဆောက်ပေးသည့်အတွက် ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် တံတားကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးကမန်းဒူနော်၊ တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးဇော်ဝင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်နှင့် မြို့မိမြို့ဖ ဒေါ်ဂျာဖာလုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က တံတား၏ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဒေသခံပြည်သူများနှင့်အတူ တံတားကို ဖြတ်သန်းကြည့်ရှုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဖားကန့်မြို့မှ ဝှေခါ-ဝှေလုံ - ညောင်ပင်လမ်းပေါ်တွင် ပြောင်းဖူးစေ့ကျောက်စီလမ်းခင်းနေမှုနှင့် ကျောက်စီမြေထိန်းနံရံနှင့် တံတားများဆောက်လုပ်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက် မှာကြားခဲ့သည်။ ယင်းနောက် အင်းတော်ကြီး ရွှေမဋ္ဌူဘုရားကို ဖူးမြော်ကြည်ညိုပြီး အလှူငွေများ လှူဒါန်းခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် မတ် ၂၇ ရက် နံနက် ၈ နာရီတွင် မိုးညှင်းမြို့ မြို့ရှောင်လမ်းမပေါ်ရှိ နန့်ရင်းချောင်းပေါ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် ၁၀၄၉ ဒသမ ၇၀၀ သန်းဖြင့် သိန်းသန်းဌေး ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်ပြီးစီးခဲ့သည့်အရှည်ပေ ၃၀၀၊ အကျယ် ၂၄ ပေ နှစ်လမ်းသွား ကွန်ကရစ်ကြမ်းခင်း RCC တံတားဖွင့်ပွဲတွင် အမှာစကားပြောကြားပြီး ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက လမ်း၊ တံတားများ တည်ဆောက်မှုအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တံတားကို လမ်းပန်းဆက်သွယ်ရေးဝန်ကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး သိန်းသန်းဌေးဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဌေးညွှန့်နှင့် ရပ်မိရပ်ဖတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က တံတား၏ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ တံတားသစ်ပေါ်သို့ ဖြတ်သန်းကြည့်ရှုခဲ့ကြသည်။

**(ပြည်နယ်ပြန်/ဆက်)**

# ခင်ဦး၌ နွေစပါးကေပေါင်း ၄၇၀၀၀ ကျော် စိုက်ပျိုးရေရရှိရေးအတွက် ဆောင်ရွက်

**ရွှေဘို  မတ်  ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်၌ ၂၀၁၅-၂၀၁၆ တွင် နွေစပါး (မိုးကြို)ကို ကင်းတပ်၊ ကာဘိုးရေလွှဲဆည်ရေတို့ဖြင့် နွေစပါး ဧကပေါင်း ၄၇၀၀၀ ကျော် စိုက်ပျိုးရန် လျာထားသည်ဖြစ်ရာ ဆည်ရေဖြင့် စိုက်ပျိုးရေရရှိရေးအတွက် တာဝန်ရှိသူများ လယ်ကွင်းအရောက် သွားရောက်၍ လယ်သမားများနှင့်တွေ့ဆုံပြီး စိုက်ပျိုးရေလိုအပ်မှုများကို ကွင်းဆင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

အဆိုပါခင်ဦးမြို့နယ်၌ သဖန်းဆိပ်ဆည်ရေဖြင့် ကာဘိုးရေလွှဲဆည်မှတစ်ဆင့် ရွှေဘိုတူးမြောင်းကို အသုံးပြု၍ နွေစပါးဧကပေါင်း ၂၆၀၀၀ နှင့် အခြားသီးနှံ(ပဲတီစိမ်း၊ နှမ်း) ဧကပေါင်း ၈၀၀ တို့ကိုလည်းကောင်း၊ ကင်းတပ်ရေလွှဲဆည်မှတစ်ဆင့် မဟာနန္ဒာကန်တူးမြောင်းကို အသုံးပြုကာ နွေစပါးဧကပေါင်း ၂၁၀၀၀ ကိုလည်းကောင်း ဧကစုစုပေါင်း ၄၇၀၀၀ ကျော် နွေစပါးစိုက်ပျိုးရန် လျာထားသည်ဖြစ်ရာ လာမည့်သင်္ကြန်မတိုင်မီ သို့မဟုတ် ဧပြီလ ဒုတိယပတ် နောက်ဆုံးထား၍ စိုက်ပျိုးရမည်ဖြစ်သည့်အတွက် အချိန်နှင့်တစ်ပြေးညီ စိုက်ပျိုးရေရရှိရေးအတွက် တာဝန်ရှိသူများက ဆောင်ရွက်ပေးနေကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် ကန်သစ်ကျေးရွာအုပ်စုမှ စိုက်ပျိုးရေလိုအပ်လျက်ရှိသော လယ်မြေဧက ၃၀၀ ကျော်အတွက် မြို့နယ်ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်သူရိန်မော်နှင့် ဝန်ထမ်းများက တောင်သူများ၏ လိုအပ်ချက်များကို မတ် ၂၇ ရက်က ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ခင်ဦးမြို့နယ်၌ ဧကစုစုပေါင်း ၄၇၀၀၀ ကျော် နွေစပါးစိုက်ပျိုးရန် လျာထားသည်ဖြစ်သည့်နည်းတူ ရွှေဘိုခရိုင်တွင် ကွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ဆည်ရေဖြင့် နွေစပါးဧက သုံးသိန်းကျော် စိုက်ပျိုးရန် ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ ဆည်ရေပေးဝေနေသည့်အတွက် လာမည့်သင်္ကြန်မတိုင်မီ သို့မဟုတ် ဧပြီလ ဒုတိယပတ်နောက်ဆုံးထား၍ စိုက်ပျိုးပြီးစီးမည်ဟု ခန့်မှန်းထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**(ရောင်နီတင်ဝင်း)**

သင့်စီးပွားရေးအောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

# အာဖဂန်နစ္စတန် လွှတ်တော်ဝင်းကို တာလီဘန်အဖွဲ့ ဒုံးကျည်ဖြင့်ပစ်ခတ်



**ကဘူး မတ် ၂၈**

အာဖဂန်နစ္စတန်နိုင်ငံ၌ လွှတ်တော်စတင်ကျင်းပသည့် မတ် ၂၈ ရက်တွင် အာဖဂန်တာလီဘန်အဖွဲ့က လွှတ်တော်အဆောက်အအုံကို ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ပစ်ခတ်မှုဖြစ်ပွားချိန်တွင် အာဖဂန်အစိုးရ အထက်တန်းထောက်လှမ်းရေးတာဝန်ရှိသူနှင့် အိမ်စောင့်အစိုးရ ပြည်ထဲရေးဝန်ကြီး မိန့်ခွန်းပြောရန် ပြင်ဆင်နေချိန်ဖြစ်ကြောင်း ယနေ့ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဒုံးကျည်ဖြင့်ပစ်ခတ်မှုကြောင့် တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိသည့်သတင်းမရကြောင်း လွှတ်တော်အမတ်များက ပြောကြားသော်လည်း တာလီဘန်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဇာဘီဟူလာပူနာဟမ်ကမူ ဒုံးကျည်ဖြင့်ပစ်ခတ်မှုကြောင့် ထိခိုက်သေဆုံးသူများပြားကြောင်း ပြောကြားသည်။

တာလီဘန်အဖွဲ့က အာဖဂန်လွှတ်တော်ခြံဝင်းအတွင်းသို့ ဒုံးကျည်သုံးစင်းဖြင့် ပစ်ခတ်တိုက်ခိုက်ကြောင်း၊ သို့သော် ဒုံးကျည်များမှာ လွှတ်တော်၏ အဓိက အဆောက်အအုံကိုထိမှန်ခြင်းမရှိခဲ့ကြောင်း ဘာဒါဘက်ရှမ်ပြည်နယ်မှ လွှတ်တော်အမတ် ဘာဖီဟူလာမူဆလင်က ပြောကြားသည်။ လွှတ်တော်အစည်းအဝေးကျင်းပနေစဉ်တွင် ယင်းဖြစ်ရပ်ဖြစ်ပွားခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။ မြို့တော်ကဘူးအနောက်ဘက်ရပ်ကွက်တစ်ခုရှိ လွှတ်တော်အဆောက်အအုံမှ မီတာအနည်းငယ်ကွာဝေးသော တောင်ထိပ်များပေါ်မှ တာဝေးပစ်ဒုံးကျည်သုံးစင်းကို တာလီဘန်များက ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အာဖဂန်လုံခြုံရေး အထက်တန်းအရာရှိတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

တာလီဘန်အဖွဲ့က အင်တာနက်အီးမေးလ်မှတစ်ဆင့် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ပါလီမန်အဆောက်အအုံကို ပစ်ခတ်ရန်ပြင်ဆင်နေပုံနှင့် ပါလီမန်အဆောက်အအုံမှ မီးခိုးများလွင့်ပျံ့လာပုံဓာတ်ပုံများကို ယင်းကြေညာချက်နှင့်အတူ ထုတ်ပြန်ခဲ့သည်။ **ရိုက်တာ။**

# အရှေ့တရုတ်ပင်လယ်အတွင်းရှိ ကျွန်း၌ ဂျပန်က ရေဒါစခန်းဖွင့်လှစ်

**တိုကျို မတ် ၂၈**

ဂျပန်နိုင်ငံသည် အရှေ့တရုတ်ပင်လယ်အတွင်း ကျွန်းတစ်ကျွန်းတွင် ရေဒါစခန်း ဖွင့်လှစ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်တိုင်ပေနှင့် နီးကပ်စွာတည်ရှိသော ကျွန်းစုဖြစ်သည့်အပြင် ဂျပန်နိုင်ငံကရော တရုတ်နိုင်ငံကပါ ပိုင်ဆိုင်သည်ဟု အငြင်းပွားလျက်ရှိသော ကျွန်းစုအနီးရှိကျွန်းတစ်ကျွန်းတွင် ဂျပန်နိုင်ငံက ရေဒါစခန်းဖွင့်လှစ်ခြင်းဖြစ်သည်။

အရှေ့တရုတ်ပင်လယ်အတွင်း ဂျပန်နိုင်ငံပိုင် ကျွန်းတန်းတစ်ခု၏ အနောက်ဘက်စွန်းရှိ ယိုနာဂူနီကျွန်း၌ ကာကွယ်ရေးတပ်ဖွဲ့၏ အခြေစိုက်စခန်းသစ်ကို ဖွင့်လှစ်ခဲ့သည်။ အိုကီနာဝါစီရင်စုရှိ ယင်းကျွန်းသည် တရုတ်တိုင်ပေ အရှေ့ဘက်ပင်လယ်ကမ်းရိုးတန်းမှ ၁၀၈ ကီလိုမီတာအကွာတွင် တည်ရှိသည်။ ပိုင်ဆိုင်မှုအငြင်းပွားနေသော ဂျပန်အခေါ် ဆန်ကာကူးကျွန်းစု၊ တရုတ်အခေါ်



ဒိုင်အိုယုကျွန်းစု၏ တောင်ဘက် ကီလိုမီတာ ၁၅၀ (၉၃မိုင်)အကွာတွင် ယိုနာဂူနီကျွန်း တည်ရှိသည်။

ဂျပန်နိုင်ငံက ရေဒါစခန်း ဖွင့်လှစ်ခြင်းသည် တရုတ်နိုင်ငံအတွက် စိတ်အနှောင့်အယှက်ဖြစ်နိုင်ကြောင်း နီဟွန်းတက္ကသိုလ်ပါမောက္ခနှင့် ဂျပန်တပ်ဖွဲ့၏ ဗိုလ်ချုပ်ဟောင်းဖြစ်သူ နိုဗိုမူ ယိုရှီတိုမိက ပြောကြားသည်။

ဂျပန်နိုင်ငံသည် ပိုင်နက်နယ်မြေအငြင်းပွားလျက်ရှိရာ ကျွန်းစုမှ မဝေးကွာသော ကျွန်းပေါ်တွင် ရေဒါစခန်း ဖွင့်လှစ်ခြင်းဖြင့် စစ်ထောက်လှမ်းရေးလုပ်ငန်းကို မြှင့်တင်နိုင်မည်ဖြစ်သည်။ **ရိုက်တာ။**

# အစ္စလာမ္မစ်အစွန်းရောက်များအပေါ် တန်ပြန်တိုက်ခိုက်မှု ပါကစ္စတန်နိုင်ငံပြုလုပ်ဖွယ်ရှိ

**အစ္စလာမ္မာဘတ် မတ် ၂၈**

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်းရှိ လာဟိုးမြို့တော်တွင် မတ် ၂၇ ရက် ညပိုင်းက ဖြစ်ပွားခဲ့သော လူပေါင်းများစွာ သေကျေခဲ့သည့် အသေခံတိုက်ခိုက်မှုမှာ ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း အခိုင်အမာဆိုထားသည့် အိုင်အက်စ်အဖွဲ့အပေါ် ပါကစ္စတန်နိုင်ငံက စစ်ဘက်စစ်ဆင်ရေးများ စတင်ပြုလုပ်ရန် မျှော်မှန်းထားသည်။

လာဟိုးမြို့တော်ရှိ ပန်းခြံတစ်ခြံအတွင်း ဗုံးပေါက်ကွဲမှုကြောင့် လူ ၇၀ ထက်မနည်းသေဆုံးပြီး လူ ၃၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ဒေသန္တရမီဒီယာများက ပြောကြားသည်။ ပါကစ္စတန်နိုင်ငံရှိ အကြီးမားဆုံးသောစစ်သွေးကြွအဖွဲ့အစည်း ပါကစ္စတန်တာလီဘန်အဖွဲ့နှင့် ဆက်နွယ်မှုရှိသော အုပ်စုတစ်စုက အဆိုပါ ဗုံးဖောက်ခွဲမှုမှာ ၎င်းတို့ လက်ချက်ဖြစ်သည်ဟု အခိုင်အမာပြောကြားထားသည်။ ပါကစ္စတန်တာလီဘန်အဖွဲ့က ပန်းခြံအတွင်း အီစတာပွဲတော်ကျင်းပနေသည့် လူနည်းစု ခရစ်ယာန်ဘာသာဝင်များအပေါ် ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်သည်ဟုလည်း ထင်ကြေးပေး ပြောဆိုနေကြသည်။

ဝန်ကြီးချုပ် နာဝပ်ရှရစ်(ဖ်)က အစိုးရ၏ တုံ့ပြန်မှုနှင့်ပတ်သက်၍ ဆွေးနွေးရန် ယနေ့ညနေပိုင်းတွင် အစိုးရအဖွဲ့ အရေးပေါ်အစည်းအဝေးတစ်ရပ် ဆင့်ခေါ်ထားသည်။ အစိုးရတပ်ဖွဲ့များက နိုင်ငံအနောက်မြောက်ပိုင်းဒေသ၌ ပါကစ္စတန်တာလီဘန်အဖွဲ့ကို စစ်ဘက်စစ်ဆင်ရေးများ ပြုလုပ်လျက်ရှိရာ ယခု တိုက်ခိုက်မှုမှာ အဆိုပါစစ်ဆင်ရေးများအတွက် လက်တုံ့ပြန်မှုဖြစ်ဖွယ်ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ။**

# ဩဂုတ် ၇ ရက် ထိုင်းလူထုဆန္ဒခံယူပွဲ၌ မဲပေးသူ ၈၀ ရာခိုင်နှုန်းအထိ ရှိမည်ဟုဆို

**ဗန်ကောက် မတ် ၂၈**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေးနှင့်ပတ်သက်၍ ဩဂုတ် ၇ ရက်တွင်ပြုလုပ်မည့် လူထုဆန္ဒခံယူပွဲ၌ မဲပေးခွင့်ရှိသူ ဦးရေ၏ ၈၀ ရာခိုင်နှုန်းအထိ မဲပေးမည်ဟု မျှော်လင့်ရကြောင်း ထိုင်းရွေးကောက်ပွဲကော်မရှင်က မတ် ၂၈ ရက်တွင် ပြောကြားသည်။

ထိုင်းနိုင်ငံ၌ လပေါင်းအတန်ကြာမျှ နိုင်ငံရေး မငြိမ်မသက်ဖြစ်ခဲ့ပြီး ၂၀၁၄ ခုနှစ် မေလက ဗိုလ်ချုပ်ကြီး ပရာယွတ် ချန်အိုချာက အာဏာသိမ်းခဲ့ပြီးနောက် ပထမဆုံးအကြိမ် လူထုဆန္ဒခံယူပွဲ ကျင်းပမည်ဖြစ်သည်။

ထိုင်းနိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေကို မူကြမ်းရေးဆွဲထားပြီး လူထုဆန္ဒခံယူပွဲဖြင့် မဲခွဲဆုံးဖြတ်မည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည် စစ်ဘက်၏ ဩဇာလွှမ်းမိုးမှုကို အလေးပေးထားပြီးနိုင်ငံရေး အငြင်းပွားမှုများကို ဖြေရှင်းနိုင်ဖွယ်မရှိကြောင်း အဓိကအတိုက်အခံများ အပါအဝင် အစိုးရအဖွဲ့အား ဝေဖန်သူများက ပြောကြားကြသည်။

မဲပေးပိုင်ခွင့်ရှိသူ ပြည်သူ ၅၁ သန်းခန့်ရှိကြောင်း၊ မဲပေးပိုင်ခွင့်ရှိသူ ဦးရေ၏ ၈၀ ရာခိုင်နှုန်းအထိ မဲပေးကြမည်ဟု မျှော်လင့်ကြောင်း ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဆွမ်ချိုင်း ဆရီဆူသီယာကွန်းက ပြောကြားသည်။

**ရိုက်တာ။**

# ဆီးရီးယားအစိုးရက ပါလ်မိုင်ရာမြို့ကို ပြန်လည်မွမ်းမံမှုများ မကြာမီလုပ်ဆောင်မည်

**ပါလ်မိုင်ရာ မတ် ၂၈**

ဆီးရီးယားအစိုးရက အိုင်အက်စ်စစ်သွေးကြွလက်မှ ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည့် ရှေးဟောင်းမြို့ ပါလ်မိုင်ရာကို ပြန်လည်ပြုပြင်မွမ်းမံမှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ဆီးရီးယားအစိုးရ၏ မတ် ၂၇ ရက်ကထုတ်ပြန်ခဲ့သော အစီရင်ခံစာတစ်ရပ်တွင် ပါလ်မိုင်ရာမြို့တွင် ခြေကုပ်ယူထားသော စစ်သွေးကြွများအား ချေမှုန်းတိုက်ခိုက်နိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် မြို့တော်ကို ပြန်လည်ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ပါရှိသည်။ ပါလ်မိုင်ရာမြို့တွင် ရောမခေတ်ကတည်ဆောက်ခဲ့သည့် ယူနက်စကို ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်အဖြစ် သတ်မှတ်ထားသောနေရာများ အပါအဝင် ရှေးဟောင်းလက်ရာအဆောက်အအုံအများအပြားလည်း ပျက်စီးလျက်ရှိကြောင်း ဆီးရီးယားနိုင်ငံပိုင်သတင်းဌာနက ဆိုသည်။

ဆီးရီးယားအစိုးရအနေဖြင့် အနည်းငယ်ပျက်စီးသော အဆောက်အအုံများကို ပြန်လည်မွမ်းမံမည်ဖြစ်ပြီး ပျက်စီးမှုများပြားသော အဆောက်အအုံများကို ပြန်လည်တည်ဆောက်မည်ဖြစ်ကြောင်း ရှေးဟောင်းပစ္စည်းများနှင့် ပြတိုက်များ ထိန်းသိမ်းစောင့်ရှောက်ရေးဌာန ညွှန်ကြားရေးမှူးချုပ် မာမွန်းအဘူဒူကာရမ်က ဆိုသည်။

မြို့ဟောင်း၏ အပျက်အစီး အခြေအနေများ အကဲခတ်ရန် ရှေးဟောင်းပစ္စည်းထိန်းသိမ်းရေး ကျွမ်းကျင်ပညာရှင်များကို ပါလ်မိုင်ရာမြို့သို့ ရက်အနည်းငယ်အတွင်း စေလွှတ်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။ ယူနက်စကို၏ ကူညီထောက်ပံ့မှုဖြင့် ယခုနှစ်ကုန်ပိုင်းအတွင်း ပြန်လည်ပြုပြင်မွမ်းမံရေးလုပ်ငန်းများ အပြီးသတ်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ပါလ်မိုင်ရာမြို့ကို ရောမခေတ်ကစတင်တည်ဆောက်ခဲ့ပြီး ပိုးလမ်းမတစ်လျှောက် ကုန်သွယ်ရေးအောင်မြင်ဖြစ်ထွန်းခဲ့သည်။ လွန်ခဲ့သည့် မေလကစပြီး အိုင်အက်စ်စစ်သွေးကြွအဖွဲ့က ပါလ်မိုင်ရာမြို့ကို သိမ်းပိုက်ခဲ့ပြီး ဘုရားကျောင်းများနှင့် သင်္ချိုင်းများအပါအဝင် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ။**



# ရွှေကြာပင်ကျောက်မျက်ရတနာအချောထည်ဈေး၌ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးဌာနနှင့် ကျောက်မျက်ရတနာသင်တန်းကျောင်း ဖွင့်လှစ်

**နေပြည်တော်   မတ်   ၂၈**

ကျောက်မျက်ရတနာရောင်းဝယ်ရေးဌာန (Gems Trading Centre)အဆောက်အအုံနှင့် ကျောက်မျက်ရတနာသင်တန်းကျောင်း (Gems Training Centre) အဆောက်အအုံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွှေကြာပင်ကျောက်မျက်ရတနာအချောထည် ဈေးအတွင်းရှိ အဆိုပါအဆောက်အအုံများ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်၊ ဦးဌေးအောင်၊ ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးရုံးမူနှင့် ဗဟိုအလုပ်အမှုဆောင်အသင်းဝင်များ တက်ရောက်ဖွင့်လှစ်ပေးကြပြီး အဆောက်အအုံများအတွင်းရှိ ကျောက်ဖြတ်စက်၊ ကျောက်သွေးစက်၊ ကျောက်စိမ်းပန်းပုနှင့် ကျောက်စိမ်းကျောက်မျက်ပန်းတိမ်သင်တန်းများပို့ချရန် စီစဉ်ထားရှိမှုနှင့် ကျောက်မျက်ရတနာရောင်းဝယ်ရေးဌာနအတွင်း ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။**(အောက်ပုံ)**

ယင်းအဆောက်အအုံများကို သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းက တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှထွက်ရှိသော ကျောက်မျက်ရတနာအရိုင်းများကို အချောထည်နှင့် လက်ဝတ်ရတနာများပြုလုပ်၍ ထုတ်လုပ်ရောင်းချနိုင်ရေး၊ ကျောက်စိမ်းကျောက်မျက်အချောထည်ဈေးကွက် ပေါ်ပေါက်လာစေရေးနှင့် ကျောက်မျက်ရတနာနှင့်ဆက်စပ်သော အတတ်ပညာရှင်များ လေ့ကျင့်မွေးထုတ်နိုင်ရေးအတွက် ရည်ရွယ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ ကျောက်မျက်ရတနာ ကုန်ကြမ်းပြည့်ဝစွာရှိပါတယ်။ ကုန်ချောလုပ်ငန်းတွေဖွံ့ဖြိုးဖို့ လိုအပ်နေတဲ့အတွက် ဒီသင်တန်းကျောင်းကို ဖွင့်လှစ်တာဖြစ်ပါတယ်။ ဒီကျောင်းမှာ ကျောက်စိမ်းအစစ်၊ အတုကို ဘယ်လိုခွဲခြားတယ်။ ကျောက်တွေရဲ့ အနေအထားဘယ်လိုရှိတယ်ဆိုတဲ့အပိုင်းတွေကို စာတွေ့နဲ့လက်တွေ့ သင်ကြားပေးမှာဖြစ်ပါတယ်။ လက်တွေ့အနေအထားမှာဆိုရင် ကျောက်ကို ဘယ်လိုဖြတ်သလဲ၊ ကျောက်ရဲ့အနေအထားအပေါ် မူတည်ပြီးတော့မှ ဘယ်လိုဖြတ်ရသလဲ၊ အရည်ကြောဆိုရင် ဘယ်လိုဖမ်းရတယ်၊ ဘယ်လိုသွေးရတယ်ဆိုတဲ့ အခန်းကဏ္ဍတွေကို သင်ကြားပေးသွားမှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးရုံးမူက ပြောသည်။

ကျောက်မျက်ရတနာ သင်တန်းကျောင်းတွင် သင်တန်းများ အမြန်ဆုံးဖွင့်လှစ်သင်ကြားနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အခြေခံပညာမူလတန်းမှစ၍ ပညာအရည်အချင်းအလိုက် သင့်တော်သည့် သင်တန်းများကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# ကျေးရွာချင်းဆက် မြေသားလမ်းဖွင့်

**မင်းတပ်   မတ်   ၂၈**

(၇၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် Power Seven ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် ချီချောင်းလမ်းခွဲမှ ကြာအိမ်နူးအထိ အရှည် ရှစ်မိုင်ရှိ မြေသားလမ်းသစ် ဖွင့်ပွဲကို မတ် ၂၇ ရက်က မင်းတပ်မြို့နယ် မဒပ်ကျေးရွာတွင် ကျင်းပသည်။

အဆိုပါလမ်းဖွင့်ပွဲတွင် ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတမ်အောင်၊ မင်းတပ်ခရိုင်ဦးစီးမှူး ဦးခိုင်ထွန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်မိုးနှင့် ရပ်မိရပ်ဖ ဦးနိုင်းတမ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါလမ်းမှာ ပူးကွန်းကျေးရွာ၊ မဒပ်ကျေးရွာ၊ မရမ်ကျေးရွာ၊ ထေပန်းကျေးရွာနှင့် ကြာအိမ်နူးကျေးရွာ စသည့် ကျေးရွာများမှ မင်းတပ်မြို့နှင့် အဓိကဆက်သွယ်ထားသော လမ်းဖြစ်သည့်အပြင် အခြားကျေးရွာများနှင့်လည်း ဆက်သွယ်ထားသည့် မြေသားလမ်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❑

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန် (၅)နှစ်တာကာလ ကဏ္ဍအလိုက် ဆောင်ရွက်ချက်များ ဓာတ်ပုံမှတ်တမ်းစာအုပ် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိ







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်၏(၅)နှစ်တာကာလအတွင်း ကဏ္ဍအလိုက်ဆောင်ရွက်ချက်များ ဓာတ်ပုံမှတ်တမ်းစာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် နိုင်ငံတော်သမ္မတ ကတိသစ္စာပြုခြင်း၊ အုပ်ချုပ်ရေးကဏ္ဍ၊ ဥပဒေပြုရေးကဏ္ဍ၊ နိုင်ငံရေးကဏ္ဍတွင် (က) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်ချက်များ၊ (ခ)နိုင်ငံတော်ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ၊ စီးပွားရေးကဏ္ဍတွင် (က) ရင်းနှီးမြှုပ်နှံမှုအပါအဝင် စီးပွားရေးကဏ္ဍ တိုးတက်စေရန်ဆောင်ရွက်ချက်များ၊ (ခ) အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ (ဂ) လူမှုစီးပွားဆောင်ရွက်ချက်များ၊ နိုင်ငံတကာဆက်ဆံရေးကဏ္ဍတွင် (က) နိုင်ငံတကာက အပ်နှင်းချီးမြှင့်ခဲ့သော ဘွဲ့ထူး၊ ဂုဏ်ထူးများ၊ (ခ) ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့သည့် ခရီးစဉ်များ၊ (ဂ) ပြည်ပနိုင်ငံများမှ လာရောက်တွေ့ဆုံမှုများ၊ အာဆီယံရေးရာ ဆောင်ရွက်မှုများကဏ္ဍတွင် (က) အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခြင်း၊ (ခ) အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ခြင်းတို့ပါရှိပြီး (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကိုလည်း ကဏ္ဍစုံမှ ဓာတ်ပုံမှတ်တမ်းများနှင့် ဖော်ပြထားသည်။

အဆိုပါစာအုပ်ကို ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှထုတ်ဝေပြီး တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀၀ ဖြင့် တ-၅၅၊ သပြေကုန်း၊ စာပေဗိမာန်အရောင်းဆိုင်(နေပြည်တော်) ဖုန်း-၀၆၇-၄၁၄၆၈၁၊ အမှတ်(၅၂၉-၅၃၁)ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်၊ စာပေဗိမာန်အရောင်းဆိုင်(ရန်ကုန်) ဖုန်း-၀၁-၂၄၉၀၃၁၊ (၈၆)လမ်း၊ (၂၁)လမ်းနှင့် (၂၂)လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက် စာပေဗိမာန်အရောင်းဆိုင်(မန္တလေး) ဖုန်း-၀၂-၃၀၁၈၆ တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

# ကျွန်တော်နှင့် ဘဏ္ဍာရေးပုံရိပ်လွှာ စာအုပ်ထွက်ရှိ




လှထွန်း(စကားဝါမြေ) ရေးသားသော "ကျွန်တော်နှင့် ဘဏ္ဍာရေးပုံရိပ်လွှာ"စာအုပ်ထွက်ရှိလာသည်။ ၎င်း၏ငယ်စဉ်ဘဝအတွေ့အကြုံနှင့် ဘဏ္ဍာရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ်က တွေ့ကြုံခဲ့ရသော ဘဏ္ဍာရေးနှင့်ငွေရေးကြေးရေးကဏ္ဍတို့၏စိန်ခေါ်မှုများ၊ စိတ်ကူးယဉ်အိပ်မက်ပင် မမက်ရဲသော ပြောင်းလဲမှုများကို အသေးစိတ်မှတ်တမ်းများ ထည့်သွင်းရေးသားဖော်ပြထားသော စာအုပ်ဖြစ်သည်။

နိုင်ငံတော်၏ ဖွံ့ဖြိုးရေးခရီးရှည်ကြီးအတွင်း မမေ့မပျောက်ကောင်းသော အစိတ်အပိုင်းများကို စာရေးသူ၏ ကိုယ်တိုင်တွေ့ကြုံခဲ့ရသော အတွေ့အကြုံများနှင့်အတူ လက်လှမ်းမီသလောက် ပြုစုရှာဖွေဖော်ပြထားသည့်အတွက် စာဖတ်ပရိသတ်များအနေဖြင့် မြန်မာနိုင်ငံ၏ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကဏ္ဍအတွင်း ပြောင်းလဲမှုအဆင့်ဆင့်ကို တစ်ထိုင်တည်း ဖတ်ရှုသိမြင်စေနိုင်မည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ထွန်းဖောင်ဒေးရှင်းဘဏ် စာပေကော်မတီက ပထမအကြိမ်အဖြစ် ထုတ်ဝေခြင်းဖြစ်ပြီး တန်ဖိုး ငွေကျပ် ၇၀၀၀ ဖြစ်သည်။

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

## နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။



ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် (၈)လမ်း(မြောက်)ရှိ စေတနာအခမဲ့ဆေးခန်း တစ်နှစ်ပြည့်အထိမ်းအမှတ်နှင့် (၇၁)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြု၍ စေတနာအခမဲ့ဆေးခန်းအား ကူညီပံ့ပိုးပေးကြသော ပရဟိတဆရာဝန်ကြီးများ၊ ကျန်းမာရေးဆရာမများ၊ ဝန်ထမ်းများ၊ ဆေးခန်းကော်မတီဝင်များ၊ အလှူရှင်များကို မတ် ၂၇ ရက်က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ရာ ဆေးခန်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းကြည်က ဆရာဝန်ကြီးဒေါက်တာဒေါ်စန်းစန်းရင်အား ဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။ **(ကြေးမုံ)**

# စတော့ရှယ်ယာတွေအကြောင်း ဆက်ပါရစေဦး

ခင်မောင်ညို(ဘောဂဗေဒ)

၁၉၉၀ ခုနှစ်လောက်တုန်းက မြန်မာနိုင်ငံမှာ ဈေးကွက်စီးပွားရေးစနစ်ကို စတင်ကျင့်သုံးတော့မယ် ဆိုတဲ့အခါ ထင်ရှားတဲ့ စာရေးဆရာကြီးတစ်ဦးက ဈေးကွက်စီးပွားရေးစနစ်ရဲ့ အားနည်းချက်တွေကို စတင်လေ့လာနေပြီလို့ပြောဖူးတာ မှတ်မိတယ်။ စတော့ရှယ်ယာဈေးကွက်ကို မြန်မာနိုင်ငံမှာ စတင်ဖွင့်လှစ်ဖို့ ပြင်ဆင်တဲ့ ၁၉၉၆ ခုနှစ်လောက်ကတည်းက လေ့လာခဲ့ပြီး အခုအခါမှာတော့ အားနည်းချက်တွေကို ပိုပြီးသတိထားလေ့လာမိ၊ ပြောမိ၊ ဟောမိ၊ ရေးသားမိပါတယ်။ မိတ်ဆွေတစ်ယောက်ကတောင် စတော့ရှယ်ယာဈေးကွက်ရဲ့ မကောင်းကြောင်းတွေ သိပ်မပြောပါနဲ့၊ မရေးပါနဲ့လို့ သတိပေးပါတယ်။ တကယ်လည်း မရေးချင်ပါ။ စတော့ရှယ်ယာဈေးကွက်ကို တာဝန်ရှိသူတွေက တည်ထောင်ဖို့ ကြိုးပမ်းနေချိန်မှာ ကိုယ်က မလိုတမာရေးတာမျိုးဖြစ်မှာ စိုးပါတယ်။ ဒါပေမယ့်လည်း တွေ့ကြုံနေရတာတွေက စတော့ရှယ်ယာဈေးကွက်ရဲ့ အားနည်းချက်တွေကို ပြည်သူတွေ၊ အထူးသဖြင့် ရင်းနှီးမြှုပ်နှံချင်တဲ့သူတွေ သိထားဖို့ လိုအပ်မယ်လို့ ပိုပြီးသဘောပေါက်လာခဲ့ပါတယ်။ ဒီနေ့ပဲ မိတ်ဆွေတစ်ယောက်က သိန်းထောင်ချီပြီး ရှယ်ယာတွေ ဝယ်ချင်တယ်ဆိုတာနဲ့ မဖြစ်သေးဘူး၊ မြန်မြန်ရေးဦးမှ ဖြစ်မယ်လို့ သဘောပေါက်လာခဲ့ပါတယ်။ ဟောပြောပွဲတွေမှာ လူငယ်တွေနဲ့ တွေ့ကြတဲ့အခါ သူတို့က ရှယ်ယာကစားချင်တယ်ဆိုလို့ ကစားရလောက်အောင် သိနေ၊ တတ်နေကြပြီလားလို့ မကြာမကြာ ပြန်မေးခဲ့ရပါတယ်။

အခုရက်ပိုင်းမှာ ရန်ကုန်စတော့ဒိုင် (YSX)မှာ အများပိုင်ကုမ္ပဏီတစ်ခုရဲ့ ရှယ်ယာတွေကို ဒိုင်က တစ်ဆင့် အရောင်းအဝယ်စတင်ဖို့ စီစဉ်တယ်။ ဒိုင်က တစ်ဆင့်လို့ပြောရတာက အရင်က သူ့ဘာသာသူ ရောင်းနေခဲ့လို့ပါ။ ပြီးတော့ အခုလို ရောင်းဝယ်တယ်ဆိုတာ ရှယ်ယာအသစ်တွေ ထုတ်ရောင်းတာ မဟုတ်ဘူးဆိုတော့ ရှယ်ယာအသစ်ဝယ်ခွင့် မရနိုင်ဘူး။ ရှယ်ယာအဟောင်းကိုင်ထားတဲ့သူတွေကလည်း ထုတ်ရောင်းချင်မှ ရောင်းမှာဆိုတော့ စတင်ရောင်းဝယ်ခွင့်ပြုပေမယ့် တကယ်တမ်းက ရောင်းတဲ့သူရှိမှ၊ ဝယ်တဲ့သူလည်းရှိမှ အရောင်းအဝယ်ဖြစ်မယ့် သဘောပါ။ ဒါပေမယ့် သတင်းတွေမှာတော့ စတင်ရောင်းချတော့မယ်လို့ ခေါ်ဝေါ်သုံးနှုန်းတာတွေ့ရပြီး တကယ့်အခြေအနေကို နားမလည်ကြတာ တွေ့ရတယ်။ ရှယ်ယာရောင်းဝယ်ရာမှာ ကြားခံအကျိုးဆောင်လုပ်ငန်းတွေကတစ်ဆင့် ဆောင်ရွက်ရမှာဖြစ်ပြီး ငွေထုပ်ကိုင် အရောင်းအဝယ်လုပ်ရမှာ မဟုတ်ဘူးဆိုတာကိုလည်း သဘောပေါက်သူ နည်းနေပါသေးတယ်။ သတင်းအချက်အလက်နဲ့ ပညာပေးရေးတာဝန်တွေကို ထမ်းဆောင်ရမယ့် စာနယ်ဇင်းတွေမှာက သီးသန့်ဘာသာရပ် ကျွမ်းကျင်သူ မရှိပါ။ တလောက မြန်မာနိုင်ငံအကြောင်း စာအုပ်တစ်အုပ်ရေးတဲ့ နိုင်ငံခြားသတင်းထောက်၊ အယ်ဒီတာတစ်ယောက်နဲ့ တွေ့တော့ သူကပါရဂူဘွဲ့ရထားတဲ့သူဖြစ်နေတာ တွေ့ရပါတယ်။

စတော့ရှယ်ယာဈေးတွေဟာ အတက်မြန်တတ်သလို အကျလည်း ကြမ်းတတ်ပါတယ်။ ဒါကြောင့် အကျိုးအမြတ်ရနိုင်တာ တစ်ခုတည်းသာမက ဆုံးရှုံးနိုင်ခြေကိုပါ ထည့်တွက်ထားဖို့လိုပြီး ကိုယ်နိုင်သလောက်သာ ရင်းနှီးမြှုပ်နှံ (ဝယ်ယူ)ဖို့ ပညာရှင်တွေက သတိပေးကြပါတယ်။ ရှယ်ယာတွေဟာ ဈေးနှုန်းတက်မယ်ဆိုရင် တဖြည်းဖြည်းချင်း တစောင်းတက်သွားတဲ့ Escalator (ဓာတ်လှေကား) နဲ့ တူပြီး ကျတော့မယ်ဆိုရင် တည့်ဆင်းလာတဲ့ Elevator ဓာတ်လှေကားနဲ့ တူတယ်လို့လည်း ဆိုပါတယ်။ ကျွန်တော်တို့ဆီမှာတော့ ဓာတ်လှေကား ကြိုးပြတ်ကျတာမျိုးပါ တွေ့ဖူးပါတယ်။

စတော့ရှယ်ယာဈေးကွက်ရဲ့ အခြေခံသဘောလေးတွေကိုလည်း သိထားရင် ကောင်းပါတယ်။ တကယ်တော့ ဈေးနှုန်းဆိုတာ ဝယ်မယ့်သူ၊ ရောင်းမယ့်သူတွေအပေါ်မှာ မူတည်ပါတယ်။ ဝယ်သူရှိမှ၊ ရောင်းသူရှိမှ ဈေးနှုန်းကို သတ်မှတ်လို့ ရပါတယ်။ ဝယ်မယ့်သူမရှိရင် ရောင်းလို့ မရပါဘူး။ တန်ဖိုးဆိုတာကတော့ အခြေခံဘယ်လောက်ခိုင်မာမှုရှိသလဲဆိုတဲ့အပေါ် မူတည်ပါတယ်။ ဈေးနှုန်းတွေက တန်ဖိုးနဲ့ အမြဲတမ်းဆက်စပ်မှု မရှိပါဘူး။ ဈေးတွေတက်နေတဲ့ အချိန်မျိုးဆို လူတွေက ဈေးနှုန်းနောက်ပဲ လိုက်တတ်ကြပြီး တကယ့်တန်ဖိုးကို သတိမရတတ်ကြပါဘူး။ ပြီးတော့ နိုင်ငံစီးပွားရေးနဲ့ စတော့ရှယ်ယာဈေးကွက်ကလည်း တစ်ပြိုင်နက် တက်တာ၊ ကျတာမျိုး အမြဲမဖြစ်ပါဘူး။ တန်ဖိုးဆိုတာက ကြည့်တဲ့သူရဲ့ အပေါ်မှာလည်း မူတည်ပါတယ်။

ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ကြတဲ့အခါ အနာဂတ်ဆိုတာ ဘယ်သူမှ ကြိုသိနိုင်တာမဟုတ်လို့ ထင်ထားကြ၊ ပြောထားကြသလို အကျိုးအမြတ်တွေ ပြန်ရစေရမယ်လို့ ဘယ်သူကမှ အာမ မခံနိုင်ဘူး။ ကိုယ့်အရင်းပါ လုံးဝဆုံးရှုံးသွားတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ ကိုယ်က ရေတိုကစားချင်တာလား။ ဝယ်လိုက်၊ ရောင်းလိုက် မကြာခဏလုပ်ရင် ပွဲစားတော့ အကျိုးရှိမှာပါ။ ရေရှည်မြှုပ်နှံချင်တာလား။ ရင်းနှီးမြှုပ်နှံတယ်ဆိုတာမျိုးက တစ်ခါလုပ်ရုံနဲ့ ပြီးသွားတာမျိုးမဟုတ်ဘဲ စဉ်ဆက်မပြတ်လုပ်ရတဲ့ လုပ်ငန်းမျိုးပါ။

လွယ်လွယ်ပြောရရင် သေချာတဲ့ ရှယ်ယာကို ဈေးမှန်နဲ့ အချိန်ကောင်းမှာဝယ်၊ ပေးရတာထက် ဈေးရရင် အထူးသဖြင့် ဈေးကြီးလွန်းတယ်လို့ ဖြစ်နေပြီး ဝုန်းကနဲ ထိုးမကျမီထုတ်ရောင်းလို့ ပြောလေ့ရှိပါတယ်။ လက်တွေ့မှာတော့ ဒီလောက် မလွယ်လှပါဘူး။ တချို့ကိစ္စတွေဟာ ကြိုတင်ခန့်မှန်းလို့ ရတာမျိုးတွေဖြစ်ပေမယ့် ရှယ်ယာဈေးနှုန်းတွေဟာ ဒီထက်စောပြီး တက်တတ်၊ ကျတတ်ကြပါတယ်။ ဈေးကျတာ အောက်နားရောက်ရင်ဝယ်၊ အတက်ရပ်ကာနီးရင် ထုတ်ရောင်း။ လူတကာဝယ်ချင်တဲ့ ရှယ်ယာမျိုးကို လူတကာထက်စောပြီး ကြိုဝယ်လို့လည်း အကြံပြုကြပါတယ်။

ကိုယ်ကဘာမျှမသိ၊ ဘာသတင်းအချက်အလက်မှ မရရှိဘဲ ရင်းနှီးမြှုပ်နှံတာမျိုး မလုပ်သင့်သလို ကိုယ့်အမှားတွေကလည်း သင်ခန်းစာ ယူနိုင်ပါတယ်။ စိတ်ရှည်ဖို့လည်းလိုပါတယ်။ အများနဲ့တစ်ယောက် ဖြစ်နေပေမယ့် တစ်ယောက်က မှားတယ်လို့ မဆိုနိုင်ပါဘူး။ ကောလာဟလတွေကို ယုံကြည်ပြီး ဝယ်တာမျိုးလည်းမဖြစ်သင့်ပါဘူး။

ရှယ်ယာတွေကို ရွေးချယ်ဝယ်ယူတဲ့အခါ စီမံခန့်ခွဲသူတွေက ဂရုတစိုက်အလုပ်လုပ်သလား၊ ဝင်ငွေတိုးမယ့် အလားအလာကောင်းသလား၊ အမြတ်ကောင်းကောင်းရသလား၊ အကြွေးနည်းသလား၊ အလားတူ လုပ်ငန်းတွေထဲမှာ ရှေ့ရောက်နေသလား၊ အခြားလုပ်ငန်းတွေထက် နှာတစ်ဖျားသာတာ ဘာရှိသလဲ၊ တန်ဖိုးသင့်ရဲ့လားဆိုတဲ့ အချက်တွေကို ကြည့်တတ်ဖို့ လိုပါတယ်။ ရှိသမျှ အရင်းအနှီးတွေအားလုံးကို ပုံအောပြီး မြှုပ်နှံထားဖို့မသင့်ပါဘူး။ ကမ္ဘာ့ဈေးကွက်နဲ့ အာရှဈေးကွက်တွေကို ယှဉ်ကြည့်ရင် အာရှဈေးကွက်တွေက ဦးမဆောင်နိုင်ဘဲ နောက်လိုက်နေရာ ရောက်နေတာ များပါတယ်။

ကမ္ဘာ့သမိုင်းမှာ အများပိုင်ကုမ္ပဏီဖြစ်ပေမယ့် ဝင်ငွေကို လိမ်ပြတာ၊ တန်ဖိုးလျှော့မယ့်ကာလကို တိုးပြတာ၊ ကြွေးတွေကို လက်ကျန်ရှင်းတမ်းထဲမှာ မဖော်ပြဘဲထားတာ၊ ပိုင်ဆိုင်မှုတွေတန်ဖိုးကို ချဲ့ကားပြတာ၊ ဝင်ငွေတွေ ပိုပြတာ၊ စရိတ်တွေ လျှော့ပြတာ၊ အများပိုင်ငွေတွေကို နည်းအမျိုးမျိုးနဲ့ အပြင်ထုတ်တာ၊ စာရင်းလိမ်တာ၊ ရှယ်ယာဈေးတွေကစားပြ၊ လိမ်ပြတာ၊ အကျိုးအမြတ်မရှိဘဲ ဝေစုခွဲပေးတာ (ကိုယ့်ငွေ ဒါမှမဟုတ် နောက်မှ ဝင်လာတဲ့သူတွေရဲ့ ငွေနဲ့ပြန်ပေးတာ)တွေလည်း ကြုံခဲ့ကြဖူးပါတယ်။ ယုတ်စွအဆုံး စာစောင်တွေက အကြီးအကျယ် ကောင်းချီးထောပနာပေးတဲ့ လုပ်ငန်းတွေတောင်မှ မသမာမှုတွေလုပ်တာတွေ တွေ့ရပါတယ်။ ပြောနေကျစကားနဲ့ နိဂုံးချုပ်ရမယ်ဆိုရင် နားမလည်တဲ့အလုပ်ကို မလုပ်ပါနဲ့။ လောဘကြီးရင် အလိမ်အညာ၊ အဆုံးအရှုံး များတတ်ပါတယ်။ ။

ရှယ်ယာတွေကို ရွေးချယ်ဝယ်ယူတဲ့အခါ စီမံခန့်ခွဲသူတွေက ဂရုတစိုက်အလုပ်လုပ်သလား၊ ဝင်ငွေတိုးမယ့် အလားအလာကောင်းသလား၊ အမြတ်ကောင်းကောင်းရသလား၊ အကြွေးနည်းသလား၊ အလားတူ လုပ်ငန်းတွေထဲမှာ ရှေ့ရောက်နေသလား၊ အခြားလုပ်ငန်းတွေထက် နှာတစ်ဖျားသာတာ ဘာရှိသလဲ၊ တန်ဖိုးသင့်ရဲ့လားဆိုတဲ့အချက်တွေကို ကြည့်တတ်ဖို့လိုပါတယ်။

## ဖျာပုံတံတားကြီးလမ်းမီးများ မှောင်အတိကျနေ မီးလင်းရေးဆောင်ရွက်ပေးရန် ပြည်သူများလိုလား

**ဖျာပုံ မတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံတံတားကြီးကို နိုင်ငံတော်အစိုးရမှ တည်ဆောက်ပေးစဉ်ကာလက မီးများ ထိန်ထိန်လင်းနေခဲ့သော်လည်း အချိန်ကာလ ကြာမြင့်လာသည်နှင့် အမျှ တံတားကြီး၏ခြေဆင်းမီးများနှင့် အခြားမီးများ မကြာခဏမှောင်အတိကျနေသည်ကို တွေ့မြင်နေရသည်။

ယခုအခါ ဖျာပုံတံတားကြီး၏ ဖျာပုံဘက်ခြမ်း ခြေဆင်းလမ်းမီးတိုင် ခုနစ်တိုင်တွင် ငါးတိုင်မီးလင်းပြီး ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာဘက်ခြမ်းရှိ တံတားကြီး၏ ရှေ့ဘက်ခြေဆင်းတွင် လမ်းမီးတိုင်ခုနစ်တိုင်ရှိ မီးလုံးများ လုံးဝမီးလင်းနိုင်ခြင်း မရှိကြောင်း တွေ့မြင်နေရသည်။ ထို့ကြောင့် အမှောင်ထုလွှမ်းမိုးနေသဖြင့် ယာဉ်တိုက်မှုများနှင့် လူသွားလမ်းပေါ်တွင် အရက်သေစာသောက်စား မူးယစ်ရမ်းကားမှုများကြောင့် ခရီးသွားပြည်သူများအခက်တွေ့နေရကြောင်း သိရသည်။

"ကျွန်တော်တို့ ဖျာပုံမြို့ရဲ့ဂုဏ်ဆောင် ဖျာပုံတံတားကြီးက နေ့နေ့ညည မြို့နေပြည်သူတွေ၊ ကျောင်းသားကျောင်းသူတွေနဲ့ အနယ်နယ်အရပ်ရပ်က ခရီးသွားပြည်သူတွေ လူမှုစီးပွားရေးအတွက် မရှိမဖြစ်နေ့စဉ် အသုံးပြုနေကြတာပါ။ တံတားကြီးက လမ်းမီးတွေလင်းရင် ခဏပဲမီးလင်းတာပါ။ နှစ်စဉ် သုံးလ၊ လေးလခန့်ပဲ မီးလင်းပြီးကျန်လတွေမှာ မှောင်နဲ့မည်းမည်းမြင်နေရတာ အချိန်ကာလ အတော်ကြာနေပါပြီ။ ဒီလိုဖြစ်နေတာကို သက်ဆိုင်ရာတာဝန်ရှိသူတွေက ပွင့်လင်းမြင်သာစွာ အမြန်ပြုပြင်ပေးဖို့ လိုအပ်နေပါတယ်"ဟု မြို့နေပြည်သူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံအတွင်းရှိ မြစ်ကူးတံတားကြီးများတွင် လမ်းမီးများ၊ အချက်ပြမီးများဖြင့် ထိန်ထိန်သာလျက် ဘေးအန္တရာယ်ကင်းရှင်းစွာ ခရီးသွားပြည်သူများ အသုံးပြုလျက်ရှိရာ ဖျာပုံတံတားကြီးမှာ မကြာခဏ လမ်းမီးများ၊ ဘိုးပိုင်အချက်ပြမီးများ မီးလင်းနိုင်ခြင်းမရှိသည်မှာ မြင်တွေ့နေရသည်။ ထိုကဲ့သို့ ဖြစ်ပေါ်နေသည်မှာလည်း ယခုနှစ်အတွင်း အချိန်ကာလ အတန်ကြာသည်ဖြစ်၍ သက်ဆိုင်ရာ တာဝန်ရှိဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ ပူးပေါင်းဆောင်ရွက်၍ တံတားကြီး၏ သက်ဆိုင်ရာမီးများ အမြန်ဆုံးပြန်လည်ပြုပြင်၍ မီးလင်းစေရန် ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(ဖျာပုံ)**





## ပအိုဝ်းအမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ

**မန္တလေး မတ် ၂၈**

ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုကော်မတီ(မန္တလေး)မှ ကြီးမှူး၍(၆၇)ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၁၁ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်(၈၂)လမ်းနှင့် (၈၃)လမ်း၊ လမ်း(၃၀)ရှိ ဖူကျင်ကွမ်းရင် တရုတ်ဗုဒ္ဓဘာသာဘုရာကျောင်းတွင် ကျင်းပရာ မန္တလေးမြို့ရှိ တိုင်းရင်းသားလူမှုရေးအသင်းအဖွဲ့များ၊ တက္ကသိုလ်များမှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ မန္တလေးမြို့ရှိ ပအိုဝ်းတိုင်းရင်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် (၆၇)ကြိမ်မြောက် ပအိုဝ်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌနှင့် တိုင်းရင်းသားလူမှုရေးအသင်းများမှ တာဝန်ရှိသူများက ပရိယတ္တိစာပေထူးချွန်ပအိုဝ်းသံဃာတော်များနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအားဆုများချီးမြှင့်သည်။ ထို့နောက် ပအိုဝ်းရိုးရာအက အလှများ၊ ပြည်ထောင်စုတိုင်းရင်းသားအကအလှများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေကြသည်။ ပအိုဝ်းလူမျိုးများသည် ဘာသာတရားကိုင်းရှိုင်းသူများဖြစ်ပြီး ကိုယ်ပိုင်စာပေ၊ ယဉ်ကျေးမှုနှင့် ထုံးတမ်းအစဉ်အလာများ၊ ဂီတအနုပညာများဖြင့် ရပ်တည်ခဲ့ကြသူများဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## လွှတ်တော်ရေးရာ

❐ **ရှေ့ဖုံးမှ**

ဦးစိုးရယ်၊ ဦးထွန်းခင်နှင့် ဦးလှတင့် စုစုပေါင်း ၅ ဦးဖြင့် ဖွဲ့စည်းခြင်းကို လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခံထားရသူက တင်ပြထားသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များ၏ အမည်စာရင်းကို ၂၀၀၈ ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃၃ ပါ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံခြင်း မရှိကြောင်းကို မတ်လ ၂၅ ရက် နောက်ဆုံးထားကန့်ကွက်နိုင်ကြောင်း ကြေညာခဲ့ရာ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးထွန်းလင်းဦးက ခုံရုံးအဖွဲ့ဝင် ၉ ဦးအနက် ဒေါ်ခင်ဌေးကြွယ်နှင့် ဦးတွာလ်ကျင်ပေါင်တို့ကို ခန့်အပ်တာဝန်ပေးရန် လျာထားမှုအပေါ် ကန့်ကွက်ကြောင်း အဆိုတင်သွင်းထားကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ၉ ဦးအနက် ဒေါ်ခင်ဌေးကြွယ်နှင့် ဦးတွာလ်ကျင်ပေါင်တို့ကို ခန့်အပ်တာဝန်ပေးရန် လျာထားမှုအပေါ် ကန့်ကွက်ကြောင်းအဆိုကို တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ထွန်းလင်းဦးက ဖတ်ကြားတင်သွင်းသည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၃ (ဃ)(၄) တွင် **ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ပညာရှင်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူ**ဟူသည့် အချက်တစ်ချက် ပါဝင်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ထင်ပေါ်ကျော်ကြားသူအဖြစ် ယူဆသည့်အတွက် ခုံရုံးအဖွဲ့ဝင်များကို ရွေးချယ်ပါကြောင်း၊ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၈ တွင် **နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်၏ အရည်အချင်းနှင့် မပြည့်စုံကြောင်း အထင်အရှား မပြနိုင်ပါက ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက စုစည်းအမည်စာရင်းတင်သွင်းသည့် ပုဂ္ဂိုလ်များအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ**ဟု ပြဋ္ဌာန်းထားပါကြောင်း၊ အဆိုတင်သွင်းသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၃(ဃ)(၄)သည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့မှ ရွေးချယ်တင်မြှောက်သူများနှင့် မသက်ဆိုင်ကြောင်းကို ပြောကြားခဲ့ပါကြောင်း၊ သို့ရာတွင် ယခုခုံရုံးအဖွဲ့ဝင် ၉ ဦးကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခံထားရသူက တင်သွင်းရခြင်းဖြစ်ပြီး လွှတ်တော်ဥက္ကဋ္ဌနှစ်ဦးမှ ရွေးချယ်ပေးရခြင်း ဖြစ်ပါကြောင်း။

လွှတ်တော်ဥက္ကဋ္ဌများမှ ရွေးချယ်ပေးသူများကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ် တင်မြှောက်ခံထားရသူက အတည်ပြုစုစည်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၃ (ဃ)(၄)သည် ခုံရုံးအဖွဲ့ဝင်များအဖြစ် ရွေးချယ်ထားသူ ၉ ဦး စလုံးနှင့် သက်ဆိုင်ပါကြောင်း၊ ထို့ကြောင့် ကန့်ကွက်ချက်သည် ခိုင်မာမှုမရှိပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၀၊ ၂၇(ခ)ပါ ကြေညာချက်အရ **ကန့်ကွက်လိုသော လွှတ်တော် ကိုယ်စားလှယ်သည် ကန့်ကွက်ကြောင်းအဆိုကို နာယကထံ တင်သွင်းရမည်။ ယင်းအဆိုနှင့်အတူ မိမိကန့်ကွက်လိုသော ပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း ခိုင်လုံသော သက်သေအထောက်အထား ပူးတွဲတင်ပြရမည်**ဟု ဖော်ပြထားပါကြောင်း၊ ယခုအဆိုတွင် ခိုင်လုံသော သက်သေအထောက်အထား တင်ပြထားခြင်း မရှိပါကြောင်း၊ ထို့ကြောင့် အဆိုကို နာယကအနေဖြင့် ပယ်ဖျက်နိုင်သော်လည်း အဆိုရှင်၏ တင်ပြချက်ပါ ပွင့်လင်းမြင်သာမှုရှိအောင် မဲခွဲဆုံးဖြတ်ရန် ရည်ရွယ်ထားပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးထွန်းလင်းဦး၏ ခုံရုံးအဖွဲ့ဝင် ၉ ဦးအနက်မှ ဒေါ်ခင်ဌေးကြွယ်အား ကန့်ကွက်ကြောင်း အဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၌ မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၁၉၅ မဲ၊ ကန့်ကွက်မဲ ၄၃၅ မဲ၊ ကြားနေမဲ ၄ မဲ ရရှိပြီး ကန့်ကွက်မဲများသည့်အတွက် အဆိုကို လက်ခံဆွေးနွေးရန်မသင့်ကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် ဦးတွာလ်ကျင်ပေါင်အား ကန့်ကွက်ကြောင်းအဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၁၉၆ မဲ၊ ကန့်ကွက်မဲ ၄၃၂ မဲ၊ ကြားနေမဲ ၅ မဲရရှိပြီး ကန့်ကွက်မဲများသည့်အတွက် အဆိုကို လက်ခံဆွေးနွေးရန်မသင့်ကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်ပြထားသည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ် ဦးမျိုးညွန့်၊ အဖွဲ့ဝင်များအဖြစ် ဦးညီညီ၊ ဦးမြင့်ဝင်း၊ ဦးမျိုးမြင့်၊ ဦးခင်မောင်ချို၊ ဒေါ်ခင်ဌေးကြွယ်၊ ဦးတွာလ်ကျင်ပေါင်၊ ဒေါ်လှမျိုးနွယ်နှင့် ဦးကျော်ဆန်း စုစုပေါင်း ၉ ဦးဖြင့် ဖွဲ့စည်းခြင်းကို လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

### နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုတင်သွင်းပြီး ပြည်ထောင်စုလွှတ်တော်က သဘောတူခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အမည်စာရင်း

| စဉ် | အမည် | တာဝန် |
|---|---|---|
| ၁။ | ဦးလှသိန်း | ဥက္ကဋ္ဌ |
| ၂။ | ဦးအောင်မြင့် | အဖွဲ့ဝင် |
| ၃။ | ဦးစိုးရယ် | ။ |
| ၄။ | ဦးထွန်းခင် | ။ |
| ၅။ | ဦးလှတင့် | ။ |

### နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုတင်သွင်းပြီး ပြည်ထောင်စုလွှတ်တော်က သဘောတူခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အမည်စာရင်း

| စဉ် | အမည် | တာဝန် |
|---|---|---|
| ၁။ | ဦးမျိုးညွန့် | ဥက္ကဋ္ဌ |
| ၂။ | ဦးညီညီ | အဖွဲ့ဝင် |
| ၃။ | ဦးမြင့်ဝင်း | ။ |
| ၄။ | ဦးမျိုးမြင့် | ။ |
| ၅။ | ဦးခင်မောင်ချို | ။ |
| ၆။ | ဒေါ်ခင်ဌေးကြွယ် | ။ |
| ၇။ | ဦးတွာလ်ကျင်ပေါင် | ။ |
| ၈။ | ဒေါ်လှမျိုးနွယ် | ။ |
| ၉။ | ဦးကျော်ဆန်း | ။ |

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၅ရက်မြောက်နေ့ကို မတ် ၃၀ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ



**ရန်ကုန်　　မတ်　　၂၈**

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ကို မတ် ၂၈ ရက် နံနက် ၁၀ နာရီက ဒဂုံမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်ဦးရေ ၁၂၃ ဦးရှိသည့်အနက် ၁၂၀ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေးမတက်ရောက်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားခြင်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူကာ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို ကြေညာခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူကာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မဲဆန္ဒနယ် (၂)မှ ဦးဖြိုးမင်းသိန်းအား အတည်ပြုခန့်အပ် တာဝန်ပေးပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

အစည်းအဝေးအပြီးတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် တာဝန်ပေးခန့်အပ်ခြင်းခံရသော ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မိဘပြည်သူများအတွက် နှုတ်ခွန်းဆက်စကားပြောကြားရာတွင် "ဒီတိုင်းဒေသကြီးအတွက် ဒီတိုင်းဒေသကြီး လွှတ်တော်ကနေပြီးတော့ ကျွန်တော့်ကို ဝန်ကြီးချုပ်တာဝန်ပေးအပ်လိုက်တဲ့အပေါ်မှာ ဒီတိုင်းဒေသကြီးရဲ့ ဒီမိုကရေစီနိုင်ငံထူထောင်နိုင်ဖို့ ပြုပြင်ပြောင်းလဲမှုတွေဖြစ်ပေါ်နိုင်ဖို့ အခက်အခဲတွေ အများကြီးရှိတယ်။ စိန်ခေါ်မှုတွေအများကြီးရှိတယ်။ ဒီပြဿနာတွေအားလုံးကို ပြေလည်အောင် ဖြေရှင်းနိုင်ဖို့ ကျွန်တော်ကြိုးစားဆောင်ရွက်သွားပါ့မယ်"ဟု ပြောကြားသည်။

**(စောသိန်းဝင်း)**

ooo

# ဒုတိယအကြိမ် တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်အစည်းအဝေးများ ကျင်းပ

**နေပြည်တော်　　မတ်　　၂၈**

### တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်

ဒုတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး(ဒုတိယနေ့)ကို တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက သရက်ချောင်းမဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာလဲ့လဲ့မော်အား တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်နိုင်ရန် အဆိုပြုချက်အား တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်ရန်မရှိသဖြင့် ဒေါက်တာလဲ့လဲ့မော်အား တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်ရန် တိုင်းဒေသကြီးလွှတ်တော်က သဘောတူဆုံးဖြတ်ခဲ့သည်။

### ကယားပြည်နယ်လွှတ်တော်

ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ယနေ့နံနက်ပိုင်းက ပြည်နယ်လွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မယ်စဲ့မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအယ်လ်ဖောင်ရှိုအား ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် အဆိုပြုချက်အား ပြည်နယ်လွှတ်တော်သို့တင်ပြ၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးနိုင်ရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်ရန် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ အဖွဲ့ဝင်များအဖြစ် လွိုင်ကော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးတင်မြင့်အား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဘောလခဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုးရယ်အား အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ရှားတောမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးတီရယ်အား အတွင်းရေးမှူးအဖြစ်လည်းကောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အမည်စာရင်းတင်သွင်းခဲ့သည်။

### ချင်းပြည်နယ်လွှတ်တော်

ဒုတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းက ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် နိုင်ငံတော်သမ္မတက ပေးပို့ထားသည့် ဖလမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဆလိုင်းလျန်လွှယ်၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ သဘောထားရယူရန် အဆိုပြုတင်သွင်းခဲ့သည်။

### မန္တလေးတိုင်းဒေသကြီးလွှတ်တော်

ဒုတိယအကြိမ်မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)ကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးလွှတ်တော်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် အမရပူရမဲဆန္ဒနယ် အမှတ်(၁) မှ ဒေါက်တာဇော်မြင့်မောင်အား ခန့်အပ်နိုင်ရေးအတွက် လွှတ်တော်ဥက္ကဋ္ဌက တင်ပြသည်။

ထို့နောက် လုံခြုံရေး၊ စီမံခန့်ခွဲရေးနှင့် စည်ပင်သာယာရေးကော်မတီ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ကော်မတီ၊ သာသနာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ စသည့်ကော်မတီများကို အတည်ပြုဖွဲ့စည်းပြီး စက်မှုစွမ်းအင်နှင့် လျှပ်စစ်ရေးရာကော်မတီ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးကော်မတီ စသည့် ကော်မတီများကို ဖွဲ့စည်းရန်လျာထားကြောင်း ရှင်းလင်းပြောကြားခြင်းတို့ ဆောင်ရွက်သည်။

### ရခိုင်ပြည်နယ်လွှတ်တော်

ဒုတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပဉ္စမနေ့)ကို ယနေ့နံနက်ပိုင်းက ပြည်နယ်လွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ရာထူးအတွက် ဂွမဲဆန္ဒနယ် အမှတ်(၂)မှ ဦးညီပုအား အဆိုပြုလာခြင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ ကြေညာပြီး ကန့်ကွက်လိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ဖွဲ့စည်းရန်လျာထားသည့် (၁)လယ်ယာ၊ သားငါး၊ သစ်တောနှင့် ဆည်မြောင်းလုပ်ငန်းများအဖွဲ့၊ (၂) လုံခြုံရေး၊ စီမံခန့်ခွဲရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းအဖွဲ့၊ (၃)နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် အထူးကိစ္စရပ်များ ကြားနာစုံစမ်းရေးအဖွဲ့နှင့် (၄)ဥပဒေရေးရာနှင့် အခြားကိစ္စရပ်များဆိုင်ရာ အကြံပေးအဖွဲ့များ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းများနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးခြင်း၊ ဆွေးနွေးချက်များအား မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်သည်။ **(ကြေးမုံ)**

ပြည်တွင်းရေးရာ

# (၇၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု ပုလဲသွယ်စပ်မျိုးစပါး ဝတ်မှုန်ကူးပွဲတော်ကျင်းပ

**နေပြည်တော် မတ် ၂၈**

(၇၁)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် မတ် ၂၇ ရက် ရုံးပိတ်ရက်တွင် အနားမယူကြဘဲ တောင်သူလယ်သမားများအတွက် အခြေခံလိုအပ်နေသည့် ပုလဲသွယ်စပ်မျိုးစပါးများ အဖိုလိုင်း၊ အမလိုင်း ဝတ်မှုန်ကူးပွဲတော်တွင် ပါဝင်ဆင်နွှဲကြိုးစားတာဝန်ထမ်းဆောင်နေကြသော စိုက်ပျိုးရေးပညာရှင် နိုင်ငံ့ဝန်ထမ်းများနှင့် တောင်သူလယ်သမားများအား ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က စားသောက်ဖွယ်ရာများ၊ ချီးမြှင့်ငွေများ ဂုဏ်ပြုပေးအပ်ခဲ့ပြီး စိုက်ကွင်းများအတွင်းသို့ ကွင်းဆင်းကြည့်ရှုအားပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဇုန်အနီးရှိ ငလိုက်ဆည်ရေသောက် တစ်ဆက်တစ်စပ်တည်း စက်မှုလယ်ယာစနစ် ဧက ၃၀၀၀ စိုက်ကွင်းသို့ ရောက်ရှိကြပြီး ဆည်ရေများဖြင့် စိမ်းစိုဖြစ်ထွန်းအောင်မြင်နေသော စပါးခင်းကြီးများကို အားပေးကြည့်ရှုပြီး တောင်သူလယ်သမားများအတွက် စံပြစိုက်ကွင်းများ ထူထောင်ပေးရေး၊ မျိုးစေ့ထုတ်စိုက်ကွင်းများ ထူထောင်ပေးရေးတို့အတွက် ဆွေးနွေးမှာကြားသည်။

ထို့မှတစ်ဆင့် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ ဧက ၄၄၀ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ကွင်းကိုလည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် ကျားကူးအနောက်ကျေးရွာ မြန်မာနယူးရောကုမ္ပဏီ၏ ဧက ၁၀၀ ပုလဲသွယ်စပ်မျိုးစပါး F-1 မျိုးစေ့ထုတ်စိုက်ကွင်းကိုလည်းကောင်း ရောက်ရှိကာ စပါးသီးနှံဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးစေ့၏ အရေးပါမှုကို တောင်သူလယ်သမားများနှင့် အပြန်အလှန် ရင်းရင်းနှီးနှီးဆွေးနွေးပြီးနောက် ယခုကဲ့သို့ ရုံးပိတ်ရက်တွင် အနားမယူကြဘဲ ပုလဲသွယ်စပ်မျိုးစပါး အဖိုလိုင်း၊ အမလိုင်းများ ပန်းပွင့်ချိန်တွင် ဝတ်မှုန်ကူးခြင်းလုပ်ငန်း အောင်မြင်ရေးအတွက် တပျော်တပါး ဆောင်ရွက်ခဲ့ကြသည်ကို ဂုဏ်ပြုစကားများ ပြောကြားကြသည်။

ပုလဲသွယ်စပ်မျိုးစပါး၏ ထူးခြားသော ဂုဏ်သတ္တိများကြောင့် စားသုံးမှုအရည်အသွေး ကောင်းမွန်ပြီး တစ်ဧက တင်း ၂၀၀ ကျော်အထက် ထွက်ရှိခြင်းအပေါ်တွင် တောင်သူလယ်သမားများ ကြိုက်နှစ်သက်မှု အထူးအားကောင်းလျက်ရှိသည်။

နှစ်စဉ် ပုလဲသွယ်စပ်မျိုးစပါး စိုက်ဧက သုံးသိန်းကျော် စိုက်ပျိုးလျက်ရှိနေရာ နိုင်ငံ၏ ရေရှည် ဆန်စပါးသီးနှံဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာအရ ဧက နှစ်သန်းအထိ စပ်မျိုးစပါးများ တိုးချဲ့စိုက်ပျိုးနိုင်ရေးကို အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသနအဖွဲ့(IRRI)နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့အကြား မဟာဗျူဟာရည်မှန်းချက်ထားရှိပြီး စီမံကိန်းရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဓမ္မာစရိယစာမေးပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၂၈**

သာသနာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၁၆ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို မတ် ၂၈ ရက် (စတုတ္ထနေ့)တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၅၁ ဌာန၌ စာဖြေသံဃာတော်များနှင့် သီလရှင်များ စာရင်းသွင်း ၁၅၈၃၂ ပါးအနက် ၁၁၅၃၈ ပါး ဖြေဆိုကြသဖြင့် ၇၂ ဒသမ ၈၈ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရှမ်းယဉ်ကျေးမှုအဖွဲ့ ဗိုလ်ချုပ်ပြတိုက်လေ့လာ

**သီပေါ မတ် ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ဘော်ကြိုကျောင်းတိုက်မှ လက်ထောက်ဆရာတော်ဘဒ္ဒန္တစန္ဒောဒယ(ဓမ္မာစရိယ)ဦးဆောင်၍ သီပေါမြို့နယ် စာရေးဆရာအသင်းနှင့် ဘော်ကြိုကျေးရွာအုပ်စု ရှမ်းယဉ်ကျေးမှုတို့မှ အဖွဲ့ဝင် ရှမ်းတိုင်းရင်းသား ရှမ်းတိုင်းရင်းသူ ၄၅ ဦးသည် မတ် ၂၇ ရက် မွန်းလွဲပိုင်းက မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ရှိ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နေအိမ်ပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြသည်။

သီပေါမြို့နယ်မှ အဆိုပါလေ့လာရေးအဖွဲ့ဝင်များအား နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်မှ တာဝန်ရှိသူများက ကြိုဆို၍ ရှင်းလင်းပြောပြရာ ရှမ်းတိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်များက အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား ချစ်ခင်လေးစားသော စိတ်ဓာတ်ဖြင့် လေ့လာမှတ်သားကာ အမှတ်တရဓာတ်ပုံမှတ်တမ်းများ ရိုက်ကူးခဲ့ကြကြောင်း သိရသည်။

**(သီပေါကိုလတ်)**



# မုံရွာမြို့၌ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေး ခုတင်(၂၀၀)ဆံ့ အမျိုးသမီးသားဖွားမီးယပ်နှင့် ကလေးဆေးရုံကြီး ဖွင့်လှစ်

**မုံရွာ မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီးသည် အရှေ့တောင်အာရှနှင့် အိန္ဒိယဆက်သွယ်ရာတွင် မဟာဗျူဟာကျသော တိုင်းဒေသကြီးဖြစ်သည့်အပြင် အိန္ဒိယနိုင်ငံနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့၏ စဉ်ဆက်မပြတ် ချစ်ကြည်ရေးဆောင်ရွက်မှုများသည် မြန်မာ-အိန္ဒိယချစ်ကြည်ရေးကို များစွာအထောက်အကူပြုစေကြောင်း မတ် ၂၇ ရက် နံနက်ပိုင်းက မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက်အတွင်းရှိ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေး ခုတင်(၂၀၀)ဆံ့ အမျိုးသမီးသားဖွားမီးယပ်နှင့် ကလေးဆေးရုံဖွင့်ပွဲတွင် မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယ သံအမတ်ကြီး H.E. Mr. Gautam Mukhopadhaya က ပြောကြားသည်။

"အိန္ဒိယနိုင်ငံအစိုးရအနေနဲ့ မြန်မာနိုင်ငံကို ကူညီတဲ့ စီမံကိန်းပေါင်း များစွာရှိပါတယ်။ တမူး-ကလေး-ကလေးဝ-ယားကြီးလမ်းပေါ်မှာရှိတဲ့ တံတားပေါင်း ၆၉ စင်းကို အဆင့်မြှင့်တင်ပေးခဲ့ပါတယ်။ ထို့အတူ မြန်မာနိုင်ငံတစ်ဝန်းက အဆင့်မြှင့်ရမယ့်အဆောက်အအုံ စီမံကိန်းများကို အဆင့်မြှင့်တင်ပေးနေသလို တက္ကသိုလ်အသီးသီးမှာလည်း ပညာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ပညာရေးမြှင့်တင်ရေးသင်တန်းနဲ့ ဆွေးနွေးပွဲတွေကို ဆောင်ရွက်ပေးနေပါတယ်။ အခုဒီဆေးရုံကြီးဟာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးရဲ့အကူအညီများစွာနဲ့ ဖြစ်လာတဲ့ ဆေးရုံကြီးဖြစ်ပါတယ်။ တစ်နှစ်တာကာလအတွင်း အပြီးဆောင်ရွက်နိုင်တာဟာ ဝန်ကြီးချုပ်နဲ့ အလှူရှင်တွေရဲ့ အားတွေ များစွာပါလို့သာ ပြီးမြောက်အောင်မြင်ခဲ့တာပါ" ဟု မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက ပြောပြသည်။

ဆေးရုံကြီးဖွင့်ပွဲအခမ်းအနားကို ယာယီမဏ္ဍပ်၌ ကျင်းပရာ ဝန်ကြီးချုပ်ဦးသာအေးက အဖွင့်အမှာစကားပြောကြားသည်။ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီး H. E. Mr. Gautam Mukhopadhaya က အမှာစကားပြောကြားသည်။ ဆေးရုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေးနှင့် မြန်မာ-အိန္ဒိယနိုင်ငံတို့မှ တာဝန်ရှိသူများ အလှူရှင်များရှေ့တွင် ပေးအပ်သည်။ ထို့နောက် ဝန်ကြီးချုပ်ဦးသာအေးက သံအမတ်ကြီးသို့ ဆေးရုံကြီး၏ ဓာတ်ပုံကို အမှတ်တရပေးအပ်ခဲ့ပြီး တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာအေးငြိမ်းက ဝန်ကြီးချုပ်၊ သံအမတ်ကြီးနှင့် တာဝန်ရှိသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

"အိန္ဒိယနိုင်ငံအစိုးရရဲ့ အမေရိကန်ဒေါ်လာ နှစ်သန်းထောက်ပံ့မှုနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ အလှူရှင်တွေ ပူးပေါင်းထည့်ဝင်ငွေကျပ် ၁၂၇၉ ဒသမ ၈၁ သန်းနဲ့ ပေါင်းပြီး မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက် မြေ လေးဧကပေါ်မှာ တည်ဆောက်ထားတာပါ။ ကနဦး အိန္ဒိယနိုင်ငံက အလှူငွေနဲ့စတင် တည်ဆောက်ခဲ့တာဖြစ်ပြီး အဆောက်အအုံ၊ ရေ၊ လျှပ်စစ်မီးနဲ့ အုတ်တံတိုင်းခြံစည်းရိုးတွေကို အလှူရှင်တွေ ပါဝင်လှူဒါန်းမှုနဲ့ တည်ဆောက်ခဲ့တာပဲ ဖြစ်ပါတယ်"ဟု ဝန်ကြီးချုပ်က ပြောကြားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# HAN Golf Masters Junior Golf Championship 2016 ဂေါက်သီးရိုက်ပြိုင်

**ရန်ကုန် မတ် ၂၈**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၏ကြီးကြပ်မှုဖြင့် HAN Golf Masters Pte., Ltd နှင့် Junior Golf Myanmar တို့ပူးပေါင်း၍ HAN Golf Masters Pte., Ltd မှ အဓိကကူညီပံ့ပိုးသော HAN Golf Masters Junior Golf Championship 2016 ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၂၆ နှင့် ၂၇ ရက်တို့တွင် Pun Hlaing Links (သန်လျင်)၌ ကျင်းပသည်။

ပြိုင်ပွဲဒုတိယနေ့အပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ HAN Golf Masters Pte., Ltd မှ CEO ဦးချမ်းဟန်က အမှာစကားပြောကြားပြီး Pun Hlaing Links မှ Director of Golf Mr. Brian က (၁၀)နှစ်အောက်တန်းတွင် ဆုရရှိသူများကို လည်းကောင်း၊ HAN Golf Masters Pte., Ltd မှ Director ဦးကိုကိုလေးက အသက်(၁၂)နှစ်အောက်တန်းတွင် ဆုရရှိသူများကို လည်းကောင်း၊ Junior Golf Myanmar ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးမြင့်အောင်က အသက် (၁၅)နှစ်အောက်တန်းတွင် ဆုရရှိသူများကို လည်းကောင်း၊ HAN Golf Masters Pte., Ltd မှ CEO ဦးချမ်းဟန်က အသက်(၁၈)နှစ်အောက်တန်းတွင် ဆုရရှိသူများကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြပြီး ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် Pun Hlaing Links, SamPar Oo သောက်ရေသန့်၊ YKKO နှင့် 100plus တို့မှ ထပ်မံကူညီပံ့ပိုးကြကြောင်း သိရသည်။

**(ဖိုးသော်ဇင်)**




# တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း အချိန်ပြောင်းလဲ ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၈။** ။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ၂၀၁၆ ခုနှစ် မတ် ၃၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှစပြီး ချင်း(ချီး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှစပြီး ၂၀၁၆ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ နေ့စဉ်နံနက် ၆ နာရီမှ ၈ နာရီအထိ မွန်ဘာသာအစီအစဉ်၊ နံနက် ၈ နာရီမှ ၁၀ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိ 'ဝ'ဘာသာအစီအစဉ်၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ ညနေ ၄ နာရီမှ ၆ နာရီအထိ ကယားဘာသာအစီအစဉ်၊ ညနေ ၆ နာရီမှ ည ၇ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ ည ၇ နာရီမှ ၈ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ ည ၈ နာရီမှ ၉ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ ည ၉ နာရီမှ ၁၀ နာရီအထိ ချင်း(လိုင်ဇိုး) ဘာသာအစီအစဉ်၊ ည ၁၀ နာရီမှ ၁၁ နာရီအထိ ချင်း(ချီး)ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ ပြိုင်ပွဲများ ဖိတ်ခေါ်

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၁၆ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ (၁၉)ကြိမ်မြောက် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ ပြိုင်ပွဲများအတွက် ယှဉ်ပြိုင်မည့် စာမူနှင့် လက်ရာများ ဖိတ်ခေါ်ပါသည်။**

(၁) ပြိုင်ပွဲဝင်ရမည့် ဆောင်ပုဒ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
  (က) မူးယစ်ကင်းစင်ဒို့ဘဝအသွင် အစဉ်ဖွံ့ဖြိုးကြိုးပမ်းစို့ LETS DEVELOP OUR LIVES OUR COMMUNITIES OUR IDENTITITES WITHOUT DRUGS
  (ခ) စီးပွားကျန်းမာလူမှုဘဝ မူးယစ်ရှောင်မှ အလွန်လှပ
  (ဂ) တိုင်းပြည်တိုးတက်သာယာဖို့ မူးယစ်ဆေးကိုရှောင်ရှားစို့
  (ဃ) လူတိုင်းကိုယ်စီ ရှောင်ကြဉ်ခြင်း တစ်ပြည်လုံးမှာ မူးယစ်ကင်း
  (င) ရေရှည်တည်တံ့ဖွံ့ဖြိုးရေး မူးယစ်ဆေးကို ရှောင်ပါမနှေး

(၂) ဝတ္ထုတိုနှင့် ဆောင်းပါးစာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့် မိတ္တူပေါင်း နှစ်စောင်ပေးပို့ရမည်။ စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်းဖြစ်သည်။

(၃) ကဗျာစာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့် မိတ္တူ ပေါင်းနှစ်စောင် ပေးပို့ရမည်။ စပ်ထုံးစပ်နည်းမှန်ကန်ပြီး စာကြောင်းရေ ၅၀ မှ ၁၀၀၊ (ပါဒ-၁၀၀ မှ ၂၀၀) အတွင်း ရှိရမည်။

(၄) တေးသီချင်းသည် တစ်ဦးချင်းအဖွဲ့နှင့် သီဆိုနိုင်ပြီး ပရိသတ်နားစွဲလွယ်သော ကိုယ်ပိုင်သံစဉ် သီချင်းသစ်ဖြစ်ပြီး စကားလုံးကျစ်လျစ် ထိရောက်ရမည်။ အပြီးသတ်အချောသွင်းထားသော သီချင်း CD Master နှင့်အတူ စာသားကို သပ်ရပ်စွာရေး၍ (သို့မဟုတ်)ကွန်ပျူတာစာစီ၍ မူရင်းတစ်စောင်ကို ဂီတသင်္ကေတ မူရင်းတစ်စောင်နှင့်အတူ ပေးပို့ရမည်။

(၅) ဓာတ်ပုံသည် Photo Essay အဖြစ် ရောင်စုံ သို့မဟုတ် Monochrome ဖြစ်ပြီး ရွေးချယ်ထားသည့် ဆောင်ပုဒ်နှင့် လျော်ညီစွာ ရိုက်ကူးထားသော ပုံသေး သုံးပုံမှ ငါးပုံအထိ ထည့်သွင်းပေးပို့ရမည်။ အဆိုပါ ပုံငယ်များ၏ Original Files များနှင့် 12"×18" အရွယ် ဓာတ်ပုံ၏ FINAL OUTPUT PRINT FILE ကို CD တွင် ထည့်သွင်းပေးပို့ရမည်။

(၆) ကွန်ပျူတာပိုစတာသည် ခေါင်းစဉ်နှင့်ရေးဆွဲမှု ထိရောက်သေချာရမည်။ တင်ပြပုံ ရှင်းလင်းသပ်ရပ်ရမည်။ ယှဉ်ပြိုင်သည့်ပုံအား ၇"×၉" အရွယ် A4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသောပုံများအား ကူးယူရေးဆွဲခြင်းမပြုရ။

(၇) ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲများကို မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ဟူ၍ (၃)ဆင့် ယှဉ်ပြိုင်ခွင့်ပြုသည်။ မူလတန်းအဆင့် (၃/၄ တန်း)၊ အလယ်တန်းအဆင့် (၅/၆/၇ တန်း)နှင့် အထက်တန်း အဆင့် (၈/၉/၁၀ တန်း)ဖြစ်ပါသည်။ ရေးဆွဲမည့် စက္ကူယူလာရန်မလိုပါ။ ၁၅"× ၂၀" အရွယ် ရေးဆွဲရမည်။ ခဲတံဖြင့် ရေးဆွဲခြင်းမပြုရ။ နှစ်သက်ရာဆေးကို ယူလာပြီး နှစ်သက်ရာနည်းဖြင့် ပန်းချီ၊ ပိုစတာရေးဆွဲချိန် (၃)နာရီ၊ ကာတွန်းရေးဆွဲချိန် (၂) နာရီသတ်မှတ်၍ ကျောဘက်တွင် လက်မှတ်ရေးထိုးရမည်။

(၈) ကွန်ပျူတာပန်းချီ ပြိုင်ပွဲကို အလယ်တန်းနှင့် အထက်တန်းဟူ၍ နှစ်ဆင့်ခွဲပြီး ယှဉ်ပြိုင်ခွင့်ပြုသည်။ အလယ်တန်းအဆင့် (၅/၆/၇ တန်း)နှင့် အထက်တန်းအဆင့် (၈/ ၉/ ၁၀ တန်း)ဖြစ်ပါသည်။ ပြိုင်ပွဲအချိန်အတွင်း ရေးဆွဲထားသောပုံဖြစ်ရမည်။ အသင့်ရေးဆွဲထားသော ပုံမပါစေရ။ ခေါင်းစဉ်နှင့်ရေးဆွဲမှု ဆီလျော်ရမည်။ Software Programme ကို Corel draw, Photoshop, Claris office ကြိုက်ရာတစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်ပါသည်။ ရေးဆွဲချိန် ၃ နာရီ သတ်မှတ်ရမည်။ ယှဉ်ပြိုင်သည့်ပုံအား A4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူရာတွင် မူရင်းပုံအပြင် Jpeg Format ဖြင့် ပုံကိုသိမ်းဆည်း၍ ပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသောပုံများအား ကူးယူရေးဆွဲခြင်းမပြုရ။

(၉) ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ ပြိုင်ပွဲတို့တွင် ပြိုင်ပွဲတစ်ခုစီအတွက် တစ်ဦးလျှင် စာမူတစ်စောင်၊ တေးသီချင်းပြိုင်ပွဲတွင် တစ်ဦးလျှင် တစ်ပုဒ်၊ ကွန်ပျူတာပိုစတာ ပြိုင်ပွဲတွင် တစ်ဦးလျှင် တစ်ပုံ ယှဉ်ပြိုင်ခွင့်ရှိသည်။

(၁၀) ဓာတ်ပုံပြိုင်ပွဲဝင်တစ်ဦးလျှင် ၁၂"× ၁၈" လက်မရွယ် Photo Essay (၄)ပုံအထိ ယှဉ်ပြိုင်နိုင်သည်။ ပုံများ၏အကြောင်းအရာ Caption ကို စာကြောင်းရေ (၅)ကြောင်းခန့်ရေးသားပြီး ဓာတ်ပုံ၏နောက်ဘက်တွင် ကပ်ထားရမည်။ ပြိုင်ပွဲဝင် တစ်ဦးလျှင် ဆုကြီး (၁)ဆုနှင့် နှစ်သိမ့်ဆု (၂)ဆု ခံစားခွင့်ရှိသည်။

(၁၁) ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲဝင်များသည် အတန်းအထောက်အထားအတွက် သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် တိုင်းဒေသကြီး/ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် လက်တွေ့ရေးဆွဲ ယှဉ်ပြိုင်ပွဲများမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ တိုင်းဒေသကြီး/ပြည်နယ်များမှ သင့်လျော်သည့် နေ့ရက်တွင် ပြိုင်ပွဲကျင်းပရမည်။

(၁၂) ပြိုင်ပွဲဝင်များအားလုံးသည် ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၂)ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်း၊ ကိုယ်တိုင်ရေးသား၊ သီကုံး၊ ရိုက်ကူး၊ ရေးဆွဲခြင်းဖြစ်ကြောင်း မည်သည့် စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်းဝန်ခံချက် ပူးတွဲပေးပို့ရမည်။

(၁၃) ပြိုင်ပွဲဝင် စာမူများနှင့် လက်ရာများကို တာဝန်ခံ၊ မူးယစ်ပြတိုက်၊ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လိပ်မူပေးပို့ရမည်။ ဆက်သွယ်ရန်ဖုန်း ၀၁-၅၀၅၂၆၁ ဖြစ်ပါသည်။

(၁၄) ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများ၊ နောက်ဆုံးရောက်ရှိရမည့် နေ့ရက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
  (က) တေးသီချင်း ၄-၅-၂၀၁၆
  (ခ) ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ ၁၃-၅-၂၀၁၆
  (ဂ) ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ ၃-၆-၂၀၁၆
  (ဃ) ပန်းချီ၊ ကာတွန်း၊ပိုစတာ၊ ကွန်ပျူတာပန်းချီ ၈-၆-၂၀၁၆

(၁၅) ပြိုင်ပွဲအားလုံးတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု(၃)ဆုရွေးချယ်မည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များမှ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။ အလွတ်တန်းပြိုင်ပွဲများမှ ပထမဆုရရှိသူ (၆)ဦးကို နေပြည်တော်တွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။

(၁၆) ရွေးချယ်ခြင်းမခံရသည်များကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကာ ပြည်သူအားလုံးက တက်ကြွစွာ ပူးပေါင်းပါဝင်ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့**

---

**✱ မော်ဘီမှ**

အဆိုပါ လူမှုစောင့်ရှောက်ရေးဂေဟာကို ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်တွင် ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်း အခြေအနေမဲ့ တောင်းရမ်းစားသောက်သူများနှင့် ခိုကိုးရာမဲ့သွားလာနေသူများအား ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ စတင်ကာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ အရင်းမပျောက်မတည်ငွေ သိန်း ၁၀၀၀ မတည်ပေးထားကြောင်း အဆိုပါဂေဟာမှ သိရသည်။

ဂေဟာ တာဝန်ခံ ဦးအောင်ငွေက “လစဉ်ရရှိတဲ့ဘဏ်တိုးနဲ့ တစ်ရက်ကို တစ်သောင်းနှစ်ထောင်ဖိုး ချက်ပြုတ်ကျွေးမွေးနေပါတယ်။ အလှူရှင်ရှိတဲ့ ရက်တွေမှာ ဒီငွေကို စနစ်တကျ ထိန်းသိမ်းထားပြီး အလှူရှင်မရှိတဲ့ရက်တွေမှာ ကျွေးလို့ရအောင်ဆောင်ရွက်ထားတယ်။လမ်းဘေးမှာ လူတစ်ယောက် ဖြစ်သလိုနေထိုင်ရမယ့်အစား ဒီမှာက လုံလုံခြုံခြုံနဲ့ စားချိန်တန် စားမယ်။အိပ်ချိန်တန်အိပ်မယ်၊ မသေခင်စပ်ကြားလေးမှာ လူသားချင်းစာနာတဲ့စိတ်နဲ့ တတ်နိုင်သမျှလေးလုပ်ပေးနေတာပါ။ ဖြစ်ကတတ်ဆန်းတော့ မဟုတ်ပါဘူး။ ငတ်တလှည့် ပြတ်တလှည့်လည်းမဟုတ်ပါဘူး။ အရင်းမပျောက် မတည်ငွေအပြင် စည်ပင်ကလည်း လစဉ် နှစ်သောင်း ထောက်ပံ့ပေးထားတာရှိပါတယ်။ အထူးသဖြင့် စေတနာရှင်တွေကလည်း ပံ့ပိုးကူညီကြပါတယ်” ဟုပြောသည်။

ရန်ကုန်မြို့ပေါ်ရှိ အခြေအနေမဲ့ နေထိုင်သူများ၊ တောင်းရမ်းစားသောက်သူများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ထိန်းသိမ်းခေါ်ဆောင်ခဲ့ပြီး ဂေဟာသို့ပို့ဆောင်ကာ လူမှုဝန်ထမ်းဌာန၊စည်ပင်ရဲတပ်ဖွဲ့နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတို့ ပူးပေါင်းပြီးထိန်းသိမ်းစောင့်ရှောက်ပေးထားကြောင်း၊ ခေါ်ဆောင်လာသူများထဲတွင် စိတ်ရောဂါသည်များလည်းပါကြောင်း ဂေဟာမှူးထံမှသိရသည်။

“ဒီစခန်းကို ရောက်လာတဲ့သူတွေထဲမှာ စိတ်မနှံ့သူတွေလည်းပါတယ်။ အဲ့လိုလူတွေထဲကမှ အလွန်အခြေအနေဆိုးတဲ့သူတွေကို ရွာသာကြီး စိတ်ကျန်းမာရေးဆေးရုံကို ပို့တယ်။ တချို့ ယဉ်တဲ့သူတွေကိုတော့ ဒီမှာဆက်ပြီး ကျွေးမွေးစောင့်ရှောက်ထားပါတယ်။ တစ်ယောက်နဲ့ တစ်ယောက်ကြီးနိုင်ငယ်ညှဉ်းပုံစံမျိုးတော့ မဟုတ်ပါဘူး။ အဲဒီအခြေအနေထိလည်း ကျွန်တော်တို့က လက်မခံပါဘူး” ဟု ဦးအောင်ငွေကပြောသည်။

လူမှုကွန်ရက်စာမျက်နှာတွင် ပျံ့နှံ့နေတဲ့ အိမ်သာများ မသန့်ရှင်းမှု၊ ယင်ကောင်များပေါများမှုနှင့် ပတ်သက်ပြီး ဦးအောင်ငွေက “ဒီဟာက အမျိုးသမီးအဆောင်မှာဖြစ်တာပါ။ သန့်ရှင်းမှုမရှိတာမှန်ပါတယ်။အမျိုးသမီးဆောင်ကို ဒီနေ့ပဲ အဆောင်ပြောင်းပေးလိုက်ပါပြီ။ ယင်ကောင်တွေကလည်း ဟုတ်ပါတယ်။ ကြက်ခြံတွေကလည်း ဘေးပတ်လည်နားမှာရှိတော့ အဲ့ဒီကနေလာတယ်။နောက်သရက်ပင်က သရက်သီးမှည့်တွေကြောင့်လည်း လာတာပါ။ ဆေးတွေဖျန်းထားပါတယ်။ ယင်လုံဆန်ခါတွေတပ်နေတာပြီးသလောက်ရှိသွားပါပြီ”ဟု ပြောသည်။

အဆိုပါ လူမှုစောင့်ရှောက်ရေးဂေဟာကို စတင်တည်ဆောက်စဉ်က ရေချိုးခန်း၊ အိမ်သာပါ လူ ၅၀ ဆံ့ ပေ ၂၀ × ပေ ၁၂၀ ရှိ အမျိုးသား တစ်ဆောင်၊အမျိုးသမီး တစ်ဆောင်သာရှိခဲ့ရာမှ ယခုအခါ အမျိုးသားနှစ်ဆောင်၊ အမျိုးသမီးနှစ်ဆောင်၊ ထမင်းစားဆောင် နှစ်စောင်နှင့် စားဖိုဆောင် တစ်ဆောင်တို့ တိုးချဲ့ဆောက်လုပ်ထားကြောင်း လစဉ် လူဦးရေ ၈၀ မှ ၉၀ ကြားရှိကြောင်း သိရသည်။

လူမှုစောင့်ရှောက်ရေးဂေဟာတွင် သန့်ရှင်းရေးလုပ်အားပေးနေသည့် မော်ဘီမြို့နေ ဒေသခံ အဖြူရောင်လှိုင်းပရဟိတအဖွဲ့မှ ကိုသက်က “ ဒီမှာဝန်ထမ်းအင်အားက နည်းတယ်။ ပြီးတော့ ဒီမှာက လေလွင့်နေတဲ့ အခြေအနေမဲ့တွေ ကယ်ဆယ်တဲ့စခန်းဆိုတော့ နဂို အဲ့ဒီလူတွေကိုယ်တိုင်က သန့်ရှင်းရေးအားနည်းတာ။ ဝန်ထမ်းတွေရဲ့အပြစ်တော့မဟုတ်ပါဘူး။ ဌာနဆိုင်ရာက တာဝန်ယူမှုအားနည်းတယ်လို့တော့မြင်မိတယ်။ကျန်းမာရေးရှုထောင့်ကကြည့်လည်း မကောင်းဘူး”ဟုပြောသည်။

ထို့အတူ(Myanmar Helper) ပရဟိတ အဖွဲ့မှ ကိုချမ်းမြေ့က“ကိုယ်ချင်းစာစိတ်နဲ့ ပြောတာပါ။ အကြောင်းအမျိုးမျိုးကြောင့် သားသမီးစွန့်ပစ်လို့ပဲဖြစ်စေ၊ နေစရာမရှိလို့ အခြေအနေမဲ့ဖြစ်နေတဲ့သူတွေကို နိုင်ငံတကာမှာကြည့်ရင်လည်း စနစ်တကျ စောင့်ရှောက်တဲ့ဂေဟာတွေရှိပါတယ်။ ဒီဂေဟာကိုပဲအားကိုးနေရတဲ့သူတို့အတွက် သန့်ရှင်းသပ်ရပ်တဲ့၊ ကျန်းမာရေးစောင့်ရှောက်မှုကောင်းတဲ့ ဂေဟာမျိုးတော့ဖြစ်စေချင်ပါတယ်။ အဲ့ဒီလိုမဟုတ်ရင် သက်ကြီးရွယ်အိုတွေအတွက် ကျန်းမာရေးကတော့ စိုးရိမ်နေရမှာပါပဲ” ဟု ပြောသည်။

ခိုလှုံရာ ပရဟိတအဖွဲ့မှ မသင်းရွှေစင်လှိုင်က “ဒီမှာက ကျန်းမာရေးပြုစုစောင့်ရှောက်မှု လုပ်ဖို့ဝန်ထမ်းအားနည်းတယ်လို့သိရတယ်။ဒီအတွက် ကျွန်မတို့ ပရဟိတအဖွဲ့အနေနဲ့က ဝန်ထမ်းခန့်ပေးချင်တယ်။ ဘယ်ဌာနလက်အောက်ကလို့ တိတိကျကျမရှိဘူး။ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ရန်ကုန်မြို့တော်စည်ပင်နဲ့ လူမှုဝန်ထမ်း ဒီဌာန (၃)ခုပေါင်းပြီး ထိန်းသိမ်းထားတာလို့ပြောပါတယ်။ တာဝန်ယူပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးတာမျိုးလည်း မရှိဘူး။ တိုက်နယ်ဆေးရုံက ဆရာဝန်တွေက စေတနာနဲ့လာစောင့်ရှောက်တာပဲရှိတယ်။ ဒီဂေဟာကို ဝန်ကြီးဌာနတစ်ခုခုက စနစ်တကျကိုင်တွယ်ပြီး သူ့ဘတ်ဂျက်နဲ့၊ သူ့ဝန်ထမ်းနဲ့ တာဝန်ယူပေးလိုက်ရင် အခုထက်ပိုကောင်းမယ်လို့ထင်ပါတယ်”ဟု သူမ၏ အမြင်ကိုပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် လူမှုဝန်ထမ်းဦးစီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်းပြီး ဖွင့်လှစ်ထားသည့် အဆိုပါဂေဟာတွင် အသက် (၁၀) နှစ်မှ (၉၀) ကြား အမျိုးသား၊ အမျိုးသမီးအရွယ်စုံပါဝင်ပြီး လက်ရှိအချိန်အထိ ခိုကိုးရာမဲ့၊ အခြေအနေမဲ့ အမျိုးသား၊ အမျိုးသမီး ၈၈ ဦးကို ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း ဂေဟာတာဝန်ခံထံမှ သိရသည်။



# ကျောက်ဖြူမြို့၌ ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**ကျောက်ဖြူ မတ် ၂၈**

ရခိုင်ပြည်နယ်အတွင်းရှိ ကျောက်ဖြူမြို့နယ် ကျေးရွာများမှ ဒေသခံပြည်သူများအား ပြည်သူ့အကျိုးပြုကျန်းမာရေးစောင့်ရှောက်မှု၊ ကုသမှု လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသော ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် မတ် ၂၅ ရက်တွင် ကျောက်ဖြူမြို့ ဒေဝူးဆိပ်ခံတံတား၌ဆိုက်ကပ်ကာ အဆိုပါဆေးရုံရေယာဉ်ပေါ်တွင် ကုသရန်ရောက်ရှိနေသည့် မျက်စိဝေဒနာရှင် ၄၀၀ အား အထူးကုဆရာဝန်ကြီးများက ကျောက်ဖြူခရိုင်ပြည်သူ့ဆေးရုံကြီးသို့ခေါ်ယူကာ စမ်းသပ်စစ်ဆေးမှုများကို နံနက် ၈ နာရီမှ စတင်ကာ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအနေဖြင့် တပ်မတော်နယ်လှည့်ဆေးကုသရေး(သံလွင်)တွင် အထူးကုပါရဂူ ၁၁ ဦး၊ ဆေးမှူး ခုနစ်ဦး၊ သူနာပြု ၂၀၊ သူနာပြုစစ်သည် ၂၃ ဦး၊ သူနာပြုစစ်သည်၂၃ ဦး၊ သူနာပြုရဲမေငါးဦး၊ အရပ်သားဝန်ထမ်း ၆၉ ဦးတို့ ပါဝင်ပြီး ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ သွားရောဂါများနှင့် လိုအပ်သောဆေးကုသမှုများအတွက် ဓာတ်မှန်ရိုက်ခြင်း၊ CTရိုက်ပေးခြင်း၊ ဆေးစစ်ဆေးပေးခြင်း၊ ဆေးရုံရေယာဉ်ပေါ်တွင်ရောဂါမျိုးစုံအတွက် ခွဲစိတ်ကုသဆောင်ရွက်ပေးလျက်ရှိရာ မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၄ အုပ်စုများမှ ပြည်သူများ လာရောက်ဆေးကုသမှုခံယူကြပြီး လူမှုရေးအဖွဲ့အစည်းများက စေတနာအပြည့်အဝဖြင့် ကူညီဆောင်ရွက်ပေးခဲ့သည်။ မတ် ၂၆ ရက်တွင် လူနာပေါင်း ၁၅၃၃ ဦးအား ကျန်းမာရေးစစ်ဆေးကုသမှုများကို ဆောင်ရွက်နိုင်ခဲ့ကာ ဆေးကုသမှုကို မတ် ၂၉ ရက် နံနက်ပိုင်းထိ ငါးရက်ကြာ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**(စောမိုးကျော်)**

❖

## ကြာအင်းဆိပ်ကြီးမြို့နယ်၌ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း လုပ်ငန်းညှိနှိုင်းစည်းဝေး

**ကြာအင်းဆိပ်ကြီး မတ် ၂၈**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ကျင်းပသော ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၇ ရက် နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လွင်က ရော်ဘာထုတ်လုပ်သူများအသင်း၏ရည်ရွယ်ချက်နှင့် အသင်းကို ရေရှည်တည်ထောင်နိုင်ရေးအတွက် ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် စက်မှုသီးနှံဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ရော်ဘာစိုက်ပျိုးထုတ်လုပ်နေမှုနှင့် အသင်းထူထောင်နိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးအကြံပြုကြပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာသော ရော်ဘာခြံပိုင်ရှင်များ၏ မေးမြန်းအကြံပြုချက်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရေလွှမ်းလွင်ပြင်ဒေသ ပဲယဉ်းရိတ်သိမ်းချိန် အထွက်နှုန်းကောင်းသော်လည်း ယခင်နှစ်ကလောက် ဈေးနှုန်းမကောင်း

**မန္တလေး မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဥယျာဉ်တော်ကွင်း၊ ကမ္ဘဲ့ကွင်း၊ သူငယ်တော်ကွင်း၊ လက်ပံဇင်ကွင်း၊ ဘုံးအိုးကွင်း၊ မြစ်တူးကွင်း၊ တပ်ကြီးကွင်း၊ ဘုန်းတော်နိုင်ငံကွင်း၊ ကြည့်မြင်တိုင်ကွင်း၊ ချင်းရွာကွင်း၊ ရဲလွန်းကျော်ကွင်း စသည့်ကွင်းများသည် မြစ်ရေတက်ချိန်တွင် ဧရာဝတီမြစ်နှင့် မြစ်ငယ်မြစ်တို့၏ ရေလွှမ်းလွင်ပြင်ဒေသဖြစ်သည်။ ယခုအခါ အဆိုပါ ရေလွှမ်းလွင်ပြင်ဒေသတွင် ပဲယဉ်းစိုက်ခင်းများ ရိတ်သိမ်းနေကြပြီဖြစ်ပြီး ပဲယဉ်းအထွက်ကောင်းသော်လည်း ယခင်နှစ်ကလောက်ဈေးမရရှိ၍ တောင်သူများအနေဖြင့် အမြတ်အစွန်းနည်းကာ တွက်ခြေမကိုက်ဖြစ်နေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

“ဒီနှစ် ပဲယဉ်းသုံးတင်း တစ်အိတ်ကို ငွေကျပ် ၄၃၀၀၀၊ ၄၂၀၀၀ ရောင်းရပါတယ်။ မနှစ်က သုံးတင်းတစ်အိတ်ကို ငွေကျပ် ၅၂၀၀၀ ရောင်းရပါတယ်။ ဒီနှစ်ပဲယဉ်းပေါ်ချိန်မှာ ဈေးသိပ်မကောင်းတော့ အမြတ်သိပ်မကျန်ပါဘူး။ ကိုယ့်လုပ်အားခလောက်ပဲ ကျန်ပါတယ်။ အားလုံးကို အလုပ်သမား ငှားခိုင်းရမယ်ဆိုရင် ရှုံးနိုင်ပါတယ်။ ရိတ်ခက အမျိုးသမီးတစ်ဦးကို ကျပ် ၄၀၀၀၊ အမျိုးသားတစ်ဦးကို ကျပ် ၆၀၀၀၊ တစ်ဧကရိတ်ရင် အလုပ်သမား ၁၀ ဦး၊ ၁၂ ဦးခန့် ငှားရပါတယ်။ ရိတ်ခ၊ ပဲနယ်ခ၊ စိုက်ပျိုးစရိတ်နဲ့ မျိုးဖိုးနုတ်လိုက်ရင် ကိုယ့်အိတ်ထဲကတောင် စိုက်ရပါသေးတယ်”ဟု ကြည့်မြင်တိုင်ကွင်းမှ တောင်သူတစ်ဦးက ပြောသည်။

အဆိုပါရေလွှမ်းလွင်ပြင်ဒေသသည် ပဲနှင့် နှမ်းကိုသာအားထား၍စိုက်ပျိုးကြရကြောင်း၊ ပဲယဉ်းကို ရေကျအပြီး တော်သလင်းလမှ တန်ဆောင်မုန်းလအထိ စိုက်ပျိုးကြပြီး တပို့တွဲ၊ တပေါင်းလတို့တွင် ရိတ်သိမ်းကြရကြောင်း၊ ယခုနှစ် ပဲယဉ်းရိတ်သိမ်းချိန်တွင် တစ်ဧကလျှင် ပဲယဉ်း ၁၅ တင်း၊ တင်း ၂၀ ထွက်ရှိ၍ အထွက်နှုန်းကောင်းသည်ဟု ဆိုနိုင်ကြောင်း တောင်သူတစ်ဦးက ပြောသည်။

**နန်းမျိုးဝင်း(မြစ်ငယ်)**

၀၀

# အဝိုင်းပတ်ခရီးစဉ်တွင် ယာဉ်အသစ်များပြေးဆွဲလာ၍ သွားလာမှုကောင်းမွန်လာ

**ရန်ကုန် မတ် ၂၈**

အဝိုင်းပတ်ခရီးစဉ်အဖြစ် ပုံသေကားခ ကျပ် ၂၀၀ ဖြင့် စီးနင်းနေရသော အဓိပတိ(အပြာ) ခရီးစဉ်တွင် မတ် ၂၇ ရက်က ယာဉ်အသစ်များ ဖြည့်တင်းပေးဆွဲနေသည်ကို စီးနင်းခဲ့သည်ဟု ခရီးသွားတစ်ဦးက ဆိုသည်။

ယာဉ်အသစ် ၁၀ စီးဖြင့် မတ် ၂၇ ရက်တွင် ဖြည့်တင်းပြေးဆွဲပြီး ဧပြီလတွင် အသစ်များ ထပ်မံဖြည့်တင်းပြေးဆွဲမည်ဟု အဆိုပါ ယာဉ်လိုင်းရှိ ယာဉ်လုပ်သားများထံမှ သိရသည်။ ယင်းရက်ပိုင်းများတွင် ယင်းယာဉ်လိုင်းများပေါ်၌ Ipay ကတ်များ တက်ရောက်ရောင်းချသော အရောင်းမြှင့်တင်ရေးမှ လူငယ်များက ယင်းယာဉ်လိုင်း၌ ဧပြီလဆန်း Ipay ကတ်များအသုံးပြု စီးနင်းနိုင်သော လေအေးစက်ပါယာဉ်များ ပြေးဆွဲမည်ဟု ခရီးသွားများအား ပြောဆိုမှုများရှိခဲ့သည်။

ယင်းသတင်းစကားများအရ ခရီးသွားများ စောင့်မျှော်မှုရှိရာ မတ် ၂၇ ရက်တွင် ကားသစ်အချို့ စတင်ပြေးဆွဲမှု ကြုံတွေ့လာရသည်။ ကားသစ်များ စတင်ပြေးဆွဲလာမှုကြောင့် အလုပ်ပိတ်ရက် ခရီးသည်နည်းပါးသော တနင်္ဂနွေဖြစ်သည့် မတ် ၂၇ ရက် မွန်းလွဲ ၁ နာရီဝန်းကျင်တွင် အဓိပတိ (အပြာ) အစီးရေ ရှစ်စီးဖြတ်သန်းမှုရှိသည်ဟု အနော်ရထာလမ်း ၁၅လမ်းမှတ်တိုင်အနီး အလုပ်လုပ်နေသူတစ်ဦးက ဆိုသည်။

ယခင်ရက်များတွင် ရံဖန်ရံခါ နာရီဝက်ကျော်သည်အထိ ကားစောင့်ရမှုများရှိရာ ယာဉ်သစ်များဖြည့်တင်းပြေးဆွဲချိန်တွင် သွားလာရေးကောင်းမွန်လာမည်ဟု ယင်းယာဉ်လိုင်းစီးခရီးသွားများက ဆိုသည်။

ယနေ့ အသစ်ပြေးဆွဲသော ယာဉ်အမျိုးအစားမှာ လက်ရှိပြေးဆွဲနေသော YuTo NG အမျိုးအစား မရန်းရောင် တရုတ်နိုင်ငံလုပ်ကားအမြင့်များဖြစ်သည့် အက္ခရာ 1L/--- များဖြစ်သည်။ ယခင်ပြေးဆွဲသော 1F/---အက္ခရာ ယင်းအမျိုးအစားစတင်ပြေးဆွဲစဉ်ကပါရှိသော မျက်နှာကြက်ပန်ကာများ 1L/---များတွင် မပါရှိတော့ပါ။ ယာဉ်မောင်းနေရာ မျက်နှာကြက်နေရာတွင်သာ ပန်ကာတစ်လုံး မြင်တွေ့သည်။

ယခင် 1L/---ယာဉ်များသည် ဒီဇယ်သုံးဖြစ်ပြီး မြို့တွင်းပြေးဆွဲစဉ် သဘာဝဓာတ်ငွေ့သုံးအဖြစ် ပြောင်းလဲခဲ့သည့် ယနေ့ပြေးဆွဲကားသစ်များမှာ ပြည်ပမှာကတည်းက သဘာဝဓာတ်ငွေ့သုံးအဖြစ် ပြောင်းလဲခဲ့ပြီးဖြစ်သည်ဟု ယင်းယာဉ်သစ်ပေါ်ပါ ယာဉ်လုပ်သားတစ်ဦးက ဆိုသည်။

Ipay ရောင်းချသူများပြောသကဲ့သို့ လေအေးစက်များမပါသဖြင့် ခရီးသွားများမှာ သဘာဝလေကို ပြတင်းမှန်ဖွင့်၍ အသုံးပြုပြီး နေ့လယ်အပူဒဏ်အောက်တွင် ယာဉ်စီးနင်းနေရဦးမည်။ BRT Life ယာဉ်လိုင်းများတွင်သာ လေအေးစက်နှင့် မောင်းနှင်မှုရှိသည်။ မြို့တွင်းပြေးဆွဲနေသော ယာဉ် ၄၀၀၀ ဝန်းကျင်တွင် အင်းစိန်လမ်းကြောင်း၊ ယုဇနဥယျာဉ်လမ်းကြောင်း၊ သန်လျင်လမ်းကြောင်းတို့တွင် ပြေးဆွဲသည့် ယာဉ်လိုင်းအချို့တွင် အနည်းငယ်သောယာဉ်များ၌သာ လေအေးစက်ဖွင့်ပေးမှုရှိသည်။ အဓိပတိ(အပြာ) လိုင်းရှိ ကိုရီးယားကား 6H ယာဉ်နှစ်စီးခန့်တွင် နေ့လယ်ပိုင်း လေအေးစက်ဖွင့်ပေးသည်ကို ကြုံတွေ့ခဲ့ရဖူးသည်ဟု ခရီးသည်တစ်ဦးက ဆိုသည်။

၁၀ နှစ်ဝန်းကျင်ရှိခဲ့သော အဓိပတိယာဉ်လိုင်းအပြာတွင် မူလပြေးဆွဲစဉ် ဂျပန်ကားများဖြင့် TV၊ လေအေးစက်ဖွင့်ပေးခဲ့သည်။ နောက်ပိုင်းတွင် ၃၈-၅၈ တရုတ်နိုင်ငံလုပ်ကားဝါ (ကော်ထိုင်ခုံ၊ မျက်နှာကြက်ပန်ကာ) များ အစားထိုးပြေးဆွဲသည့် ၁စ/--- အက္ခရာ တရုတ်နိုင်ငံလုပ် YuToNG ကားအပြင် (ကော်ထိုင်ခုံ၊ မျက်နှာကြက်၊ ပန်ကာ)များ ဖြည့်တင်းပြေးဆွဲသည်။ ယခင်နှစ်တွင် ဆိုဖာနှစ်ယောက်ထိုင်ခုံ၊ လေအေးစက်ဖွင့် ကိုရီးယားကားသစ် 6H/----များ ထပ်ဖြည့်တင်းပြေးဆွဲသည်။ ယခုအခါတွင် ကိုရီးယားကား နှစ်စီးခန့်သာ နေ့လယ်ပိုင်း လေအေးစက်ဖွင့်မောင်းနှင်မှုကြုံတွေ့ရတတ်သည်။

ယင်းယာဉ်အချို့တွင် ကော်ထိုင်ခုံတစ်ပိုင်းပြတ်ရှိခြင်း၊ ယိုင်နဲ့နေခြင်း၊ ထိုင်ခုံတွင် အကွဲကြောင်းများပါနေခြင်းအပြင် ကားပြင်ပရုပ်သွင်များပါညံ့နေသည်ကို မြင်တွေ့ရသည်။

အဓိပတိယာဉ်လိုင်းထက် အချိန်စော၍ ပုံသေကားခ ကျပ် ၂၀၀-၃၀၀ ဖြင့် လမ်းကြောင်းနှစ်ကြောင်း ပြေးဆွဲနေသော ပုဂ္ဂလိကကုမ္ပဏီတစ်ခု၏ယာဉ်လိုင်းတွင် ၇ခ/------အက္ခရာကားများဖြင့် ၁၀ နှစ်ကျော်ပြေးဆွဲနေသော်လည်း ကားသစ်လဲ၍ပြေးဆွဲမှုမရှိသေးပေ။ ၁၀ နှစ်ကျော် ပြေးဆွဲထားသဖြင့် ၇ခ/-- အက္ခရာယာဉ်အများစုမှာ အတွင်း၊ အပြင် ယိုယွင်းပျက်စီးမှုများရှိနေရာ ပုံသေကားခရယူနေသော အထူးကားဟုသတ်မှတ်ပြေးဆွဲရန် မသင့်လျော်ပါဟု လှိုင်သာယာမြို့နယ်နေ ခရီးသည်တစ်ဦးက ဆိုသည်။ **(မောင်စေအောင်)**

## အမြင့်ဆုံး အပူချိန်စံချိန်သစ်

**နေပြည်တော် မတ် ၂၈**

ယနေ့တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည့် အမြင့်ဆုံးအပူချိန်စံချိန်သစ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

| စဉ် | စခန်းအမည် | အမြင့်ဆုံးအပူချိန် စံချိန်သစ် | | အမြင့်ဆုံးအပူချိန် စံချိန်ဟောင်း | | ယခင်စံချိန်ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့်နှစ်မှစ၍လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | ဒီဂရီစင်တီဂရိတ် | ဒီဂရီဖာရင်ဟိုက် | ဒီဂရီစင်တီဂရိတ် | ဒီဂရီဖာရင်ဟိုက် | | |
| ၁။ | မြိတ် | ၃၈. ၅ | ၁၀၁. ၃ | ၃၈. ၀ | ၁၀၀. ၄ | ၂၃. ၃. ၂၀၁၀ | ၆၉ |

**(ကြေးမုံ)**

## မန္တလေး၌ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေး

**မန္တလေး မတ် ၂၈**

ဂျပန်-မြန်မာ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုစင်တာမှ ကြီးမှူး၍ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဆွေးနွေးပွဲကို မတ် ၂၅ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၇၈) လမ်းနှင့်(၃၄) လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်သန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဂျပန်-မြန်မာ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုစင်တာ ဥက္ကဋ္ဌ Mr.yonemura က အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ စက်မှုဝန်ကြီးဌာန အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ရီရီခိုင်က စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေး ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့မှုများအားလည်းကောင်း၊ ဂျပန်-မြန်မာ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုစင်တာမှ Mr. Yonemura က ပြောင်းလဲကျင့်သုံးသင့်သည့်စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဘဏ်လုပ်ငန်းဆိုင်ရာများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးတို့ကို ဆွေးနွေးကြကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

## ပြည်တွင်းရေးရာ

❖ကျောဖုံးမှ

ယခုအခါ မြန်မာနိုင်ငံ၏ အီလက်ထရွန်နစ် ဈေးကွက်အရ Shopping Mall များ ခေတ်စားလာပြီဖြစ်၍ အနာဂတ်ကာလအတွင်း ဈေးကွက်များပိုမိုဖွံ့ဖြိုးများပြားတိုးတက်လာနိုင်စရာ အကြောင်းရှိနေကြောင်း၊ အနာဂတ်ကာလအတွင်း အစိုးရသစ်ပြောင်းလဲတော့မည်ဖြစ်၍ စတော့ဈေးကွက်များလည်း လှုပ်ရှားကစားလာပြီဖြစ်သောကြောင့် နှစ်အနည်းငယ်အတွင်း မြန်မာနိုင်ငံ၏ဈေးကွက်စီးပွားရေးစနစ်မှာ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်းဖြင့် မတ် ၂၇ ရက် နံနက်ပိုင်းက Myanmar Plaza ရှိ မြန်မာနိုင်ငံ၌ ပထမဦးဆုံးဖွင့်လှစ်ခဲ့သော LIFE SQUARE IT MALL ဖွင့်ပွဲအခမ်းအနား၌ ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

လက်ရှိအနေအထားအရ မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် သင်္ကြန်ကာလရောက်ရှိတော့မည်ဖြစ်ရာ သင်္ကြန်အထူးဈေးရောင်းပွဲတော်များကို နေရာအသီးသီး၌ပြုလုပ်ရောင်းချနေကြခြင်းဖြစ်ပြီး ပြပွဲလာပရိသတ်များအတွက် လူမှုပတ်ဝန်းကျင်တွင် မရှိမဖြစ်လိုအပ်သော IT and electronics ဆက်စပ်ပစ္စည်းများကို တစ်နေရာတည်း၌ Mall တစ်ခုအနေဖြင့် ဆောင်ရွက်ပေးလိုက်ခြင်းဖြစ်ကာ Life Square IT and electronics shopping mall အား Myanmar Plaza ဒုတိယထပ်၌ ဖွင့်လှစ်ထားပြီဖြစ်သောကြောင့် ပြပွဲလာပြည်သူများအတွက် အိုင်တီဆက်စပ်ပစ္စည်းများကို အချိန်မကုန် လူမပင်ပန်းဘဲ တစ်နေရာတည်းတွင် ဝယ်ယူရရှိနိုင်တော့မည်ဖြစ်သည်။

LIFE SQUARE မှ ဈေးကွက်မန်နေဂျာ ဦးတေဇာတင်ဦးက “ဒီနေ့ကတော့ အခြားနိုင်ငံတွေရောင်းချတဲ့ပုံစံနည်းတူ အိုင်တီပစ္စည်းနဲ့ပတ်သက်တဲ့ပစ္စည်းတွေကို Mall တစ်ခုအနေနဲ့ ပြုလုပ်လိုက်တာပါ။ ကုမ္ပဏီပေါင်း ၁၇ ခုကနေ ပစ္စည်းအမျိုးအစားပေါင်း ရာချီရောင်းချပြီး ဈေးနှုန်းတွေအရလည်း ကုမ္ပဏီတွေက တိုက်ရိုက်လာရောင်းချကြလို့ ဈေးနှုန်းချိုသာပါတယ်။ ပြပွဲလာပရိသတ်တွေအတွက် ပရိုမိုးရှင်းကာလမှာ ဧပြီ ၉ ရက်အထိ ပြသရောင်းချပေးသွားဦးမှာ ဖြစ်ပါတယ်” ဟု ဆိုသည်။

မြန်မာနိုင်ငံ၌ ပထမဦးဆုံးခင်းကျင်းပြသရောင်းချနေသော အဆိုပါ Life Square IT and electronics shopping mall ၌ အိုင်တီနည်းပညာအသစ်အဆန်းများနှင့် အီလက်ထရွန်နစ် ပစ္စည်းအသစ်အဆန်းများကို ပြပွဲလာပရိသတ်အတွက် ခင်းကျင်းပြသရောင်းချပေးနေပြီဖြစ်ကြောင်း LIFE SQUARE မှ သိရသည်။

**စိုးဝင်း(MLA)**



## ကုသိုလ်ဖြစ် တိုင်းရင်းဆေး ဆေးကုခန်းဖွင့်လှစ်

**ရန်ကုန် မတ် ၂၈**

တိုင်းရင်းဆေးဖြင့် ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် မတ် ၂၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) (၂၆) ရပ်ကွက် ပြည်ထောင်စုလမ်း အခွန်လွတ်ဈေးအနီးတွင် ကုသိုလ်ဖြစ်တိုင်းရင်းဆေးကုခန်း ဖွင့်ပွဲကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ဗဟို)ဒုတိယဥက္ကဋ္ဌ ဦးပေါ်ညိမ်းနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေး ကောင်စီဝင် ဦးသောင်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အသင်းဆိုင်းဘုတ်အား မြန်မာနိုင်ငံဆေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးသန်းညွန့်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဦးသန်းညွန့်က အမှာစကားပြောကြားရာတွင် ဆေးကုခန်းဖွင့်လှစ်ခြင်းဖြင့် ရပ်ကွက်နေ ပြည်သူများအတွက် မြန်မာ့တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုကို အခမဲ့ကုသခွင့်ရရှိမည်ဖြစ်သည်။

ဆေးခန်း ရေရှည်ရပ်တည်နိုင်ရေးနှင့် ယခုထက် ပိုမိုမြင့်မားအောင် ပြည်သူများ တိုင်းရင်းဆေးကို ပိုမိုအားကိုးအားထား ပြုလာနိုင်ရေးအတွက် စေတနာရှင်များက ဆက်လက် ပံ့ပိုးကူညီသွားခြင်းဖြင့် မြန်မာ့တိုင်းရင်းဆေးလောက ပိုမိုမြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ထို့နောက် ဦးသောင်းလွင်နှင့် ဦးဝင်းကိုတို့ကလည်း ဆေးခန်းဖွင့်လှစ်ရခြင်းနှင့် ဆေးခန်းဖြစ်ပေါ်လာပုံများကို ရှင်းလင်းပြောကြားသည်။

ယခုဖွင့်လှစ်လိုက်သည့် ကုသိုလ်ဖြစ် တိုင်းရင်းဆေးကုသခန်းသို့ လာရောက် ကုသလိုသူများအတွက် ဆေးခန်းကို တနင်္လာနေ့မှ စနေနေ့အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး နံနက် ၉ နာရီမှ ၁၀ နာရီအထိ၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခင်မောင်ဝင်း)**

## ဖျောက်ဆိတ်ကုန်းကျေးရွာ မီးလောင်မှု၌ သက်စွန့်ကြိုးပမ်း တာဝန်ယူဆောင်ရွက်ကြသော မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြု

**တောင်တွင်းကြီး မတ် ၂၈**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဆက်သွားအုပ်စု မီးဘေးလုံခြုံရေးအဖွဲ့မှ ညာဂမိုးအုပ်စု ဖျောက်ဆိတ်ကုန်းကျေးရွာ မီးလောင်မှုဖြစ်ရပ်တွင် အသက်ကိုပဓာနမထားဘဲ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲကို မတ် ၂၇ ရက် နံနက် ၉ နာရီက အုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ဂုဏ်ပြုပွဲတွင် အုပ်စုအုပ်ချုပ်ရေးမှူး ဦးအောင်မင်းလတ်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းထွန်းတို့က အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဌေးလွင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို မီးသတ်တပ်ဖွဲ့ဝင်များအား အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ဘဇ၀)**

**မီးသတိပြု**

## သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများအား ထပ်ဆင့်ဂုဏ်ပြုပူဇော်

**မုံရွာ မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၁၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကို မတ် ၂၅ ရက် ညနေပိုင်းက မုံရွာမြို့ ရွှေစည်းခုံ စေတီတော်မြတ်ကြီး သာသနာ့ဗိမာန်တော်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီး၊ လူပုဂ္ဂိုလ်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး **(ယာပုံ)**နှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်များအသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ဓမ္မကထိက ဗဟုဇန ဟိတရေ ဒေါက်တာ ဘဒ္ဒန္တ ဣန္ဒာစရိယ ဆရာတော်ကြီးထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြည်ညိုပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် ပင့်သံဃာ ဆရာတော်ကြီး ၂၀ ပါး၊ သီလရှင်ဆရာကြီး တစ်ပါးတို့အား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြသည်။ **ဖိုးချမ်း(မုံရွာ)**



## ကဝမြို့နယ် သပြေကန်အသင်းကျေးရွာ (၁၆) ခုတင်ဆံ့ တိုက်နယ်ပြည်သူ့ဆေးရုံဖွင့်

**ပဲခူး မတ် ၂၈**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် သပြေကန်အသင်းကျေးရွာ တိုက်နယ်ပြည်သူ့ဆေးရုံ၌ မတ် ၂၇ ရက် နံနက် ၉ နာရီက တိုက်နယ်ပြည်သူ့ဆေးရုံ၊ ကျောင်းဆောင်သစ်၊ မိဘအရိပ် ရွှေရတုယဉ်ကျေးလိမ္မာစာကြည့်တိုက်၊ ရွှေရတုပညာအလင်း ကျောင်းစာကြည့်တိုက်၊ ကွန်ကရစ်လမ်းနှင့် ဇမ္ဗူမင်္ဂလာရေကန်ဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ရေစကြို ဆရာတော် ဘဒ္ဒန္တဝါယမိန္ဒာဘိဝံသ၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဌေးအောင်တို့က (၁၆) ခုတင်ဆံ့ တိုက်နယ်ပြည်သူ့ဆေးရုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးအောင်က ၁၆ ခုတင်ဆံ့ သပြေကန်းအသင်းကျေးရွာ တိုက်နယ်ဆေးရုံနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သပြေကန်အသင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ကျောင်းဆောင်သစ်၊ စာသင်ခုံ၊ သန့်စင်ခန်း၊ ရေချိုးခန်းနှင့် ပစ္စည်းများဆောက်လုပ်ကာ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်လှူဒါန်းသည့်အတွက် တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက လည်းကောင်း၊ စာကြည့်တိုက်၊ ကျောင်းစာကြည့်တိုက်၊ ကွန်ကရစ်လမ်းနှင့် ဇမ္ဗူမင်္ဂလာရေကန်တော် လှူဒါန်းပေးခြင်းအတွက် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်အောင်တို့ကလည်းကောင်း ကျေးဇူးတင် စကားပြောကြားသည်။

(၁၆)ခုတင်ဆံ့ သပြေကန်အသင်းကျေးရွာ တိုက်နယ်ဆေးရုံဖွင့်လှစ်ခြင်းကြောင့် ကျေးရွာအုပ်စု ၁၁ အုပ်စုနှင့် ကျေးရွာပေါင်း ၁၈ ရွာ၊ အိမ်ခြေ ၄၃၀၄၊ လူဦးရေ ၂၀၃၆၇ ဦးတို့၏ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ပြီး ဇမ္ဗူမင်္ဂလာရေအုတ်ကန်တွင်လည်း ရေဂါလန် ၂၃၃၂၈ ဂါလန်သိုလှောင်ကာ သပြေကန်အသင်းကျေးရွာမှ အိမ်ခြေ ၄၇၀ ကို သောက်သုံးရေ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ဒေသခံပြည်သူများတက်ရောက်ကြသည်။

**(၅၈၈)**

## ရေကြောင်းသတိပေးချက် ထုတ်ပြန်

**နေပြည်တော် မတ် ၂၈**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Woodside Energy (Myanmar) Pte.Ltd သည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-7 တွင် 3 D Sea Floor Sampling Survey လုပ်ငန်းများတွင် MV FUGRO SUPPORTER ဖြင့် ဧပြီ ၈ ရက်မှ မေ ၇ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး 3 D Sea Floor Sampling Survey ဆောင်ရွက်မည့်ဧရိယာတည်နေရာများမှာ Point 1 မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၅ ဒသမ ၀၈၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၀ ဒသမ ၈၅၁ မိနစ်၊ Point 2 မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၄၅ ဒသမ ၀၈၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၈ ဒသမ ၆၂၂ မိနစ်၊ Point 3 မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ ဒသမ ၀၈၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၉ ဒသမ ၄၂၀ မိနစ်နှင့် Point 4 မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ ဒသမ ၀၈၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၀ ဒသမ ၈၅၂ မိနစ်တို့အတွင်းတွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-7 တွင် 3D Sea Floor Sampling Survey လုပ်ငန်းများတွင် MV FUGRO SUPPORTER ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်း သင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။ **(ကြေးမုံ)**

## စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေးအလုပ်ရုံဆွေးနွေး

**ငပုတော မတ် ၂၈**

ငပုတောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာပေဗဟုသုတတိုးပွားရေးအတွက် စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများမြှင့်တင်ရေးဆွေးနွေးပွဲကို ငပုတောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ မတ် ၂၆ ရက် နံက် ၁၀ နာရီက ကျင်းပသည်။

ဆွေးနွေးပွဲတွင် စာကြည့်တိုက်မှူးများက စာကြည့်တိုက်များရေရှည်တည်တံ့ခိုင်မြဲရေး၊ ရှင်သန်တိုးတက်ရေး၊ စာဖတ်ပရိသတ်တိုးပွားရေး၊ စာကြည့်တိုက်မှူးများ ရေရှည်တာဝန်ထမ်းဆောင်နိုင်ရေး၊ စာကြည့်တိုက်မှူးများ၏ အရည်အသွေးမြင့်မားရေးစသည့် ဝန်ဆောင်မှုမြှင့်တင်ရေး လုပ်ငန်းများအား ဆွေးနွေးအကြံပြုကြပြီး အစုအဖွဲ့အလိုက်မှတ်တမ်းတင်ခြင်း၊ ပြန်လည်ရှင်းလင်းပြောကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မျိုးကျော်သူ)**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၂၉ - ၃ -၂၀၁၆ (အင်္ဂါနေ့)]

## မြန်မာ့ရုပ်မြင်သံကြား News Channel

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၈း၃၅ | "နမ့်စန်တောင်ကြားမှ ယင်းကြားများ" |
| ၉း၃၅ | မြန်မာ့ရုပ်မြင်သံကြားလူငယ် အစီအစဉ် |
| ၁၀း၃၅ | သိပ္ပံနှင့်နည်းပညာအစီအစဉ် |
| ၁၁း၃၅ | "ရာသီဥတုပြောင်းလဲမှုနဲ့ လိုက်လျောညီထွေရှိစေသည့် အကြောင်းအရာများရှာဖွေရာ" |
| ၁၂း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မိုရ်မေမေ" (အပိုင်း-၂၁) |
| ၁း၄၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်" (အပိုင်း-၃၁) |
| ၂း၀၀ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၃း၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၄း၁၅ | "တောင်ဇလပ်မြေက . . . မေတ္တာပျိုးခင်း" (ချင်းပြည်နယ်၊ ဟားခါးမြို့) |
| ၄း၃၅ | Football Magazine (ဧရာဝတီယူနိုက်တက်အသင်း) |
| ၅း၁၅ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ DJ Wine) |
| ၅း၃၅ | မြန်မာငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း (စီးပွားရေး လုပ်ငန်းတစ်ခု အောင်မြင်ရန် လိုအပ်သောငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုများ) (အပိုင်း-၂) |
| ၆း၃၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မြစိမ်းရောင်သံစဉ်" (အပိုင်း-၃၂) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၈း၃၅ | "စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂)၏သံမဏိစက်ရုံ ပင်းပက် ဒုတိယအဆင့် စက်ရုံ စမ်းသပ်လည်ပတ်ခြင်း" |
| ၉း၀၀ | ပြည်တွင်းသတင်း<br>-Yes or No Talk Show (Review of Season-1) (Part-1)<br>-"6th ASEAN Quiz" (Part-2)<br>-နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မိုရ်မေမေ" (အပိုင်း-၂၂) |

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | အဖွင့်<br>-မိုးလေဝသအစီအစဉ်<br>-တေးဂီတအစီအစဉ် |
| ၆း၃၀ | ပြည်သူ့နီတိ "တူသောအကျိုး" |
| ၆း၄၀ | တေးဂီတအစီအစဉ် |
| ၇း၀၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်သော ပန်းဥယျာဉ်" (အပိုင်း-၁၁) |
| ၇း၄၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "အချစ်စစ်ရဲ့ အလှတရား" (အပိုင်း-၁၁) |
| ၈း၃၀ | ကာတွန်းအစီအစဉ် "BEN 10 ALIEN FORCE" (အပိုင်း-၂၁) |
| ၉း၀၀ | တေးဂီတအစီအစဉ် |
| ၉း၁၀ | အဆိုတော် ဒေါ်မာမာအေး (အပိုင်း-၁) |
| ၉း၅၀ | နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ |
| ၁၀း၀၀ | အကပဒေသာ |
| ၁၀း၂၀ | မြန်မာ့ဗီဒီယိုဇာတ်လမ်း "နှောင်ကြိုးမဲ့ ချစ်သူ" |
| ၁၂း၀၀ | အစီအစဉ်ပြီး၏ |

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

## MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+မေတ္တာသုတ် |
| ၅း၄၀ | "ကောသလမင်း၏ မြတ်ဗုဒ္ဓအပေါ် ကြည်ညိုလေးစားမှု" တရားတော် (ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ) |
| ၈း၀၀ | "မင်္ဂလာပါ" The Morning Show |
| ၁၁း၀၀ | အနုပညာမိုးကောင်းကင် |
| ၁၁း၂၅ | သွားမယ် စားမယ် (Wood Land) |
| ၁၁း၅၅ | Forever Music Tribute ထူးအိမ်သင် (အပိုင်း-၅) (ဒုတိယပိုင်း) |
| ၁၂း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ဓဝင်ကုန်သည်" (အပိုင်း-၄၃) |
| ၂း၂၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွှာ" (အပိုင်း-၄၉) |
| ၃း၁၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရ ချစ်သူသည်သာ" (အပိုင်း-၁၆) |
| ၄း၁၀ | Cartoon Series (Go Go Giggles) |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၁၇) |
| ၇း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွှာ" (အပိုင်း-၅၀) |
| ၈း၁၅ | ရသစုံညွှန်းတမ်းများ |
| ၈း၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၆၄) |
| ၉း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ဓဝင်ကုန်သည်" (အပိုင်း-၄၄) |
| ၉း၅၅ | အနုပညာမိုးကောင်းကင် |
| ၁၀း၂၀ | MRTV-4 Stage |
| ၁၀း၄၅ | World of Knowledge (WORLD CYBER GAMES) |

## မြဝတီရုပ်မြင်သံကြား

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၅ | မေတ္တာပို့ |
| ၆း၂၀ | ဓမ္မပူဇာတေး |
| ၈း၀၄ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၀ | စိုက်ပျိုးသုတ |
| ၈း၂၅ | မြတ်နိုးစရာရိုးရာလက်မှုပညာ |
| ၈း၃၅ | ခရီးလည်းသွားစကားလည်းဆို |
| ၉း၀၀ | တည်ဆောက်ပြုပြင်မြို့တော်တစ်ခွင် |
| ၄း၂၅ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၄း၃၅ | အင်္ဂလိပ်စာသုတ |
| ၄း၄၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၅း၀၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၁၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း<br>- မင်းသမီးနဲ့ကျွန်တော် အပိုင်း(၈) |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း<br>- အရုဏ်ဦးရဲ့ချစ်ပန်းသခင် အပိုင်း(၇) |
| ၆း၁၀ | Let's Go |
| ၆း၃၅ | Dream Team |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း<br>- ချစ်သူတို့စိတ်ဝမ်းအေးချမ်းပါစေ အပိုင်း(၁၆)<br>- VOA အင်္ဂလိပ်စာသင်ခန်းစာ<br>- ဟာသရုပ်စုံ<br>- ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်<br>- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း<br>- ဟိုတယ်ဘုရင် အပိုင်း(၁၅) |

# "Apink"၏ တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်



တောင်ကိုရီးယားအမျိုးသမီးပေါ့ပ် တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Apink" က တောင်ကိုရီးယားနိုင်ငံရဲ့ ယခုနှစ်နွေဦးကို အဖွဲ့ရဲ့ငါးခုမြောက် တေးအယ်လ်ဘမ်ဖြစ်တဲ့ ဂျပန်တေးအယ်လ်ဘမ်သစ်ကို ထုတ်လွှင့်ခြင်းဖြင့် ကြိုဆိုလိုက်ကြောင်း အမ်ဝေ့ဖ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါတေးဂီတအဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ် "Brand New Days"မှာ ရှည်လျားလှတဲ့ဆောင်းရာသီကို ကျော်ဖြတ်ခဲ့ကာ နွေဦးမှာ စိတ်သစ် လူသစ်နဲ့ ဘဝခရီးဆက်နိုင်ရန် စိတ်ခွန်အားတွေပေးစွမ်းသွားမယ့် တေးသီချင်းတွေပါဝင်ကြောင်းလည်း သိရပါတယ်။

"Brand New Days" ဟာ ယင်းတေးဂီတအဖွဲ့ရဲ့ ပထမဦးဆုံးသော ဂျပန်ကိုယ်ပိုင်သံစဉ် တေးအယ်လ်ဘမ်ဖြစ်ပြီး ပရိသတ်တွေထံသို့ ကောင်းမွန်တဲ့ခံစားမှုတွေဖြစ်တဲ့ ရဲရင့်မှုနဲ့ စွမ်းအားတွေကို သယ်ဆောင်လာပေးမယ့် တေးအယ်လ်ဘမ်တစ်ခုလည်း ဖြစ်ပါတယ်။ "Apink"ဟာ ယင်းတေးအယ်လ်ဘမ်နဲ့ ဂျပန်ပရိသတ်တွေကို ဆွဲဆောင်ကာ အဖွဲ့အတွက် ပရိသတ်တိုးဖို့ မျှော်လင့်နေပါတယ်။

လတ်တလောမှာ အဆိုပါတေးဂီတအဖွဲ့ဟာ ပရိသတ်တွေနဲ့ လက်ခံတွေ့ဆုံဖို့ အစီအစဉ်တွေရှိနေပြီး လာမယ့်ဧပြီလအတွင်း စင်ကာပူနိုင်ငံက ပရိသတ်တွေကို သွားရောက်တွေ့ဆုံမှာဖြစ်ကြောင်း သိရပါတယ်။

# ပရိသတ်အခိုင်အမာရရှိထားဆဲဖြစ်တဲ့ "Batman v Superman"

DC ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ခဲ့တဲ့ လူစွမ်းကောင်းရုပ်ရှင်တစ်ခုဖြစ်တဲ့ "Batman v Superman: Dawn of Justice "ဟာ ရုပ်ရှင်ကို စမ်းသပ်ထုတ်လွှင့်ပြသမှုအပြီး ရုပ်ရှင်ဝေဖန်သူများရဲ့ ဘီအဆင့်သတ်မှတ်ပေးခြင်းခံခဲ့ရပါတယ်။ ယင်းရုပ်ရှင်ဟာ ထင်သလောက်မကောင်းဘူးလို့ ဝေဖန်သံတွေထွက်ပေါ်ခဲ့ပေမယ့် အဆိုပါရုပ်ရှင်ကို ရုံတင်ပြသခဲ့တဲ့အချိန်မှာတော့ မြောက်အမေရိကန်မှာ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၇၀ ဒသမ ၁ သန်းခန့်ရရှိခဲ့ပြီး ယခုသီတင်းပတ်အတွင်း ဝင်ငွေအကောင်းဆုံးရုပ်ရှင်အဖြစ် ရပ်တည်နိုင်ခဲ့တာမို့ ဝေဖန်သံတွေအကြားမှာပဲ ပရိသတ်အခိုင်အမာရှိနေသေးတဲ့ ရုပ်ရှင်တစ်ခုဖြစ်တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ယင်းရုပ်ရှင်ကို မြောက်အမေရိကမှာရှိတဲ့ ရုပ်ရှင်ရုံတွေအပြင် ကမ္ဘာတစ်ဝန်းကရုံတွေမှာလည်း ရုံတင်ပြသခဲ့ရာမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၅၄ သန်းခန့် ထပ်မံရရှိခဲ့ကြောင်း သိရပါတယ်။

ဒါ့အပြင် အဆိုပါရုပ်ရှင်ဟာ DC ရုပ်ရှင်ထုတ်လုပ်ရေးရဲ့ ရုပ်ရှင်တွေအနက် ထုတ်လွှင့်ပြသခဲ့တဲ့ ပထမဆုံးသီတင်းပတ်အတွင်း အအောင်မြင်ဆုံးရုပ်ရှင်အဖြစ် ရပ်တည်နိုင်ခဲ့ပြီး ဒေသတွင်းရုပ်ရှင်တွေအနက် ထုတ်လွှင့်ပြသခဲ့တဲ့ ပထမဦးဆုံးသီတင်းပတ်အတွင်း ဆဋ္ဌမမြောက်အအောင်မြင်ဆုံးသောရုပ်ရှင်နေရာမှာ ရပ်တည်နိုင်ခဲ့တဲ့အထိ အောင်မြင်ခဲ့ပါတယ်။ ဒါကြောင့် မြောက်အမေရိကန်က လက်မှတ်အရောင်းဌာနမှ ဝန်ထမ်းတစ်ဦးက "ရုပ်ရှင်တစ်ခုရဲ့ ကောင်းခြင်း၊ မကောင်းခြင်းနဲ့ ပတ်သက်ပြီး သူ့ရဲ့ပရိသတ်တွေက ပြောပြတဲ့အသံဟာ အကျယ်လောင်ဆုံးပါ။ ယခုအောင်မြင်မှုဟာ ဒီရုပ်ရှင်ရဲ့ အမာခံပရိသတ်ဘယ်လောက်ရှိတယ်ဆိုတာကို သက်သေပြလိုက်တာပဲ ဖြစ်ပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

"Batman v Superman: Dawn of Justice" ရဲ့ ပရိသတ်တွေကို လေ့လာကြည့်တဲ့အခါ အမျိုးသားပရိသတ်က ပရိသတ်အားလုံးရဲ့ ၆၆ ရာခိုင်နှုန်းရှိပြီး ၆၃ ရာခိုင်နှုန်းကတော့ အသက် ၁၈ နှစ်နဲ့ ၃၄ နှစ်အကြားရှိတဲ့သူတွေဖြစ်ကြောင်း တွေ့ရှိရတယ်လို့ သိရပါတယ်။





# တေးအယ်လ်ဘမ်သစ်နဲ့ ဘေဘုတ်ရဲ့ နံပါတ်တစ်နေရာကို ပထမဦးဆုံးအကြိမ်ရောက်ရှိခဲ့တဲ့

# ဂွမ်စတာစ်ဖန်နီ

အမေရိကန်အဆိုတော် ဂွမ်စတစ်ဖန်နီရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ်ဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ဘေဘုတ်ရဲ့ အကျော်ကြားဆုံးသော တေးသီချင်း ၂၀၀ စာရင်းမှာ နံပါတ်တစ်နေရာကို ရယူထားနိုင်ခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။ ယခုလို ဘေဘုတ်ရဲ့နံပါတ်တစ်နေရာကို ရယူနိုင်ခဲ့ခြင်းဟာ ဂွမ်စတစ်ဖန်နီအတွက် ပထမဦးဆုံးအကြိမ်လည်း ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ မတ် ၁၈ ရက်က စတင်ထုတ်လွှင့်ခဲ့တဲ့ ဂွမ်စတစ်ဖန်နီရဲ့ တတိယမြောက် ဆိုလိုတေးအယ်လ်ဘမ် "This Is What the Truth Feels Like" ဟာ လတ်တလောအချိန်အထိ တေးအယ်လ်ဘမ်ပေါင်း ၇၆၀၀၀ ရောင်းချခဲ့ရပြီးဖြစ်ကာ ဘေဘုတ်ရဲ့ နံပါတ်တစ်နေရာကို ရယူနိုင်ခဲ့တာဖြစ်ပါတယ်။

ဘေဘုတ်ပေါ်မှာ ထိပ်တန်းက ရပ်တည်နိုင်ခဲ့တဲ့ ဂွမ်စတစ်ဖန်နီရဲ့အခြားသော တေးအယ်လ်ဘမ်တွေအဖြစ် ၂၀၀၆ ခုနှစ်က ထုတ်လွှင့်ခဲ့တဲ့ "Sweet Escape"ဟာ ထုတ်လွှင့်ခဲ့တဲ့ ပထမဦးဆုံးသီတင်းပတ်အတွင်းမှာ နံပါတ် သုံးနေရာမှာ ရောက်ရှိခဲ့ကာ ၂၀၀၄ ခုနှစ်က ထုတ်လွှင့်ခဲ့တဲ့ "Love.Angel.Music.Baby" ကတော့ နံပါတ်ငါးနေရာကို ရယူနိုင်ခဲ့ပါတယ်။

ဂွမ်စတစ်ဖန်နီဟာ သူပါဝင်လှုပ်ရှားခဲ့တဲ့ ရော့ခ်တေးဂီတအဖွဲ့ "No Doubt"ရဲ့ တေးအယ်လ်ဘမ် "Tragic Kingdom"နဲ့ ဘေဘုတ်ရဲ့ နံပါတ်တစ်နေရာကို ရယူခဲ့ဖူးပေမယ့် တစ်ကိုယ်တော် တေးအယ်လ်ဘမ်အနေနဲ့တော့ ယခုတစ်ကြိမ်မှ ဘေဘုတ်ရဲ့ထိပ်ဆုံးနေရာကို ပိုင်ဆိုင်ခွင့်ရခဲ့ခြင်းဖြစ်ပါတယ်။ "Tragic Kingdom"ဟာ ၁၉၉၆ နဲ့ ၁၉၉၇ ခုနှစ်တွေအတွင်းမှာ သီတင်းပတ်ကိုးပတ်ခန့် ဘေဘုတ်ရဲ့ ထိပ်ဆုံးနေရာကို ပိုင်ဆိုင်ခွင့်ရရှိခဲ့တဲ့ တေးအယ်လ်ဘမ်တစ်ခုဖြစ်ပါတယ်။


ယခုသီတင်းပတ်အတွက် ဘေဘုတ်ရဲ့ နံပါတ်နှစ်နေရာမှာ ရပ်တည်နေခဲ့တဲ့ တေးအယ်လ်ဘမ်ကတော့ တေးသံရှင် ဂျော်ဒန်စမစ်သ်ရဲ့ "Something Beautiful"ဖြစ်ပြီး အလွန်အောင်မြင်ခဲ့တဲ့ ရီဟားနားရဲ့ တေးအယ်လ်ဘမ်သစ် "Anti"ကတော့ ယခုသီတင်းပတ်မှာ ဘေဘုတ်ရဲ့ နံပါတ်သုံးနေရာကို ရယူထားနိုင်ခဲ့ပါတယ်။

အေးပြည့်
စုစည်းရေးသားသည်

**အားကစား**




# စီးပွားရေးဆန်လွန်းတဲ့ အာဆင်နယ်ရဲ့ အပြောင်းအရွှေ့မူဝါဒနဲ့ စတေးခံခဲ့ရသော ပရီမီယာလိဂ်ချန်ပီယံ အိပ်မက်များ







လာမယ့်ရာသီ ပရီမီယာလိဂ်ကို ဂွါဒီယိုလာလို နည်းပြမျိုး ရောက်ရှိလာတော့မှာဖြစ်တဲ့အတွက် ပြိုင်ဆိုင်မှုပိုပြီး ပြင်းထန်လာမှာဖြစ်တာကြောင့် အာဆင်နယ်အနေနဲ့ နွေဈေးကွက်မှာ ကစားသမားအင်အားဖြည့်တင်းဖို့ ငွေများများသုံးဖို့ လိုတယ်ဆိုပြီး အာဆင်နယ်အသင်း ကွင်းလယ်ဖန်တီးရှင် အိုဇေးလ်က နည်းပြဝင်းဂါးကို တိုက်တွန်းလိုက်ပါတယ်။ မန်စီးတီးကို ဂွါဒီယိုလာရောက်ရှိလာခြင်းက ပြိုင်ဘက်အသင်းတွေရဲ့ ချန်ပီယံအိပ်မက်ကို ရိုက်ချိုးနိုင်ပြီး လာမယ့် ၂၀၁၆-၂၀၁၇ ဘောလုံးရာသီကစပြီး ပရီမီယာလိဂ်ချန်ပီယံဖြစ်ဖို့ အရင်ကထက် ပိုပြီး ခက်ခဲလာမှာ သေချာတယ်လို့ အိုဇေးလ်က အဖြေထုတ်ပါတယ်။

အာဆင်နယ်ဟာ ပြီးခဲ့တဲ့နွေဈေးကွက်ကလည်း ဂိုးသမားပီတာဆက်ချ်တစ်ယောက်ကိုသာ ခေါ်ယူခဲ့ပြီး အားလုံးက လိုအပ်နေပါတယ်ဆိုတာ ထောက်ပြထားတဲ့ တိုက်စစ်ကစားသမားတွေကို ဝယ်ယူဖို့ ပျက်ကွက်ခဲ့လို့ အာဆင်နယ်ရဲ့ အပြောင်းအရွှေ့မူဝါဒအပေါ် အမာခံပရိသတ်တွေက ဒေါသထွက်ပြီး ပေါက်ကွဲခဲ့ပါသေးတယ်။

အာဆင်နယ်က လွန်ခဲ့တဲ့ နှစ်ရာသီဆက်တိုက် ကမ္ဘာ့ထိပ်တန်းခြေစွမ်းရှိတဲ့ အိုဇေးလ်၊ ဆန်းချက်ဇ်တို့နှစ်ဦးကို ခေါ်ယူနိုင်ခဲ့ပေမယ့် ကစားသမားအပြောင်းအရွှေ့စရိတ်အတွက် တစ်ရာသီတည်း ပေါင်သန်း ၅၅၀ လောက်သုံးစွဲခဲ့တဲ့ မန်ယူလိုအသင်းမျိုးနဲ့ယှဉ်ရင် ရယ်စရာတောင်ဖြစ်နေပါတယ်။ အာစင်ဝင်းဂါးကတော့ နာဆရီ၊ ဖာဘရီဂတ်စ်၊ ဆက်ဂ်နာ၊ ဆောင်း၊ အွန်နရီ၊ ဗန်ပါစီတို့လို ကစားသမားကောင်းတွေကို အခြားအသင်းတွေဆီ လက်လွှတ်ခဲ့ရတာက ဟိုက်ဘူရီကနေ အမ်းမရိတ်စ်ကွင်းသစ်ကြီးဆီ ပြောင်းရွှေ့တဲ့ ကုန်ကျစရိတ်တွေကြောင့်ဖြစ်ပြီး သန်းကြွယ်သူဌေးဘောလုံးသမားတွေရဲ့ ငွေကြေးနောက် တစိုက်မတ်မတ်လိုက်မှုတွေက သူ့ရဲ့ ချန်ပီယံအိပ်မက်တွေကို ဖျက်ဆီးပစ်ခဲ့တယ်လို့ စွပ်စွဲလိုက်ပါတယ်။

တကယ်တော့ ယနေ့ခေတ်ပရော်ဖက်ရှင်နယ်ကစားသမားတွေက အရွယ်ရှိတုန်း၊ ခွန်အားရှိတုန်း၊ ခြေစွမ်းတက်တုန်း ငွေကြေးနောက်ကို လိုက်တာဟာ ဘောလုံးလောကမှာ ဖြစ်ပျက်နေတာကြာပြီဖြစ်ပါတယ်။ တချို့ကစားသမားတွေဆို အသက်(၃၀)တောင်မပြည့်သေးဘဲ နိုင်ငံလက်ရွေးစင်ဘဝက အနားယူပြီးတော့ ကလပ်အသင်းအတွက်ပဲ ကစားပေးနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုကိစ္စတွေဖြစ်နေတဲ့ ဘောလုံးလောကမှာ ငွေကိုမသုံးဘဲ ရှိတဲ့ကစားသမားအင်အားနဲ့ ပရီမီယာလိဂ်ဖလားကို ပြန်ယူမယ်လို့ စိတ်ပိုင်းဖြတ်ထားတဲ့ ဝင်းဂါးရဲ့ စီးပွားရေးဆန်လွန်းတဲ့ ဘောလုံးဒဿနဟာ အာဆင်နယ်ပရိသတ်တွေအတွက်တော့ စိတ်ပျက်ငြီးငွေ့စရာပါ။

အာဆင်နယ်ရဲ့ အပြောင်းအရွှေ့မူဝါဒအရ လူငယ်ကစားသမားတွေကို ဝယ်ယူပျိုးထောင်ပြီး အခြားငွေကြေးတောင့်တင်းတဲ့အသင်းကြီးတွေက အလိုရှိလာပြီဆို ပြန်ထုတ်ရောင်းလေ့ရှိတာကြောင့် "သမင်မွေးရင်း ကျားစားရင်း" ဆိုသလိုပါပဲ။ ဝဲလ်ဘတ်ဒဏ်ရာရနေတုန်း ခြေစွမ်းမမှန်တဲ့ ဂီရော့ဒ်၊ ဝဲလ်ကော့တို့ကိုသာ အလှည့်ကျကစားခိုင်းနေပြီး ဆန်းချက်ဇ်၊ အိုဇေးလ်၊ ရမ်ဆေးတို့ ဂိုးမသွင်းနိုင်ရင် ရှုံးပွဲကြုံတွေ့ရတဲ့အထိ ဖြစ်နေတာကတော့ ချန်ပီယံဖြစ်မယ့်အသင်းတစ်သင်းမှာရှိတဲ့ လက္ခဏာရပ်မဟုတ်ပါဘူး။

ဒါကြောင့် အာဆင်နယ်ပရိသတ်တွေက အရင်က တိုက်စစ်ကို ဦးဆောင်ကစားတဲ့ အွန်နရီ၊ ဗန်ပါစီတို့လို ကစားသမားမရှိတဲ့အသင်းရဲ့ တိုက်စစ်အင်အားအပေါ် စိတ်ပျက်လာကြတာဖြစ်ပါတယ်။ အာဆင်နယ်အသင်းက ကွင်းလယ်၊ နောက်တန်း၊ ဂိုးသမားနေရာတွေမှာ ထိပ်တန်းအသင်းတစ်ခုရဲ့ စုဖွဲ့မှုရှိပေမယ့် ချန်ပီယံလိဂ်မှာ ဘာစီလိုနာကို နှစ်ကျော့လုံး ဂိုးပြတ်ရှုံးနိမ့်ခဲ့တာ၊ ချယ်လ်ဆီး၊ မန်ယူ၊ ဆောက်သမ်တန်၊ စပါးတို့လို ကွင်းလယ်ကစားအားမာတဲ့ အသင်းတွေနဲ့တွေ့ရင် ရလဒ်ပိုင်းမကောင်းတတ်တာတွေက အဆုံးအဖြတ်ပေးနိုင်တဲ့ တိုက်စစ်ကစားသမားမရှိလို့ ဖြစ်လာတဲ့ နောက်ဆက်တွဲဆိုးကျိုးတွေပါပဲ။

ဝင်းဂါးက ပြီးခဲ့တဲ့နွေဈေးကွက်မှာ ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး ဘင်ဇီမာ၊ ပီအက်စ်ဂျီတိုက်စစ်မှူး ကာဗာနီ၊ ဂျူဗင်တပ်တိုက်စစ်မှူး မိုရာတာတို့ကို ခေါ်ယူဖို့ ချဉ်းကပ်ခဲ့သေးပေမယ့် အောင်မြင်မှုဝေးကွာနေတဲ့ ကလပ်အသင်းရဲ့ အနေအထားရယ်၊ ပြုပြင်ပြောင်းလဲမှုအကြီးစား လုပ်ဖို့ ပျက်ကွက်နေတဲ့ အပြောင်းအရွှေ့မူဝါဒတွေရယ်ကြောင့် ဘယ်ထိပ်တန်းကစားသမားကိုမှ ခေါ်လို့မရတာဖြစ်ပါတယ်။

ဒါကြောင့် ၂၀၀၄ ခုနှစ်နောက်ပိုင်း မဆွတ်ခူးနိုင်ခဲ့တာ ကြာပြီဖြစ်တဲ့ ပရီမီယာလိဂ်ဖလားကို ပြန်လိုချင်ရင် ထိပ်တန်းကစားသမားတစ်ယောက်ကို ပြောင်းရွှေ့ကြေးပေါင်သန်း၅၀ အထက် ပေးချေနေရတဲ့ ဒီနေ့ခေတ်ဘောလုံးလောကရဲ့ ဈေးကွက်တောင်းဆိုချက်အတိုင်း အာဆင်နယ်အနေနဲ့ ငွေကြေးအမြောက်အမြား သုံးစွဲဖို့ ဝန်မလေးသင့်ဘူးလို့ ယူဆမိပါတယ်။ ဒီလိုမှမဟုတ်ရင်တော့ ပရီမီယာလိဂ်ဖလား ဆွတ်ခူးဖို့ ၁၀ စုနှစ်တစ်ခုကျော် ဝေးကွာရာကနေ လီဗာပူးအသင်းလို ၁၀ စုနှစ်သုံးခုကျော်လောက်အထိ ဝေးကွာနေပြီး ချန်ပီယံလိဂ်ဝင်ခွင့်တောင် မလွယ်ကူတော့တဲ့အနေအထား တဖြည်းဖြည်းရောက်ရှိ သွားတဲ့အထိ ဆိုးရွားသွားပါလိမ့်မယ်။

**ငါးနှစ်အတွင်း ပရီမီယာလိဂ်ဖလားဆွတ်ခူးထားသည့် ကလပ်အသင်းများနှင့် နည်းပြများ**

| ဘောလုံးရာသီ | ချန်ပီယံအသင်း | နည်းပြ |
|---|---|---|
| ၂၀၁၄-၂၀၁၅ | ချယ်လ်ဆီး | မော်ရင်ဟို |
| ၂၀၁၃-၂၀၁၄ | မန်စီးတီး | ပယ်လီဂရီနီ |
| ၂၀၁၂-၂၀၁၃ | မန်ယူ | ဖာဂူဆန် |
| ၂၀၁၁-၂၀၁၂ | မန်စီးတီး | မန်စီနီ |
| ၂၀၁၀-၂၀၁၁ | မန်ယူ | ဖာဂူဆန် |

**ပရီမီယာလိဂ်ချန်ပီယံ အကြိမ်အများဆုံးဖြစ်ခဲ့သည့် အသင်းများ**

| ကလပ်အမည် | အကြိမ်အရေအတွက် |
|---|---|
| မန်ယူ | ၂၀ |
| လီဗာပူး | ၁၈ |
| အာဆင်နယ် | ၁၃ |
| အဲဗာတန် | ၉ |
| အက်စတွန်ဗီလာ | ၇ |

မေလွဲ့သင်း - ရေးသားသည်

## ဘာစီလိုနာအတွက် အရည်အချင်းပြည့်ဝသူဟု ထင်မထားကြောင်း တိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ် ထုတ်ဖော်ပြောကြား

ဘာစီလိုနာအသင်းမှ ဥရုဂွေးတိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်က ၎င်းမှာ ဘာစီလိုနာအသင်းအတွက် အရည်အချင်းပြည့်ဝသူတစ်ဦးအဖြစ် ထင်မထားကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ တိုက်စစ်မှူး ဆွာရက်ဇ်သည် ၂၀၁၄ ခုနှစ်အတွင်းက ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းမှ စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။

တိုက်စစ်မှူးလူးဝစ်ဆွာရက်ဇ်သည် ထိုသို့ပြောင်းရွှေ့လာခဲ့ပြီးနောက် တိုက်စစ်မှူး မက်ဆီ၊ တိုက်စစ်မှူး နေမာတို့နှင့်အတူ အတွဲအဖက်မိကာ ပြီးခဲ့သည့်ဘောလုံးရာသီက ဘာစီလိုနာအသင်းအား တစ်နှစ်တည်းဆုဖလားသုံးလုံး ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

လက်ရှိဘောလုံးရာသီတွင်လည်း တိုက်စစ်မှူး ဆွာရက်ဇ်သည် သွင်းဂိုး ၄၃ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့ပြီး လွန်ခဲ့သည့်ဘောလုံးရာသီကကဲ့သို့ ချန်ပီယံလိဂ်ဖလား၊ စပိန်ကိုပါဒယ်ရေးဖလား၊ လာလီဂါဖလားစသည့် ဖလားသုံးလုံးကို တစ်နှစ်တည်းအရယူပေးရန် အသင့်ရှိနေသူဖြစ်သည်။

သို့ရာတွင် အသက်(၂၉)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဆွာရက်ဇ်က ဘာစီလိုနာအသင်းအတွက် တောက်ပတဲ့ကြယ်တစ်ပွင့်ဖြစ်ပြီလားဆိုတာနှင့် ပတ်သက်၍ သံသယဖြစ်ဖွယ်အခြေအနေမှာသာ ရှိနေဆဲဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

"ဘာစီလိုနာအသင်းမှာကစားဖို့ အိပ်မက်တွေ မက်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော့်အနေနဲ့ ဘာစီလိုနာအသင်းအတွက် အရည်အချင်းပြည့်ဝတဲ့




ကျောနံပါတ်(၉)ကစားသမားတစ်ဦးဖြစ်တယ်ဆိုတာကတော့ ပြည့်ဝတဲ့ယုံကြည်မှု မရှိသေးပါဘူး"ဟု တိုက်စစ်မှူး ဆွာရက်ဇ်က ဆိုသည်။

ဘာစီလိုနာအသင်းတွင် စွမ်းဆောင်ရည်ကောင်းများ ပြသနိုင်သည့် မက်ဆီ၊ နေမာနှင့် ဆွာရက်ဇ်တို့ရှိနေခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီ ဘာစီလိုနာအသင်းသည် ၂၀၀၈ နှင့် ၂၀၁၂ အကြား နည်းပြ ဂွါဒီယိုလာ လက်ထက်က နာမည်ကြီးခဲ့သည့် ဘာစီလိုနာအသင်းထက်ပင် ပို၍ကောင်းသည့် အသင်းအဖြစ် အများစုက လက်ခံယုံကြည်ထားကြသည်။ **(ငွေကြယ်)**

## မာရှယ်လ်အား ခေါ်ယူရန် ပီအက်စ်ဂျီအသင်း ပြင်ဆင်လျက်ရှိ

ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းသည် ပရီမီယာလိဂ်ကလပ် မန်ယူအသင်းမှ တိုက်စစ်မှူးမာရှယ်လ်အား ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူသွားရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ပြင်သစ်ချန်ပီယံပီအက်စ်ဂျီအသင်းသည် ဇွန်လတွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်ကို ဆုံးရှုံးရန် နီးစပ်နေသည့်အပြင် တိုက်စစ်မှူး ကာဗာနီကိုလည်း အခြားသောအပြောင်းအရွှေ့ဈေးကွက်တွင် ဘဏ္ဍာငွေတိုးမြှင့်ရရှိရန် ရောင်းချသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ပီအက်စ်ဂျီအသင်းက အသင်း၏ အနာဂတ်တိုက်စစ်ပိုင်းအတွက် မန်ယူတိုက်စစ်မှူး မာရှယ်လ်ကို ခေါ်ယူသွားရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ **(ငွေကြယ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

မတ် ၂၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၃)တွင် ဖော်ပြပါရှိခဲ့သည့် "ချန်ပီယံလိဂ်ဖလား၊ ယွန်းဘက်နှင့် သူ၏ပရိသတ်များ ပျော်ရွှင်ခဲ့သည့်ည"ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည့် ခင်ဇာလီ၏အင်တာဗျူးတွင် "ချန်ပီယံလိဂ်ဖလားကို ၁၉၅၄ ခုနှစ် ဗီယက်နမ်မြို့မှာ စတင်မွေးဖွားခဲ့သည်"ဟူသော စာသားအစား "ချန်ပီယံလိဂ်ဖလား၏ သန္ဓေတည်ရာအစမှာ ၁၉၅၄ ခုနှစ် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ဖြစ်သည်"ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(စာတည်း)**

# ထားဝယ်မြို့တွင် မီးလောင်မှုဖြစ်ပွား

**ထားဝယ် မတ် ၂၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ကရပ်ပြင်တောင်ရပ် လေသာလမ်းရှိ ဦးလှဝင်းနေအိမ်၌ မတ် ၂၇ ရက် နံနက်ပိုင်းက မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ ယင်းနေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် ဦးလှဝင်း(၆၀) နှစ်သည် သုံးဘီးမောင်းရန်နေအိမ်မှထွက်ခွာသွားစဉ် ၎င်း၏ ခနိမိုး၊ ထရံကာ၊ တစ်ထပ်နေအိမ် မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးစတင်လောင်ကျွမ်းခြင်းဖြစ်သည်။ မီးလောင်ကျွမ်းရာသို့ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ရဲသူရိန်ခင်မောင်ရီ၊ သန္တေမီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်ငါးစီး၊ ခရိုင်ရဲမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးသိန်းအောင်နှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၁၀ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများက စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**



# တောမီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**တောင်တွင်းကြီး မတ် ၂၈**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နှင့် ၂၉ မိုင်ခန့်အကွာ အိုးပေါက်အုပ်စု အိုးပေါက်ဘူတာကျေးရွာနေအိမ်အချို့အား မတ် ၂၇ ရက် နံနက် ၁၁ နာရီခွဲခန့်က တောမီးမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့သဖြင့် ကျေးရွာနေပြည်သူများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုကြောင့် လေးပင်သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းနေအိမ် ခြောက်လုံး၊ လေးပင် သက်ငယ်မိုး၊ ထရံကာ၊ ပျဉ်ခင်းနေအိမ် ၁၅ လုံး၊ လေးပင် သွပ်မိုးထရံကာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တစ်လုံးတို့ မီးလောင်ဆုံးရှုံးခဲ့ပြီး မီးဘေးသင့်အိမ်ထောင်စု ၂၂ စု၊ လူဦးရေ ၁၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့ကြောင်း၊ လူနှင့်တိရစ္ဆာန်များထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် မီးဘေးသင့်ပြည်သူများအား အမက(၁၃၂) အိုးပေါက်ဘူတာရွာ၌ ယာယီမီးဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိကြောင်း သိရသည်။ **(၅၈၀)**

# မဘိမ်းမြို့နှင့် တောင်ကြီးမြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၈**

မဘိမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မတ် ၂၄ ရက်က မဘိမ်းမြို့နယ် ပင်ကြိမ်ကျေးရွာအနီး နေဝင်း၏နေအိမ်တဲကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၃၀ ကိုလည်းကောင်း၊ ထို့အတူ မတ် ၂၃ ရက်က တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် တောင်ကြီး-ဟိုပုံးသွား ကားလမ်းပေါ်တွင် တင်မျိုးထွန်း(ခ)ဖာရွက် မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၂ ပြားကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**



နေဝင်းအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# နောက်ဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲယာဉ်တိမ်းမှောက်

**စဉ့်ကိုင် မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် အုန်းပင်ခြံကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းတွင် မတ် ၂၇ ရက် ညနေ ၆ နာရီခန့်က အောင်လံတော်ကား အသင်းမှ ယာဉ်တစ်စီးသည် ဝဲဘက်နောက်ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းပေါ်လဲကျတိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေး ကားလမ်းအတိုင်း ကျောက်ဆည်ဘက်မှ မန္တလေးဘက်သို့ ကျောက်ဆည်မြို့ ပေါက်တောရပ်နေ စိုးကြီး(ခ)ခင်မောင်စိုး မောင်းနှင်လာသည့် 7H/---- ဟိုင်းလပ်အဖြူရောင်ယာဉ်သည် မိုင်တိုင်အမှတ်(၄၁၁/၆-၇)ကြားအရောက်တွင် ဝဲဘက်နောက်ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲလမ်းပေါ်လဲကျတိမ်းမှောက်သဖြင့် ယာဉ်ပေါ်ပါသူ မြစ်သားမြို့နယ်ကူမဲရပ်နေ မစုယမုံကျော်(၂၂)နှစ်မှာ ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး မခင်မာပို(၄၀)နှစ်ပါ ၁၀ ဦးတို့တွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ယာဉ်မောင်းနှင်သူ စိုးကြီး(ခ)ခင်မောင်စိုးမှာ အခင်းဖြစ်ပွားစဉ် ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ဖမ်းဆီးရမိရေး စဉ့်ကိုင်မြို့ မြို့မရဲစခန်းမှ တာဝန်ရှိသူများက လိုက်လံစုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

# လည်ပင်းအားဓားဖြင့်ထောက်၍ ဆွဲကြိုးလုယူသူအား အချိန်တိုအတွင်းဖမ်းမိ

**မန္တလေး မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်နေ ကိုမွန်သူအောင်သည် မတ် ၂၆ ရက် ည ၈ နာရီခန့်က နေအိမ်မှအပြင်သို့ ၂၃ယ/---Click-125 ဆိုင်ကယ်ဖြင့်ထွက်လာရာ အောင်နန်းရိပ်သာအနောက် ရပ်ကွက်(၂၃)လမ်း၊(၈၄)လမ်းနှင့်(၈၅)လမ်းကြား အရောက်တွင် ၎င်းနေရာအနီး၌ စူပါကပ်အစိမ်းရောင်ဆိုင်ကယ်ဖြင့် ကြိုတင်ရောက်ရှိနေသည့် လွန်ခဲ့သည့်သုံးနှစ်ကျော်ခန့်က ခင်မင်ရင်းနှီးသူ ကျော်မင်းထွန်း(ခ)အောင်ထွန်းလင်းက ၎င်းစီးလာသောဆိုင်ကယ်အားတား၍ ရပ်ခိုင်းသဖြင့် ရပ်ပေးစဉ် ကျော်မင်းထွန်း (ခ)အောင်ထွန်းလင်းက အသင့်ပါလာသော အရှည် ၁၈ လက်မ ခန့်ရှိဓားဖြင့် ကိုမွန်သူအောင်၏လည်ပင်းအားထောက်၍ ဝတ်ဆင်ထားသော အလေးချိန် ငါးမူးသားခန့်ရှိရွှေဆွဲကြိုးအား လုယူပြီး ဆိုင်ကယ်ဖြင့်မောင်းနှင်ထွက်ပြေးခဲ့ကြောင်း သိရသည်။

မဟာအောင်မြေမြို့မရဲစခန်းမှ ရဲအုပ်မိုးဝင်းစိန်နှင့်အဖွဲ့သည် ည ၉ နာရီခန့်တွင် နယ်မြေအတွင်းစုံစမ်းရှာဖွေရာ (၃၉)လမ်း၊ (၅၄)လမ်းနှင့် (၅၅)လမ်းကြား ရဲမွန်တောင်ရပ်ကွက်မှောင်ရိပ်တွင် ကျော်မင်းထွန်း(ခ)အောင်ထွန်းလင်းအားတွေ့ရှိပြီး ၎င်းထံမှငါးမူးသားခန့်ရှိ ရွှေဆွဲကြိုးပြတ်တစ်ကုံး၊ ဓားတစ်ချောင်းတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် အမှတ်(၆)နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

❑

## ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆု၌ာနခွဲ၊ အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အဆောက်အအုံအား ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၂၉-၃-၂၀၁၆ရက်(အင်္ဂါနေ့)
- နံနက် ၁၀း၀၀ နာရီမှ ၁၃း၀၀ နာရီထိ

(ခ) တင်ဒါပိတ်မည့်ရက် - ၁-၄-၂၀၁၆ရက်(သောကြာနေ့)
- နံနက် ၁၀း၀၀ နာရီမှ ၁၃း၀၀ နာရီထိ

(ဂ) တင်သွင်းပေးသွင်းရမည့်နေရာ- အောင်ဘာလေသိန်းဆု၌ာနခွဲ အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(ဃ) တင်ဒါဖွင့်လှစ်စိစစ် ရွေးချယ်မည့်နေ့ - ၅-၄-၂၀၁၆ရက်(အင်္ဂါနေ့) မွန်းလွဲ ၁၃း၀၀ နာရီ အစည်းအဝေးခန်းမ အောင်ဘာလေသိန်းဆု၌ာနခွဲ

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)ဖြင့် အောင်ဘာလေသိန်းဆု၌ာနခွဲ၊ စီမံရေးရာဌာနစုတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆု၌ာနခွဲသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၁-၂၄၉၂၇၃၊ ၀၁-၂၄၉၂၆၈ သို့ဖြစ်စေ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကြီးကြပ်ရေးအဖွဲ့**

# စကားများရန်ဖြစ်ပြီး အပြန်အလှန်ရိုက်ကြရာမှ လူသတ်မှုဖြစ်ပွား

**ကွန်းလှ မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကွန်းလှမြို့နယ် ပေကုန်းကျေးရွာအုပ်စု ပေကုန်းကျေးရွာ လှေဆိပ်အနီးတွင် မတ် ၂၇ ရက် ည ၉ နာရီ ၄၅ မိနစ်ခန့်က စကားများရန်ဖြစ်ပြီး ထင်းချောင်းဖြင့် အပြန်အလှန်ရိုက်ကြရာမှ လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပေကုန်းကျေးရွာနေ ခင်မောင်မြင့် နှင့် မျိုးမင်းတို့သည် စက်လှေဆိပ်အနီးစကားများ ရန်ဖြစ်ပြီး အပြန်အလှန်ရိုက်နေကြစဉ် မျိုးမင်း၏ဖခင် ဦးဖြူတုပ်ရောက်လာပြီး ဝင်ရောက်တားဆီးရာ ခင်မောင်မြင့်က ထင်းချောင်းဖြင့်ရိုက်၍ ဦးဖြူတုပ်မှာ ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ သဖန်းဆိပ်နယ်မြေရဲစခန်းမှူး ရဲအုပ်သန်းထွန်းဝင်းနှင့် တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးပြီး ဒဏ်ရာရသူများအား ညောင်ကိုင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ထားကြောင်းနှင့် ထင်းချောင်းဖြင့်ရိုက်သူ ခင်မောင်မြင့်အား အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကွန်းလှ)**

# သနပ်ပင်မြို့နယ်၌ နေအိမ်တစ်လုံးမီးလောင်မှုဖြစ်ပွား

**သနပ်ပင် မတ် ၂၈**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် မင်းရွာကျေးရွာ ကမ်းနားလမ်းတွင် မတ် ၂၇ ရက် ညနေ ၃ နာရီခန့်က နေအိမ်တစ်လုံးမီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယင်းသို့မီးလောင်ကျွမ်းသည့်နေအိမ်၌ စိုးသူ(၃၁) နှစ်နှင့် ၎င်း၏ဇနီးတို့နေထိုင်ပြီး မီးလောင်ကျွမ်းမှုဖြစ်ပွားစဉ်က ၎င်းတို့မှာ နေအိမ်တွင်မရှိကြောင်း သိရသည်။

မီးလောင်ရာသို့ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရဲထွန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက် ငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီခွဲခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။ **(ယာပုံ)**

ဖြစ်စဉ်နှင့်ပတ်သက်၍ မင်းရွာနယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲထွန်း(မင်းရွာ)**

❑❑



# ကျိုက်ထိုမြို့နယ် သိမ်ဇရပ်တွင် နွေရာသီ သောက်သုံးရေ အခက်မတွေ့စေရန် ကိုယ်ပိုင်စက်ရေတွင်းများတူး



**ကျိုက်ထို မတ် ၂၈**

ယခုနှစ်တွင် အင်အားပြင်းအယ်နီညို ရာသီဥတုကြောင့် အချို့သောမြို့ရွာများတွင် သောက်သုံးရေအခက်အခဲများနှင့် ကြုံတွေ့လျက်ရှိရာ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်တွင်ငွေကြေးတတ်နိုင်သူအချို့က ကိုယ်ပိုင်စက်ရေတွင်းများတူးဖော်၍ ရေအခက်အခဲကို ဖြေရှင်းလျက်ရှိကြောင်း သိရသည်။

စက်ရေတွင်းကိုအင်ဂျင်အသုံးပြု၍ တူးဖော်ကြပြီး တူးဖော်ခနှုန်းထားမှာ အနက်တစ်ပေလျှင် ကျပ် ၂၀၀၀ ဖြစ်သည်။ မြေနိမ့်ပိုင်းများတွင် အနက်ပေ ၁၀၀ ကျော်တူးလျှင် အသုံးပြု၍ရသော ရေကောင်းရရှိပြီး ကုန်းမြင့်ပိုင်းများတွင် ပျမ်းမျှအနက်ပေ ၁၆၀ ခန့်အထိ တူးဖော်ရ ကြောင်း ရေကောင်းရရှိမှုမှာ တူးဖော်သူ၏ အတွေ့အကြုံပေါ်မူတည်ပြီး မြေအောက်မှ ထွက်ရှိသော သဲအမျိုးအစားကိုကြည့်၍ ခွဲခြားဆုံးဖြတ်ကြောင်းသိရသည်။

"တူးဖော်ရေးအဖွဲ့ မှာ လူလေးဦးပါတယ်။ တစ်နေ့ကို ပေ ၁၀၀ ကျော် ကျပါတယ်။ ရေကောင်းရရှိရေးက ထွက်တဲ့ သဲကိုကြည့်ရပါတယ်။ သဲဖြူထွက်လာပြီး ဗွက်နံ့မနံတော့ရင် ရေကောင်းပါတယ်။ ပိုကောင်းတာကတော့ သဲအရောင်ဖြူဝါပါ။ ဒီလိုသဲမျိုးကျတော့အနက် ပိုင်းမှာမှ တွေ့ရပါတယ်။ အဲဒါမျိုးကြတော့ တွင်းနက်လေ ကုန်ကျစရိတ်ပိုလေဆိုတော့ အိမ်ရှင်ရဲ့ဆန္ဒပါ။ တွင်းအကျယ်က လေးလက်မဖြစ်ပြီး အထဲမှာ နှစ်လက်မပိုက်ထည့်ထားပါ တယ်။ ကျင်းတူးရာမှာ စိန်သွားကိုသုံးပါတယ်။ ဒီလို ပေ ၁၀၀ နဲ့ရေထွက်တဲ့ တွင်းမျိုးဆိုရင် တူးခ၊ ပိုက်ဖိုးနဲ့ ငါးမူးကွန်ပရက်ဆာအပါအဝင် သုံးသိန်းလောက်တော့ ကုန်ကျပါတယ်" ဟု စက်ရေတွင်း တူးဖော်ရေးအဖွဲ့ ခေါင်းဆောင်က ပြောသည်။

**ရဲခေါင်ဦး**

## ဟသ်ာတခရိုင်ပြန်/ဆက်ရုံး၌ စာကြည့်တိုက်များဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ဟသ်ာတ မတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ စာကြည့်တိုက်များဝန်ဆောင်မှု မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၁ ရက် နံနက် ၉ နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက်ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဟသ်ာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းဇော်ဦးက အဖွင့်အမှာစကား ပြောကြားပြီး ဟသ်ာတခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သူဇာက စာကြည့်တိုက်များ ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲစတင်ရာ ဟသ်ာတမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ပန်းမြိုင်လယ် စိန်ဝင်းက "လူထုအကျိုးပြု စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အတွင်းရေးမှူး ဆရာမ ခင်ရှင်စောက "ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဟသ်ာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးမာက "စာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများတိုးမြှင့်ခြင်းဖြင့် စာဖတ်သူတိုးပွားရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဖတ်ကြားဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး၊ ခရိုင်ပြန်/ဆက်ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်ကွက်နှင့် ကျေးရွာများမှ စာကြည့်တိုက်ကော်မတီဝင်များ တက်ရောက်ခဲ့ပြီး အဆိုပါ စာကြည့်တိုက်များဝန်ဆောင်မှု မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၁ ရက်မှ ၂၂ ရက်အထိ နှစ်ရက်ကြာ ပြုလုပ်ခဲ့သည်။

**ခရိုင်ပြန်/ဆက်(ဟသ်ာတ)**

## နန့်ထိန်ကွင်းတံတား တည်ဆောက်မှုပြီးစီး၍ ပြည်သူများရာသီမရွေးသွားလာနိုင်

**ဟုမ္မလင်း မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းပေါ်ရှိ မိုင်တိုင် အမှတ်(၁၇၄/၇-၁၇၅/၀)တွင် နန့်ထိန်ကွင်းချောင်းကူးတံတား တည်ဆောက်ပြီးစီးပြီဖြစ်သဖြင့် ပြည်သူများ ရာသီမရွေးသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

"နန့်ထိန်ကွင်း ချောင်းကူးတံတားက ဖောင်းပြင်-ဟုမ္မလင်း ဆက်သွယ်ထားတဲ့ လမ်းပေါ်မှာ နန့်ထိန်ကွင်းချောင်းကို ဖြတ်ကူးထားသည့် အဓိကကျတဲ့ တံတားတစ်စင်းပါ။ နန့်ထိန်ကွင်းချောင်းက မိုးတွင်းဆိုရင် တောင်ကျရေနှင့်အတူ သစ်ပင်ကြီးတွေ၊ သစ်တုံးတွေ မျောပါလာပြီး ရေစီးအတော်ကြမ်းတဲ့ချောင်းပါ။ မိုးတွင်းဆိုရင် အရင်က ဒီချောင်းကို ဖြတ်ကူးလို့မရတော့ဘူး။ လမ်းကြောင်း ပြတ်တောက်သွားပြီ။ မိုးတွင်းဆို ဒီချောင်းကြီးက သဘာဝကပေးထားတဲ့ အတားအဆီးတစ်ခုလိုဖြစ်နေတော့ ဒီကဒေသခံတွေ ကျန်းမာရေးအတွက် နီးစပ်ရာဆေးရုံတွေကို သွားဖို့ကိုမလွယ်ပါဘူး။

'ဒါပြင့် ကျောင်းသူ၊ကျောင်းသားလေးတွေ၊ ဈေးရောင်း ဈေးဝယ်တွေလည်း ဖြတ်ကူးလို့မရတဲ့ အခက်အခဲတွေရှိခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းက တည်ဆောက်ပြီးစီးပြီဖြစ်လို့ ပြည်သူတွေ ချင်းတွင်းဒေသ အထက်၊ အောက်ကို ရာသီမရွေးသွားလာနိုင်ပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေ ဒီထက်ဖွံ့ဖြိုးလာတော့မှာ ဖြစ်ပါတယ်" ဟု တံတားအထူးအဖွဲ့(၂)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ နန့်ထိန်ကွင်းချောင်းတံတားသည် အရှည်ပေ ၂၈၀၊ တံတားအကျယ် ၂၇ ပေရှိ နှစ်လမ်းသွားဖြစ်ကာ တံတားအမျိုးအစားမှာ ဘိုးပိုင်စနစ် သံကူကွန်ကရစ်အုတ်မြစ်ဖြစ်သည်။ ကိုယ်ထည်မှာ သံကူကွန်ကရစ်ကမ်းကပ်ခုံ၊ သံကူကွန်ကရစ် ရေလည်တိုင်နှင့် အပေါ်ထည်မှာ သံကူကွန်ကရစ်ရက်မ ကြမ်းခင်းဖြစ်ပြီး တံတားခံနိုင်ဝန် ၃၆ တန်ဖြစ်သည်။ ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေကျပ် သန်း ၇၅၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

**ဖိုးချမ်း(မုံရွာ)**



## ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနား စစ်ကိုင်းပြည်သူ့ဆေးရုံကြီးတွင် ပြုလုပ်

**စစ်ကိုင်း မတ် ၂၈**

'တီဘီရောဂါ ကင်းဝေးဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့' ဆိုသည့်ဆောင်ပုဒ်နှင့်အညီ ၂၀၁၆ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၉ နာရီက စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ (ကိုယ်စား) အဖွဲ့ဝင် ခရိုင်ပညာရေးမှူး ဒေါ်ငွေးရီက အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ၂၀၁၆ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားဖွင့်ပွဲ မိန့်ခွန်းအား ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်ကြည်အေးက ဖတ်ကြားသည်။

"တီဘီရောဂါဆိုတာ ကူးစက်ရောဂါတစ်ခုပါ။ သေချာမကုသခဲ့ရင် အသက်အန္တရာယ် ထိခိုက်နိုင်တဲ့ ရောဂါတစ်မျိုးပါ။ များသောအားဖြင့်တော့ အဆုတ်မှာဖြစ်ပွားပြီး ကိုယ်ခန္ဓာရဲ့အခြားအစိတ်အပိုင်းတွေမှာလည်းဖြစ်ပွားတတ်ပါတယ်။ လေထဲကနေ တစ်ဆင့် ကူးစက်ပါတယ် ။

'တီဘီရောဂါဖြစ်နေတဲ့ သူတစ်ဦးက ချောင်ဆိုးမယ်၊ ရယ်မယ်၊ သီချင်းဆိုမယ်၊ နှာချေလိုက်မယ်ဆိုရင် တီဘီပိုးတွေဟာ လေထဲကိုပျံ့နှံ့သွားပြီး အခြားသူတွေကို ကူးစက်သွားနိုင်ပါတယ်။ ဒါကြောင့် ချောင်ဆိုးတာတွေ ရက်ကြာနေရင်တော့ ကျန်းမာရေးဌာနက ဖွင့်လှစ်ထားတဲ့ ဆေးရုံများ၊ဆေးခန်းများနဲ့ *Dots* အမှတ်တံဆိပ်ရှိ ပုဂ္ဂလိကဆေးခန်းက ဆရာဝန်ထံမှာ အခမဲ့စစ်ဆေးနိုင်ပါတယ်။ အကယ်၍ မကုသဘဲ နေမယ်ဆိုရင်တော့ ရောဂါရင့်ပြီး မိသားစုဝင်တွေလည်း ဝန်ထုပ် ဝန်ပိုးဖြစ်မယ်။ ဆေးရုံတက်ရောက် ကုသရတော့မယ်ဆိုရင်တောင် ကုန်ကျစရိတ်တွေများလာမယ်။ ကုသလိုက်မယ်ဆိုရင်တော့ လူ့သက်တမ်းအလျောက် နေထိုင်သွားနိုင်ပါတယ်" ဟု တာဝန်ရှိသူ ဆရာမတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့များ၊ ပြည်သူများ၊ အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇော်မြင့်နိုင်**

## (၇၁)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးနှင့် သွေးလှူဒါန်းခြင်းများ ဆောင်ရွက်

**ဘားအံ မတ် ၂၈**

(၇၁)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ဘားအံခရိုင် လှာကာကျေးရွာအုပ်စု လှာကာအခြေခံပညာအထက်တန်းကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ဘားအံမြို့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် အရေးပေါ်လိုအပ်လာသောလူနာများ အဆင်ပြေစေရန်အတွက် ရည်ရွယ်၍ (၁၀)ကြိမ်မြောက်စုပေါင်းသွေးလှူဒါန်းခြင်းကို အမှတ် (၂၂)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင်များသည် မတ် ၁၄ ရက်က စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အမှတ်(၂၂)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး၊ ယာယီဒုတိယရဲမှူးကြီး ထွန်းမြင့်ထွန်းဦးစီး၍ တပ်ဖွဲ့ဝင်အရာရှိ တပ်ဖွဲ့ဝင်(၁၃၃)ဦး၊ လှာကာကျေးရွာအုပ်စု၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ဦး၊ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများနှင့် ကျေးရွာရပ်မိရပ်ဖများပူပေါင်းကာ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ကျောင်းဝင်းအတွင်းနှင့် ကျောင်းပတ်ဝန်းကျင်ရှိ ချုံနွယ်များနှင့် အမှိုက်များအား ရှင်းလင်း၍ စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ဘားအံပြည်သူ့ဆေးရုံကြီးသွေးလှူဘဏ်တွင် အမှတ်(၂၂)လုံခြုံရေးရဲတပ်ဖွဲ့ခွဲရှိ အမှတ်(၂) ရဲတပ်ခွဲမှရဲတပ်ဖွဲ့ဝင် ၃၅ ဦးသည် ဘားအံပြည်သူ့ ဆေးရုံကြီးမှ လက်ထောက်ဆေးရုံအုပ် ဒေါက်တာဒေါ်နှင်းမြိုင်နှင့်အဖွဲ့သည် လိုအပ်သော ဆေးစစ်မှုများ ပြုလုပ်ကြပြီးနောက် စုပေါင်းသွေးလှူဒါန်းကြရာ ယခု(၁၀)ကြိမ်မြောက်တွင် ၃၃ ပုလင်းလှူဒါန်းနိုင်ခဲ့ပြီး ယခင် (၉)ကြိမ်မြောက်အထိ သွေးပုလင်း ၄၅၀ လှူနိုင်ခဲ့ပြီး စုစုပေါင်းသွေးလှူဒါန်းနိုင်မှု ၄၈၃ ပုလင်းကို ဘားအံမြို့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် ပြည်သူအကျိုးပြုဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## နွားထိုးကြီး၌မြို့နယ်အဆင့် လူမှုကာကွယ်ရေးစီမံချက် မိတ်ဆက်ရှင်းလင်း

**နွားထိုးကြီး မတ် ၂၈**

လူမှုကာကွယ်စောင့်ရှောက်ရေး စီမံချက် နွားထိုးကြီးမြို့နယ်အဆင့် စီမံကိန်းမိတ်ဆက် ရှင်းလင်းပွဲကို မတ် ၂၄ ရက် နံနက် ၉ နာရီခွဲက အောင်စေအေးစေခန်းမ၌ HELPAGE INTERNATIONAL က ဦးစီးကျင်းပခဲ့ကြောင်း သိရသည်။

ယင်းနေ့က မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်နိုင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးသိန်းတို့က မြို့နယ်အဆင့် သက်ကြီးရွယ်အိုစောင့်ရှောက်မှု စီမံချက်ကို ကြိုဆိုမိတ်ဆက်စကား ပြောကြားခဲ့သည်။ ဆက်လက်၍ ဒုတိယဌာနေ ကိုယ်စားလှယ် ဒေါ်ခက်ဖြူ စီမံကိန်း မန်နေဂျာ ဒေါ်အေးမြတ်ဖြူတို့က လူမှုကာကွယ်ရေး စီမံကိန်းအကြောင်းကို ရှင်းလင်းတင်ပြခဲ့သည်။

မန္တလေးတိုင်းဒေသကြီး လေးမြို့နယ်၌ တစ်မြို့နယ်လျှင် ကျေးရွာ ၃၀ ကို ၂၀၁၆ မှ ၂၀၁၈ ထိ သုံးနှစ်ကြာ စီမံကိန်း အကောင်အထည်ဖော်မည်ဟုသိရသည်။

**ငွေးမြင့်မောင်**

## မီးဘေးသင့်ပြည်သူများအတွက် ယာယီတဲများနှင့် ယင်လုံအိမ်သာများဆောက်

**မကွေး မတ် ၂၈**

မကွေးမြို့နယ် ကန်သာကြီးကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာတွင် မတ်လ ၁၆ ရက် မွန်းလွဲ ၁ နာရီက တစ်ရွာလုံးနီးပါး မီးလောင်းကျွမ်းမှုဖြစ်ပွားခဲ့သဖြင့် ၎င်းမီးဘေးသင့်ပြည်သူများ ယာယီတည်းခိုရန်အတွက် ၁၂ ပေပတ်လည် ၁၀ ခန်းပါအဆောက်အအုံ ၁၅ လုံးခန့်နှင့် ယင်လုံအိမ်သာ ၁၈၂ လုံး ဆောက်လုပ်ရန်အတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆောက်လုပ်နေကြောင်း မကွေးတိုင်းဒေသကြီး ကျေးလက်ဒေဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးကျော်ဆွေက ပြောသည်။

ယခုအချိန်သည် ရာသီဥတုပူပြင်းသော အချိန်ဖြစ်သဖြင့် လူအများ စုဝေးနေထိုင်လျှင် ကျန်းမာရေးအတွက် မသင့်တော်သဖြင့် မီးဘေးသင့်ပြည်သူများ လွတ်လွတ်လပ်လပ် သန့်သန့်ရှင်းရှင်းနေထိုင်နိုင်ရန် ကျေးရွာသူ၊ ကျေးရွာသားများနှင့်တိုင်ပင်ပြီး ၁၂ ပေ ပတ်လည် ၁၀ ခန်းပါ အဆောက်အအုံများအား မတ် ၉ ရက်မှ စတင်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆောက်လုပ်လျက်ရှိရာ တစ်ရက်တွင် ယာယီအဆောက်အအုံ နှစ်လုံးခန့် ပြီးစီးသည်ဟု ၎င်းမှဆက်၍ ပြောသည်။

"၁၂ ပေ ပတ်လည်တစ်ခန်းကို အိမ်ထောင်စု တစ်စုထားမှာပါ။ ၁၀ ခန်းတွဲဆိုတော့ အိမ်ထောင်စု ၁၀ စုဝင်မှာ အဆောက်အအုံ ၁၅ လုံး ဆိုတာက လျာထားတာပါ။ မီးဘေးသင့်ပြည်သူ အိမ်ထောင်စုတွေ နေအုံးမယ်ဆိုရင် ဆက်လက်ဆောက်လုပ်ပေးအုံးမှာပါ" ဟု ဦးကျော်ဆွေက ပြောသည်။

အဆိုပါ ၁၂ ပေပတ်လည် ၁၀ ခန်းတွဲပါယာယီ အဆောက်အအုံ တစ်လုံးလျှင် ငွေကျပ် သိန်း ၃၀ ကုန်ကျနိုင်သည်ဟု ခန့်မှန်းထားကြောင်း၊ ပူလောင်ပြီး လူအစုအဝေးနှင့် နေထိုင်နေရမှုကို အမြန်ဆုံးလျှော့ချနိုင်ရန်အတွက် ယာယီအဆောက်အုံများ ဆောက်လုပ်ရာတွင် တစ်လုံးပြီးလျှင် ပြီးစီးသည့် အဆောက်အအုံပေါ်၌ မီးဘေးသင့်ပြည်သူများကို ရွှေ့နိုင်သ၍ ရွှေ့ပြောင်းနေထိုင်မှုတွေပြုလုပ် သွားမည်ဖြစ်ကြောင်း သိရသည်။

မီးလောင်ကျွမ်းရာ ကျေးရွာမြေနေရာများအား ယခုလက်ရှိတွင် စက်ယန္တရားကြီးများဖြင့် ရှင်းလင်းနေပြီး အကွက်ချနိုင်ရေးအတွက် ဆောင်ရွက်မှုများ ပြုလုပ်နေကြောင်း၊ ကျေးလက်ဒေသဦးစီဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးဌာန စသောသက်ဆိုင်ရာဌာနများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးမှုများ ပြုလုပ်နေကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများကလည်း အမြင်ကျယ်ပြီး ယင်းတို့၏ လိုအပ်ချက်များကို တောင်းဆိုတတ်ကြသည့်အတွက် အမြန်ဆုံး အတည်တကျဖြစ်လာနိုင်မည်ဟု ခန့်မှန်းကြောင်း ကျေးလက်ဒေသဦးစီးဌာနမှ ညွှန့်ကြားရေးမှူး ဦးကျော်ဆွေက ပြောသည်။

"မီးဘေးသင့်ပြည်သူတွေ အတည်တကျဖြစ်ဖို့ကတော့ အချိန်တွေပေးပြီး လုပ်ရမှာပါ။ ဒါပေမယ့် သက်ဆိုင်ရာဌာနအသီးသီးက ဝိုင်းဝန်းကူညီတောက်ပံ့မှုတွေ ပြုလုပ်နေတဲ့အတွက် ထင်ထားတာထက် အများကြီးကွာခြားပြီး အတည်တကျဖြစ်နိုင်ပါတယ်" ဟု ၎င်းက ဆက်၍ပြောသည်။



မကွေးမြို့နယ် ကန်သာကြီးကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာတွင် မတ် ၁၆ ရက် မွန်းလွဲ ၁ နာရီက မီးလောင်မှုကြောင့် အိမ်ခြေ ၁၉၉ အိမ်ရှိရာမှ ၁၈၂ အိမ်မီးဘေးသင့်ခဲ့ပြီး လူဦးရေ ၇၃၈ ဦးမီးဘေးသင့်ခဲ့ကြောင်း သိရသည်။

**မိုး**

## မန္တလေးမြို့နှင့်အခြားဒေသသို့ သောက်ရေအိုးများ တွင်ကျယ်စွာတင်ပို့

**မန္တလေး မတ် ၂၈**

ပူပြင်းသော နွေရာသီတပေါင်းလသို့ ရောက်သည်နှင့် အညာဒေသနှင့် မန္တလေးမြို့တွင် အိုးဈေးကွက်ကောင်းလေ့ရှိသည်။ နွေဦးမှစကာ ဈေးကွက်ကောင်းမွန်လာပြီး သင်္ကြန်အတွက်ပါ သင်္ကြန်အိုးများထုတ်လုပ်လျက်ရှိသည်။

မန္တလေးမြို့တွင် ဒေသအသီးသီးမှ ထွက်သော အိုးမျိုးစုံကို ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ လက်တွန်းလှည်းများဖြင့် လှည့်လည်ရောင်းချလျက်ရှိသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် သာစည်အိုး၊ ထနောင်ကိုင်းအိုး၊ တပ်ကြီးအိုး၊ စစ်ကိုင်းအိုး၊ ရန္တပိုအိုး၊ ခက်သင်ဘက်မှ ဝင်သောအိုးတို့ အဝင်များသည်။

မန္တလေးမြို့ပေါ်တွင် လှည့်လည်ရောင်းချသောအိုးများမှာ ရန္တပိုနယ်ထွက်သောက်ရေအိုးများကို အများစုရောင်းချကြောင်းသိရသည်။ အိုးသည်အများစုမှာ ဧရာဝတီမြစ်ဆိပ်ကမ်းတာပေါင်ပေါ်တွင် ယာယီတဲထိုးကာနေထိုင်ကြသည်။ အိုးရောင်းဝယ်မှုပြုသူများသည် မြောင်၊ မြစ်ဆုံဒေသနှင့်အခြားနယ်စုံမှဖြစ်ပြီး ရေကြည်ရာမြက်နုရာ မန္တလေးမြို့ပေါ်တက်ကာ ရောင်းဝယ်ကြသည်။

မြေသောက်ရေအိုးများကို အိုးသည်များက လက်တွန်းလှည်းများဖြင့်တင်ကာ ရပ်ကွက်အသီးသီး လှည့်လည်ရောင်းချကြသည်။ အိုးရောင်းရာ၌ အိုးသည်များသည် မြေသောက်ရေအိုးများကို ရေလုံမလုံ ရေထည့်၍ စမ်းသပ်ပေးခြင်း (ရေရွှယ်ခြင်း)များကို ပြုလုပ်ပေးသည့်အတွက် အိုးဝယ်သူများ ယုံကြည်စွာဝယ်ယူလျက်ရှိကြောင်း သိရသည်။

လက်ရှိကာလတွင် မန္တလေးမြို့ပေါ်မှ အိုးသည်များမှာ မြေသောက်ရေအိုးနှင့်ရွှေကူကောက်အိုးများကို အများစု ရောင်းချကြသည်။ မြေသောက်ရေအိုးတစ်လုံးလျှင် ငွေကျပ် ၁၀၀၀ တန်မှစကာ အစားစားရှိကြောင်းနှင့် ရပ်ကွက်အသီးသီးတွင် မြေသောက်ရေအိုး ဝယ်ယူမှုများပြားလျက်ရှိကြောင်း သိရသည်။ ကျောက်ဆည်ဒေသနှင့် အခြားဒေသများသို့လည်း သောက်ရေအိုးများကို ကားများဖြင့် တင်ပို့ရောင်းချလျက်ရှိသည်။

လိုက်ထရပ်ကားတစ်စီးလျှင် အိုး၂၅၀ ကျော်အထိ တင်ဆောင်ပြီး နေ့ချင်းပြန် ပို့ဆောင်ပေးနေရသည်။ လက်ရှိကာလတွင် အိုးရောင်းဝယ်မှု တွင်ကျယ်လျက်ရှိသည်။ အိုးအများစုကို မော်တော်၊ စက်လှေများဖြင့် တင်ဆောင်လာသည်။ အိုးအရောင်းအဝယ်ကောင်းသည့်ကာလဖြစ်သည့်အတွက် တစ်ခါတစ်ရံ ရေဆိပ်အထိပင် သွားရောက်ဝယ်ယူကြကြောင်း သိရသည်။

**တိမ်တမန်**



## ယိုမျိုးစုံနှင့် ဖျော်ရည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ပညာပေးသင်တန်းဖွင့်

**ကလေး မတ် ၂၈**

ကလေးဒေသ ရေကြီးရေလျှံမှုကြောင့် စားဝတ်နေရေးခက်ခဲမှုနှင့် ဆင်းရဲမှုလျှော့ချနိုင်ရေး အထောက်အကူပြုနိုင်ရန် သစ်သီးဝလံအခြေခံ စားသောက်ကုန်ထုတ်လုပ်မှု ယိုမျိုးစုံနှင့် ဖျော်ရည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနည်းပညာပေး သင်တန်းဖွင့်ပွဲကို မတ်လ ၂၄ ရက် နံနက် ၉ နာရီက ကုန်သွယ်မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကုန်သွယ်မြှင့်တင်ရေးနှင့် စားသုံးသူဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးခင်ဇော်ကအဖွင့်အမှာစကားပြောကြားပြီး ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက နှုတ်ခွန်းဆက်စကား ပြောကြားကာရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်း မုံရွာမြို့မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းငွေးက သင်တန်းနှင့်ပတ်သက်၍ ရရှိခံစားလာမည့် အကျိုးသက်ရောက်မှုများကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းသင်တန်းသည် ဆင်းရဲမှုလျှော့ချရေး ပြည်ထောင်စုရန်ပုံငွေထောက်ပံ့မှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ကြီးမှူး၍ မုံရွာမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းတို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး ကလေးဒေသရေဘေးသင့်ပြည်သူများ၏ မိသားစုဝင်များအတွက် စားဝတ်နေရေး၊ ဝင်ငွေတိုးတက်ရေးကို များစွာအထောက်အကူပြုလာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် သစ်သီးဝလံအခြေခံ စားသောက်ကုန်ထုတ်လုပ်မှု ယိုမျိုးစုံနှင့် ဖျော်ရည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနည်းပညာ အမျိုးပေါင်း ၂၀ သင်ကြားပို့ချပေးမည်ဖြစ်ကာ စာတွေ့ပိုင်းတွင် ၃၀ ရာခိုင်နှုန်းသာ သင်ကြားပြီး လက်တွေ့ပိုင်းတွင် ၇၀ ရာခိုင်နှုန်း သင်ကြားကြောင်း၊ သင်တန်းတွင် သင်တန်းသူ ၅၀ တို့က စိတ်ပါဝင်စားစွာ တက်ရောက်ကြကာ သင်တန်းကာလမှာ ၅ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ဂျိုးနက်**

## မြင်းခြံမြို့နယ်၌ ဓမ္မတာမျိုးဆက်ခြင်းဆောင်ရွက်ရာမှ ထွက်ရှိသော ထင်းများအားဖြန့်ဝေ

**မြင်းခြံ မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ကုက္ကိုတောင်ကာကွယ်တော သဘာဝတောကျွန်များ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများအနက် ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းဆောင်ရွက်ရာ ဧက ၁၀၀ မှ ထွက်ရှိသည့် ထင်းများအား ထိန်းသိမ်းရေးပင်မတဲအနီးရှိ မြေစကောင်းကျေးရွာသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မတ်လ ၂၄ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် တက်ရောက်လာသော ဒေသခံ မြေစကောင်းကျေးရွာနေပြည်သူများအား အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိန်(၂)နှင့် မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးမြင့်ထွန်းတို့က ဌာန၏ အဓိကလုပ်ငန်းကြီးလေးရပ်၊ ဓမ္မတာမျိုးဆက်ခြင်းဆောင်ရွက် ရာမှ ထွက်ရှိလာသော ထင်းများ ဖြန့်ဝေပေးရခြင်းအကြောင်းနှင့် ဒေသခံပြည်သူများအနေဖြင့် သစ်တောစိုက်ခင်းများနှင့် သဘာဝတောများအား ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် ရှင်းလင်းဆွေးနွေး ပြော ကြားပြီး ဓမ္မတာမျိုးဆက်ခြင်း လုပ်ငန်းဆောင်ရွက်ရာမှ ထွက်ရှိသည့် ထင်း ၇ ဒသမ ၇၀ တန်အား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

## ပဲဈေးကောင်း၍ပဲစိုက်တောင်သူများ အဆင်ပြေ

**မုံရွာ မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ဘုမ္မနိုးကျေးရွာတွင် ပဲဈေးကောင်းရ၍ ပဲစိုက်တောင်သူများ အမြတ်ပိုမိုရရှိနေကြောင်း သိရသည်။

"ကျွန်တော်တို့ တောင်သူတွေ သီးနှံပေါ်ချိန်တစ်ခုကိုပဲစောင့်၍ တစ်နေ့တာ စားဝတ်နေရေးတွေအတွက် အဆင်ပြေအောင် ဆောင်ရွက်နေရတာလေ။ အခုလို သီးနှံတွေကကောင်းမှ သီးနှံကောင်းလည်း ဈေးနှုန်းကကောင်းမှ အဆင်ပြေတာ။ အခုလို သီးနှံလည်းရတယ်။ ဈေးကလည်း မဆိုးဘူး မနှစ်က ပဲချိုလုံး(ခေါ်)ပဲနီလုံးဈေးဟာ တစ်တင်းကို ကျပ် ၁၂၀၀၀ ကျော်ပဲရောင်းရတယ်။ အခုနှစ်မှာ တစ်တင်းကို ကျပ် ၁၅၀၀၀ ကျော်လောက် ရောင်းရတော့အဆင်ပြေပါတယ်။ တစ်ဧကကို ပဲပျိုးမယ်ဆို ပြည် ၂၀ လောက် ကုန်တယ်။ ထွန်းယက်ခနဲ့ လူငှားစရိတ်တွေပေါင်းရင် တစ်ဧကကို ကျပ် ၈၀၀၀၀ ကျော်လောက်တော့ကုန်တာပေါ့ဗျာ။ ဈေးက မနှစ်ကထက်ပိုတော့ အမြတ်ရပါတယ်" ဟု ပဲစိုက်တောင်သူ ဦးလှိုင်မြင့်ဝမ်းက ပြောသည်။


ယခုလို ပဲထွက်နှုန်းကောင်းနေရတာဟာ ရေဝင်ရပ်ဆိုတော့ နုန်းမြေတင်မှုအားကောင်းတာရယ်။ ရေအလွယ်တကူရရှိနေတာတွေကြောင့်လည်း တောင်သူတွေ လုပ်ကိုင်ရကျိုးနပ်တာပေါ့။ ဈေးနှုန်းကတော့ ဒီထက်မကျဆင်းနိုင်လောက်ပါဘူး" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**မင်းမင်း(မုံရွာ)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**




## English Grammar in Use

ဆရာမိုး Follow Me, Ph.D (USA) ရေးသားသည့် English Grammar in Use စာအုပ်ထွက်ရှိလာသည်။

အင်္ဂလိပ်စာကို လက်တွေ့ရေးသားရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို စနစ်တကျ ကျော်လွှားနိုင်စေရန် တိကျသော ရှင်းလင်းချက်များကို ထောင့်စေ့အောင် ဖော်ပြထားသည်။ အင်္ဂလိပ်စာကို အဆင့်မြင့်မြင့် လေ့လာတတ်မြောက်လိုသူတိုင်းအတွက် လက်ကိုင်ပြု ဖတ်ရှုသင့်ပြီး အသုံးတည့်မည့် စာအုပ်ဖြစ်သည်။

**မိုးသီဂီစာပေတိုက် အမှတ်-(၄၃၆) (ပထမထပ်) ကုန်သည်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း -၀၁-၂၉၅၇၉၈၊ ၀၁-၃၉၈၁၁၈မှ တန်ဖိုးငွေကျပ် ၈၅၀၀ ဖြစ်သည်။**





## အဝတ်အိတ်လှလှ ဖက်ရှင်ကျကျ

အဝတ်အိတ်လှလှ ဖက်ရှင်ကျကျစာအုပ်သည် ဆယ်ကျော်သက်အမျိုးသမီးငယ်များသာမက ကုမ္ပဏီဝန်ထမ်းရုံး၊ ဝန်ထမ်းအမျိုးသမီးများအားလုံး အကြိုက်တွေ့မည့် ဖက်ရှင်နှင့် အလှအပရေးရာစာအုပ်ဖြစ်သည်။

အဆိုပါစာအုပ်တွင် လက်ချိန်လက်ဆွဲ အိတ်ကလေးများ၊ ပခုံးလွယ်ကြိုးရှည်အိတ်များ၊ အိတ်သေးနှင့် အိတ်ပုံဆန်းများပြုလုပ်နည်းအဆင့်ဆင့်ကို ရုပ်ပုံကားချပ်များဖြင့် ပြုစုရေးသား ဖော်ပြထားသည်။

**စာပေနန်းတော် အမှတ်(၁၃၈/၁၄၀) ပထမထပ်၊ ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၂၆၀၂၄၅၂၂၄၊ ၀၉-၇၃၁၄၀၉၃၄ မှ တန်ဖိုး ငွေကျပ် ၂၅၀၀ ဖြစ်သည်။**





## ဉာဏ်အဘိဓာန် အီဒီယံနှင့် ကြိယာပုဒ်စု

ဆရာဦးဉာဏ်ဝင်းထက် (စာပေဗိမာန်) ရေးသားပြုစုသည့် ဉာဏ်အဘိဓာန် အီဒီယံနှင့် ကြိယာပုဒ်စု စာအုပ်ထွက်ရှိလာသည်။

Oxford Advanced Learmer's Dictionary (OALD) နှင့် Longman Dictionary of Contemporary English (Longman) အဘိဓာန်ကြီးနှစ်အုပ်ကို တစ်မျက်နှာချင်းတိုက်၍ Idiom & Phrasal Verb သတ်မှတ်ချက်အတွင်းဝင်သမျှအကုန်နီးပါးကို (မသင့်လျော်သော ဗန်းစကားအချို့မှလွဲ၍) ထည့်သွင်းပြုစုထားပါသည်။ အဘိဓာန်ကြီးနှစ်ခုကို တိုက်ဆိုင်ရာ၌ ပိုရှင်းသော ဖွင့်ဆိုချက်၊ ပိုကောင်းသော နမူနာဝါကျကို ယူပါသည်။

ရေးသားပြုစုချိန် တစ်နှစ်ခွဲ၊ ထုတ်ဝေနိုင်သည်အထိ စီစဉ်ချိန် တစ်နှစ်ခွဲခန့် ကြာခဲ့သော ဤအဘိဓာန်သည် စာရှုသူများအတွက် မုချအသုံးတည့်မည်ဟု ယုံကြည်ပါသည်။

**ဦးအောင်မျိုးဝင်း အမှတ် (၅၅၂) ဇေယျာရွှေမြေလမ်း ဖုန်း-၀၉-၄၂၁၀၂၉၁၅၃၊ ၀၉-၅၀၆၆၃၀၆ မှ တန်ဖိုးငွေကျပ် ၁၅၀၀၀ ဖြစ်သည်။**




## ကမ္ဘာကျော်ဟာသ သရုပ်ဆောင်များနှင့်တွေ့ဆုံခြင်း

သရဝဏ်(ပြည်)ရေးသားသော ကမ္ဘာကျော် ဟာသသရုပ်ဆောင်များနှင့် တွေ့ဆုံခြင်း စာအုပ်ထွက်ရှိလာသည်။ အောင်မြင်ကျော်ကြားသည့် အနေအထားရောက်အောင် ဘဝအနေအထားကို လွယ်လွယ်နှင့်ရောက်ခဲ့ခြင်းမဟုတ်ဘဲ စိတ်ဓာတ်မကျဘဲ ရည်မှန်းချက်သို့ရောက်အောင် သွားခဲ့ရပုံ များကို စာရေးသူက စိတ်ဝင်စားဖွယ် တင်ပြထားသည်။ စာအုပ်တွင် မစ္စတာ ဘီး(န်)၊ ချာဘီချက်ပလင်၊ ဂျင်(မ်) ကာရေး၊ ဝူပ်ပီဂိုးလ်ဘတ်၊ တွမ်(အန်) ဂျယ်ရီ၊ ဝေါ့ဒစ္စနေ၊ ဂျက်ကီချန်း၊ ဂူပီဂိုးလ်ဘတ်၊ အက်ဒီမာဖီ၊ နောက်ဖိုး၊ ဂျက်ဘလက်၊ ဂျက်လီ၊ ဂျက်စတင်ဘီဘာ အစရှိသူတို့ ပါဝင်သည်။

**မဇ္ဈိမစာပေ အမှတ်(၂၃၇)၊ ပထမထပ်(ဝဲ)၊ ၃၉ လမ်း အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ တန်ဖိုး ငွေကျပ် ၂၀၀၀ ဖြစ်သည်။**




## ကျောင်းသားလက်စွဲသဒ္ဒါ

ဦးလှိုင်ဖုန်းမော် စီစဉ်သည့် ကျောင်းသား လက်စွဲသဒ္ဒါ (Student Grammer Handbook) အခြေခံအဆင့်စာအုပ် ထွက် ရှိလာပါသည်။ အခြေခံ(မူလတန်းအဆင့်) လေ့လာသူများအားလုံးအတွက် မရှိမဖြစ် ကိုင်စွဲထားသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ မိမိတို့၏ ကျောင်းသင်ခန်းစာများအပြင် ပြင်ပသင်ခန်းစာများပါ လေ့လာနိုင်သည့် ဝါကျများနှင့် သဒ္ဒါပုံစံများပါ ပါဝင်သည်။

ဤစာအုပ်ကို လက်ကိုင်ထားခြင်းဖြင့် အင်္ဂလိပ်စာကို လွယ်လင့်တကူ သင်ယူတတ်မြောက်စေမည်ဖြစ်သည်။ ဤစာအုပ်သည် ကျောင်းသူ၊ ကျောင်းသားများသာမက ဆရာ၊ ဆရာမများ၊ သုတေသီများပါ လက်ကိုင်ထားသင့်သောစာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

**ပစ်တိုင်းထောင်စာပေ၊ အမှတ်(၃၆၇)၊ ဗိုလ်ချုပ် အောင်ဆန်းလမ်း၊ ဗိုလ်ဆွန်ပက်လမ်းထိပ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၇၃၂ ၄၈၆၆၆၊ ၀၉-၇၃၂၅၁၄၅၀ မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြစ်သည်။**

**ပြင်ဆင်ဖတ်ရှုပါရန်**
၃-၁၂-၂၀၁၅ ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ(၄)ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၁၁)ဦးထွန်းထွန်းနိုင်၏ ဂရန်သစ်တွင်မှတ်ပုံတင်အမှတ်(၁၂/သကတ(နိုင်)၀၃၅၉၁၇)အစား(၁၂/သကတ(နိုင်)၁၃၅၉၁၇)ဟုအမှန်ဖတ်ရှုပါရန်။

**ပြင်ဆင်ဖတ်ရှုပါရန်**
၃-၂-၂၀၁၆ ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ(၈)ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၁၀) ဦးတွတ်၏ အမည်ပြောင်းတွင်လျှောက်ထားသူအမည် ဦးတွတ် အစား ဦးတွတ်+၆ ဟု အမှန်ဖတ်ရှုပါရန်။

**ပြင်ဆင်ဖတ်ရှုပါရန်**
၂၄-၁-၂၀၁၆ ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ(၄)ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၁၃) ဒေါ်နန်းရွှေသောင်း၏ ဂရန်သစ်တွင်မှတ်ပုံတင်အမှတ်(၁၃/လခန(နိုင်)၀၆၉၆၆၀)အစား(၁၃/ကခန(နိုင်)၀၆၉၆၆၀)ဟုအမှန်ဖတ်ရှုပါရန်။

**ဆောင်းနွေမိုး**
ဧပြီ(၁)ရက်၊ (၁၂)ရက် ထွက်မည်
Ph : 09 448004288, 09 448004289

**ရွှေနဂါး ကျိုက်ထီးရိုး(နေ့စဉ်)**
**❖ချောင်းသာ/ငွေဆောင်(နေ့စဉ်)**
ဟိုတယ်/စရိတ်ငြိမ်း စီစဉ်ပေးသည်။ ကားစီးလုံးငှားသည်။
Ph: 209077, 209388, 09-73167000, 09-73168000

# တေးသီချင်းအသုံးပြုခွင့်(မူပိုင်ခွင့်)နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုလမ်း၊ အမှတ်(၇၇/E)၊ ပထမထပ်(Myanmar Event Park)ရှေ့တွင်တည်ရှိသော မြန်မာနိုင်ငံ တေးသီချင်းမူပိုင်ရှင်များအသင်း (Myanmar Performance Rights Organization) (အသင်းအဖွဲ့မှတ်ပုံတင်လက်မှတ် အမှတ်နံပါတ် -၁/ပြည်တွင်း/၀၀၂၀)အဖွဲ့ဝင်များဖြစ်ကြသော တေးရေးသူများ၏ လွှဲအပ်ညွှန်ကြားချက်များအရ အများသိစေရန် ကြေညာအပ်ပါသည်။

အောက်ပါအမည်ဖော်ပြထားသော တေးရေးသူများ ရေးသားပိုင်ဆိုင်သည့် တေးသီချင်းများ၏ သံစဉ်ကိုဖြစ်စေ၊ စာသားကိုဖြစ်စေ၊ သံစဉ်နှင့် စာသားနှစ်မျိုးလုံးကိုဖြစ်စေ၊ ခေတ်မီတိုးတက်လာသော တေးသီချင်း အသုံးပြုမှုများဖြစ်သည့် စင်တင်ဖျော်ဖြေခြင်း၊ ရုပ်သံထုတ်လွှင့်ခြင်း၊ Online ရောင်းဝယ်ဖြန့်ချိခြင်း၊ Telephone, Ring Tunes, Ring Tonesအဖြစ်အသုံးပြုခြင်း၊ ကာရာအိုကေအဖြစ် စီးပွားဖြစ် သုံးစွဲခြင်း၊ ရန်ပုံငွေပွဲ၊ သင်္ကြန်ဖျော်ဖြေပွဲ၊ ဇာတ်ပွဲ၊ ပြည်ပဖျော်ဖြေပွဲတို့တွင်အသုံးပြုခြင်း၊ အခြားနည်းလမ်း တစ်စုံတစ်ရာဖြင့် စီးပွားဖြစ်သုံးစွဲခြင်းတို့ကို ပြုလုပ်မည်ဆိုပါက Myanmar PROအဖွဲ့ရုံး၊ ဖုန်း ၀၉-၂၆၀၆၉၁၆၀၀ထံသို့ ကြိုတင်၍ လိုအပ်သော ညှိနှိုင်းဆောင်ရွက်သဘောတူခွင့်ပြုချက် ရရှိပြီးမှသာ တေးသီချင်းများကို အသုံးပြုကြပါရန်နှင့် ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Myanmar Performance Rights Organization (Myanmar PRO)**

(၁)စိုင်းခမ်းလိတ်၊ (၂)သုခမိန်လှိုင်၊ (၃)ဝင်းမင်းထွေး၊ (၄)မင်းချစ်သူ၊ (၅)မြင့်မိုးအောင်၊ (၆)ရွှေဂျော်ဂျော်၊ (၇)ညီညီသွင်၊ (၈)နောင်နောင်(S.F)၊ (၉)စောခူဆဲ၊ (၁၀)ဇဝါ၊ (၁၁)Rခိုင်၊ (၁၂)ပုသိမ်မောင်စိမ်းသူ၊ (၁၃)မောင်ဆွေနွယ်၊(၁၄) စောဘွဲ့မှူး၊ (၁၅)ထူးအိမ်သင်၊ (၁၆)ကေအေတီ၊ (၁၇) ရယ်ဂျီ၊ (၁၈)သော်ဒီဝေ၊ (၁၉)စောလင်းမို၊ (၂၀)ကောင်းဇော်၊ (၂၁)မိုးမင်းအိမ်၊ (၂၂)ညီညီစံ၊ (၂၃)နေဒီလင်း၊ (၂၄)မောင်ဇော်သစ်၊ (၂၅) သက်ဝင်းအောင်၊ (၂၆)ဆလိုင်း၊ (၂၇)စိုးလွင်လွင်၊ (၂၈)သန်းမောင်(စစ်တွေ)၊(၂၉)စတုန်း၊ (၃၀)မျိုးသိန်၊ (၃၁)ယံယံ၊ (၃၂)ဆဲလ်၊ (၃၃)လူမောင်(ဆေး/ ၁)၊ (၃၄)စောရန်နိုင်၊ (၃၅)အယ်ဖြူ၊ (၃၆)ကလိုမှူး၊ (၃၇)ဖိုးခွားတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးတက်ဝင်းမြိုင်B.A(Law).,LL.B**
တရားလွှတ်တော်ရှေ့နေ(၁၉၅၃/၈၀)

**ဦးတင်မောင်ဝင်း B.A(Law).,L.L.B**
တရားလွှတ်တော်ရှေ့နေ(၁၉၁၆/၈၀)

**Law Office of WYNN & WIN**
အမှတ်-၁၀/၁၂၊ ပထမထပ်၊ အခန်း(ဘီ-၅)၊ ၃၅-လမ်း(လမ်းတို)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၅၀၇၉၇၀၇၇၊ ၀၉-၅၁၇၁၁၃၈

# တမူးမြို့နယ်တွင် မြစိမ်းရောင်စီမံကိန်း အောင်မြင်၍ ၉၁ ဦးအား ချေးငွေများ ထပ်မံပေးအပ်

**တမူး မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့နယ်အတွင်းရှိ မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာများတွင် အရင်းမပျောက်လည်ပတ် ရန်ပုံငွေများ ပေးအပ်လျက်ရှိရာ အဆိုပါ ချေးငွေများရယူဆောင်ရွက်လျက်ရှိသည့် ကျေးရွာများရှိ လုပ်ငန်းများ အဆင်ပြေအောင်မြင်လျက်ရှိကြောင်း တမူးမြို့နယ် ကျေးလက်ဦးစီးဌာနမှ သိရသည်။

"တမူးမြို့နယ် ဟဲဇင်းကျေးရွာမှာ မြစိမ်းရောင်နဲ့ ဆောင်ရွက်တဲ့ လုပ်ငန်းတွေ အဆင်ပြေအောင်မြင်တဲ့အတွက် မတ်လတတိယပတ်ထဲမှာ ဒုတိယအကြိမ် အရင်းမပျောက် လည်ပတ် ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ကို မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၅ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၉ ဦးနှင့် ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦး စုစုပေါင်း ၉၁ ဦးအား မြို့နယ်အထောက်အကူပြုကော်မတီမှ ဦးအောင်သောင်းနဲ့ မြို့နယ်ကျေးလက်မှ ဒုတိယဦးစီးမှူး ဒေါ်ခင်မေစီတို့က သွားရောက်ပြီး ထပ်မံပေးအပ်ခဲ့ပါတယ်။ အဲဒီလို ချေးငွေပေးအပ်ရာမှာ လုပ်ငန်းရှင် ၉၁ ဦး ကိုယ်စား ဟဲဇင်းကျေးရွာ မြစိမ်းရောင်ကော်မတီဥက္ကဋ္ဌဦးတင်ဝင်းနှင့်အဖွဲ့က လက်ခံရယူခဲ့ကြပါတယ်" ဟု မြို့နယ်ကျေးလက်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ တမူးမြို့နယ်အတွင်း ကျေးရွာပေါင်း ၆၀ အနက် ဟဲဇင်းကျေးရွာအား မြစိမ်းရောင် စီမံကိန်းဝင်ကျေးရွာအဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလက စတင်အကောင်အထည်ဖော်ခဲ့ရာ လက်ရှိတွင် သက်တမ်းကာလ တစ်နှစ်ပြည့်မြောက်ခဲ့ပြီး ယခုမတ်လကုန်အထိ အတိုးရငွေ စုစုပေါင်းမှာ ကျပ် ၅၅၃၄၂၅၀ ရရှိခဲ့ပြီးဖြစ်သဖြင့် ဒုတိယအကြိမ် ချေးငွေများ ထပ်မံပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



## ကျေးလက်နေပြည်သူများ အသိပညာ တိုးတက်မြင့်မားစေရန် ဘုတလင်မြို့နယ် လေးမြေကျေးရွာတွင် ခေတ်သစ်ကြေးမုံ စာကြည့်တိုက်ဖွင့်လှစ်

**မုံရွာ မတ် ၂၈**

ကျေးလက်နေ ပြည်သူများ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေပြီး စာပေထဲမှ အသိပညာ၊ ဗဟုသုတများရရှိစေရန် ရည်ရွယ်၍ မုံရွာခရိုင် ဘုတလင်မြို့နယ် လေးမြေကျေးရွာတွင် မတ် ၂၂ ရက် နံနက် ၁၀ နာရီက 'ခေတ်သစ်ကြေးမုံ' စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းဆောင်တို့က ဖဲကြိုးဖြတ်၍လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက 'ခေတ်သစ်ကြေးမုံ' စာကြည့်တိုက် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍လည်းကောင်း ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးတင့်လှိုင်မြင့်နှင့် တိုင်းပြန်/ဆက်ဦးစီးမှူး ဦးဝင်းမြင့်တို့က ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးထံ စာအုပ်၊ စာစောင်များ ထောက်ပံ့ပေးအပ်ကြပြီး အဆိုပါ စာကြည့်တိုက် အဆောက်အအုံသစ်ရှေ့တွင် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးကာ တာဝန်ရှိသူများက စာကြည့်တိုက်အတွင်း ကျေးရွာပြည်သူများ စာအုပ်များ လာရောက်ငှားရမ်းဖတ်ရှုမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြသည်။

လေးမြေစာကြည့်တိုက် အဆောက်အအုံသစ်သည် အလျား ပေ ၃၀၊ အနံ ၁၄ ပေ၊ အမြင့် ၁၂ ပေရှိ နံကပ် သွပ်မိုး သမံတလင်းခင်း တစ်ထပ် အဆောက်အအုံဖြစ်ကာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေကျပ် ၁၀ သိန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၂၀ ကျော် စုစုပေါင်း ငွေကျပ်သိန်း ၃၀ ကျော် အကုန်အကျခံဆောက်လုပ်ခဲ့သည်။

အဆိုပါ စာကြည့်တိုက်တွင် သုတ/ရသ စာအုပ်၊ စာစောင်ပေါင်း ၁၀၈၃ အုပ်ဖြင့် ကျေးရွာနေပြည်သူများအား စနေ၊ တနင်္ဂနွေ ပိတ်ရက်မှအပ တစ်ပတ်လျှင် ငါးရက် နေ့စဉ်ပုံမှန် ဖွင့်လှစ်ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

**(တိုင်းပြန်/ဆက်)**

## ငါန်းဇွန်မြို့၌ Zika Virus ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါနှင့် အပူဒဏ်ကာကွယ်ရေး အသိပေးဆွေးနွေး

**ငါန်းဇွန် မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၂၄ ရက် မွန်းလွဲ ၂ နာရီက ZikaVirus ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါနှင့် အပူဒဏ်ကာကွယ်ရေး အသိပေးဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပေးဆွေးနွေးပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဆန်းက Zika Virus ရောဂါ၊ ကူးစက်မြန်ပြင်းထန် ဦးနှောက်အမြှေးရောင် ရောဂါများဖြစ်ပွားရခြင်း အကြောင်းနှင့် အပူဒဏ်ကာကွယ်ရေး တို့အတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ရှင်းလင်းပြောကြားပြီး အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပို့ဆောင်ကုသကြရန် အထူးဂရုပြုဆောင်ရွက်ရေး အသိပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

အသိပေးဆွေးနွေးပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ကျန်းမာရေးဝန်ထမ်းများနှင့် NGO အဖွဲ့အစည်းများ တက်ရောက်ကြသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

## ၂၀၁၆ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**မြင်းခြံ မတ် ၂၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမတွင် ၂၀၁၆ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို မတ် ၂၅ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြင်းခြံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီးမှ ပေးပို့သော 'ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့" အထိမ်းအမှတ် အခမ်းအနားဖွင့်ပွဲမိန့်ခွန်းအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကေသီဝင်းမောင်က ဖတ်ကြားခဲ့သည်။ ဆက်လက်၍ ခရိုင်တီဘီတာဝန်ခံဆရာဝန် ဒေါက်တာကျော်စံဝင်းက တီဘီရောဂါအကြောင်း သိကောင်းစရာများနှင့် ရှေ့လုပ်ငန်းစဉ်များကို ပြောကြားခဲ့သည်။ အခမ်းအနားသို့ ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာကေသီဝင်းမောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ခရိုင်တီဘီတာဝန်ခံဆရာဝန်ဒေါက်တာကျော်စံဝင်းနှင့် တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် NGO အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

# စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**တာချီလိတ် မတ် ၂၈**

တာချီလိတ်မြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စက်သုံးဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအဖြစ် အသိပညာပေးဟောပြောပွဲ နှင့် လက်တွေ့မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ခြင်းကို မတ် ၂၅ ရက် နံနက် ၈ နာရီခွဲက ဝမ်လုံးကျေးရွာအုပ်စု 'သစ်လွင်မိုး' စက်သုံးဆီအရောင်းဆိုင်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဇော်မင်းထွန်း၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးတင်ဝင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စက်သုံးဆီအရောင်းဆိုင်ပိုင်ရှင်များနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့သည်။



ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက အဖွင့်အမှာစကားပြောကြားပြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တွဲဖက်ပြည်နယ်မီးသတ်ဦးစီးမှူး ရဲသူရိန်သိန်းမြင့်က မီးဘေးလုံခြုံရေး၊ မီးနှင့်ပတ်သက်သည့် အသိပညာ၊ မီးသုံးစွဲရာတွင် သတိမူရမည့်အချက်များ၊ မီးလောင်မှု စတင်ဖြစ်ပေါ်စေသည့်အကြောင်းရင်းများ၊ မီးငြိမ်းသတ်မှုစနစ် စသည့်အကြောင်းအရာများအား အသိပညာပေးဟောပြောပြီး မီးသတ်ပစ္စည်းကိရိယာများမပါရှိဘဲ မီးငြိမ်းသတ်နည်းများအား ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် မြို့နယ်စက်သုံးဆီ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်ကိုကိုနှင့် ဝန်ထမ်းများက ခေတ်မီမီးသတ်ပစ္စည်းများဖြင့် မီးငြိမ်းသတ်နည်းများ လက်တွေ့ရှင်းလင်းပြသပြီး တက်ရောက်လာသည့် စက်သုံးဆီအရောင်းဆိုင်ပိုင်ရှင်များ၊ ဝန်ထမ်းများက ဆီမီးလောင်မှုအား ခေတ်မီ မီးသတ်ပစ္စည်းများဖြင့် စနစ်တကျ လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင် ၁၄ ဆိုင်၊ ဝမ်ပုံကျေးရွာမှ သုံးဆိုင်၊ တာလေမြို့မှ တစ်ဆိုင်တို့ရှိ ဆိုင်ပိုင်ရှင်နှင့် ဝန်ထမ်းများ တက်ရောက်ခဲ့သည်။

**ဝေယံလင်း**

## စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ဘိုကလေး မတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော စာကြည့်တိုက်ဝန်ဆောင်မှု မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၅ ရက် နံနက် ၉ နာရီက မြို့နယ်ပြန်/ဆက်ရုံးခန်းမတွင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လဲ့လဲ့အေးက စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာပေဝါသနာရှင်များဖြစ်သော ကျန်းမာရေးမှူး(ငြိမ်း)ဦးအောင်စိန်၊ ဒေါက်တာရဲဖြိုးကျော်၊ ဒေါ်စန်းယဉ်(ပိတောက်ရွှေဝါ သစ်ပင်စိုက်ပျိုးရေးအဖွဲ့)တို့က စာပေဖတ်ရှုခြင်းဖြင့်ရရှိနိုင်မည့် အကျိုးကျေးဇူးများ၊ စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အကြံပြုချက်များ၊ ဗဟုသုတများကိုရှင်းလင်းဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးဒေါ်မေခြည်ဦးနှင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသောစာပေ ဝါသနာရှင်များ၊ စာကြည့်တိုက်လုပ်ငန်းများ စိတ်ဝင်စားသူ သင်တန်းသား၊ သင်တန်းသူ ၃၅ ဦးခန့် တက်ရောက်ပြီး သင်တန်းကာလမှာ နှစ်ရက်ဖြစ်ကြောင်း သိရသည်။

**အောင်မင်း(ဘိုကလေး)**

# ကျေးလက်ကျန်းမာရေးဆေးခန်းဌာနခွဲ ဖွင့်ပွဲ၌ မော်တော်ယာဉ်တစ်စီးလှူဒါန်း

**တံတားဦး မတ် ၂၈**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် သပွတ်ပင်ကျေးရွာအလှူရှင်က လှူဒါန်းသည့် ကျေးလက်ကျန်းမာရေးဆေးခန်းဌာန အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ကျန်းမာရေးစောင့်ရှောက်မှု မော်တော်ယာဉ်လှူဒါန်းပွဲကို မတ် ၂၇ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ ဆေးခန်းအဆောက်အအုံသစ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တံတားဦးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ အတွင်းရေးမှူး ဦးကျော်မြင့်က အမှာစကားပြောကြားပြီး ကျန်းမာရေးဌာနခွဲအဆောက်အအုံနှင့် မော်တော်ယာဉ်အလှူရှင် တံတားဦးမြို့ သပွတ်ပင်ကျေးရွာ ဦးကံသိန်းက လှူဒါန်းရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ တံတားဦးမြို့ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဦးမြင့်ဦးက ယခုကဲ့သို့ ဆောက်လုပ်လှူဒါန်းပေးသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားပြီး အလှူရှင်က ဆေးခန်းအဆောက်အအုံမြေနေရာနှင့် ပတ်သက်သော စာရွက်စာတမ်းများကို ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ယင်းနောက် အဆောက်အအုံသစ်အား တံတားဦးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတိုးလွင်၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင် ဦးရဲလင်းသူနှင့် အလှူရှင် ဦးကံသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါကျန်းမာရေးဌာနခွဲအဆောက်အအုံသစ်မှာ အလျား ၂၄ ပေ၊ အနံ ၂၄ ပေရှိ RCတစ်ထပ် အဆောက်အအုံဖြစ်ကြောင်း သိရသည်။

**ရဲတင့်**

# အယ်နီညိုရာသီဥတုကြောင့် နွေရာသီတွင် သောက်သုံးရေ ပြတ်လပ်မှုမဖြစ်ပေါ်စေရေး ဒီပဲယင်း၌ ကွင်းဆင်းဆောင်ရွက်

**ဒီပဲယင်း မတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အယ်လ်နီညိုရာသီဥတုကြောင့် နွေရာသီ၌ သောက်သုံးရေပြတ်လပ်မှုမဖြစ်စေရန်နှင့် သန့်ရှင်းသောသောက်သုံးရေ ရရှိစေရန်၊ ကျေးရွာများတွင် လက်ရှိရေသုံးစွဲမှုအခြေအနေတို့ကို ဒီပဲယင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီပဲယင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အယ်နီညိုရာသီဥတုကြောင့် သောက်သုံးရေပြတ်လပ်မှုမဖြစ်ပေါ်စေရန် လက်ရှိရေသုံးစွဲမှုအခြေအနေကို ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး ရေရှားပါးမှုဖြစ်ပေါ်နိုင်တဲ့ကျေးရွာတွေကိုလည်း ကြိုတင်ဆောင်ရွက်ရမယ့်လုပ်ငန်းတွေကို ကျေးရွာတွေနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ အခုလက်ရှိရေရှားပါးမှုဖြစ်ပေါ်နေတဲ့ အေးငြိမ်းသာယာကျေးရွာနဲ့ ဆပ်သွားကျေးရွာတွေကိုလည်း သောက်သုံးရေ ဖြန့်ဝေပေးခြင်းနဲ့ စက်သုံးဆီထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်" ဟု ဒီပဲယင်းမြို့နယ် ကျေးလက်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က ပြောကြားခဲ့သည်။

**သိန်းထွန်း(ဒီပဲယင်း)**



# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ကွင်းဆင်းဆောင်ရွက်

**ချောက် မတ် ၂၈**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီအဖွဲ့မှ ပြည်သူများသိရှိစေရန် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း အသိပညာပေး ကွင်းဆင်းဆောင်ရွက်မှုကို အမှတ်(၁၅)နယ်မြေ မြေနီကုန်းရပ်ကွက် လမ်းဆုံအဝိုင်းထိပ်၌ မတ် ၂၇ ရက် နံနက် ၈ နာရီခွဲကဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြုလုပ်ရခြင်းရည်ရွယ်ချက်မှာ ချောက်မြို့နယ် ပြည်သူများလမ်း၊ ယာဉ်စည်းကမ်းကို လိုက်နာပြီး ယာဉ်အန္တရာယ်ကင်းစင်ရေး ဝိုင်းဝန်းကာကွယ်ပေးရန်ဖြစ်ပြီး အသိပညာပေး လက်ကမ်းစာစောင်များကို ပြည်သူတစ်ဦးချင်းထံ ဖြန့်ဝေပေးခဲ့ကြောင်းနှင့် ဆက်လက်၍လည်း မြို့အနှံ့ လူစည်ကားရာလမ်းများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးအေးလွင်က ပြောကြားခဲ့သည်။

**ဝင်းအိမ္မွန်(ပြန်ဆက်)**

# တွန်းဇံမြို့နယ်တွင် ဖုန်းလွန်း–ဆွောင်းပက် ကျေးရွာချင်းဆက် မြေသားလမ်းသစ်ဖွင့်လှစ်

**တွန်းဇံ မတ် ၂၈**

ချင်းပြည်နယ် တွန်းဇံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သော ဖုန်းလွန်း-ဆွောင်းပက် ကျေးရွာချင်းဆက်မြေသားလမ်းသစ် အရှည် ၁၀ မိုင်အား (၇၁) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မတ် ၂၁ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် ချင်းပြည်နယ် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျင့်လျန်းပေါင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွေး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်လွန်းရှုန်းမွမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားရာ လက်ရှိလမ်းသစ်သည် ကျေးရွာလေးရွာ၊ အိမ်ခြေ ၁၁၁၊ လူဦးရေ ၆၈၃ ဦးတို့အား အကျိုးပြုခဲ့ကြောင်း၊ ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာပြီး ကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထည့်သွင်းပြောကြားခဲ့သည်။ **ဇိုဟေဆာ**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

NEW MOTION Travels & Tours
ရွှေ့လျားသစ်လွင် သင်္ကြန်ခရီးစဉ်
★ တောင်ကြီး ခရီးစဉ် - April; 11,12,13,17
★ မန္တလေး ခရီးစဉ် - April; 11,17
★ တောင်ကြီး-ပုဂံ ခရီးစဉ် - April; 11,12
★ ပုဂံ-ရွှေစက်တော် ခရီးစဉ် - April; 11
★ ပုဂံ ခရီးစဉ် - April; 11,12,17
★ အလောင်းတော်ကဿပ ခရီးစဉ် - April; 13,17
★ ပုဂံ-အလောင်းတော်ကဿပ ခရီးစဉ် - April; 12
★ ပြင်ဦးလွင်-အလောင်းတော်ကဿပ ခရီးစဉ် - April; 11,12
အမှတ်-16၊ ကျွန်းတောလမ်း၊ စမ်းချောင်း။ Ph; 01 527 922, 01 538 811, 09 731 489 22, 09 260 792 878.
အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။
ရန်ကုန် – ငွေဆောင် ခရီးစဉ်
April - 12 ~ 15
(Myanmar Treasure Resort, Aureum Resort & Spa)
မန္တလေး – ငွေဆောင် ခရီးစဉ်
April - 11 ~ 16
( Aureum Resort & Spa)
ရန်ကုန် – ငပလီ ခရီးစဉ်
April - 12 ~ 15
(Aureum Resort & Spa)
မန္တလေး – ငပလီ ခရီးစဉ်
April - 12 ~ 15
(Thande Beach Hotel)
အမှတ်-234, 33လမ်း, 81 × 82 လမ်းကြား။
Ph; 09 431 478 79, 09 259 033 443

SR SMART RESOURCES WORLDWIDE EDUCATION
THE WORLD IS IN YOUR HANDS.
"Study Business, Engineering & IT in UK"
ပညာရေးဆွေးနွေးပွဲ
Business, Engineering / IT ဘာသာရပ်အထူးပြု Higher Diploma (သို့) Advanced Diploma အောင်မြင်ထားပြီး UK တွင် ဆက်လက်သင်ယူလိုသော ကျောင်းသား/သူများအတွက် University of the West of England (UWE), Bristol မှ ကျင်းပပေးခြင်း ဖြစ်ပါသောကြောင့် လာရောက်လေ့လာ ဆွေးနွေးကြရန် ဖိတ်ခေါ်ပါသည်။
Date - 31th March, 2016 (Thursday)
Time - 9:30 AM to 11:00 AM
Venue - SR Worldwide Education၊ အမှတ်(၄၇/၄၈)၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
US$ 150 တန်ဖိုးရှိသော Book Grant Coupon များကိုအခမဲ့ လာရောက်ထုတ်ယူနိုင်ပါသည်။
ဖုန်းနံပါတ် 09 26508 1112-4, 09 543 8848, 09 542 8848 မှတစ်ဆင့် ကြိုတင်စာရင်းပေးနိုင်ပါသည်။

01-512443,09-73017656,095055574, 09785055574,0973076733,
ပုသိမ်ပေါ်ဆန်းမွှေး
(ကောင်းကောင်း)
ဒီဆန်မျိုးကဒီဆိုင်မှာပဲ ရမှာ

ပြင်ဆင်ဖတ်ရှုပါရန်
၂၁-၁-၂၀၁၆ ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ(၈)ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၃) ဦးအင်မိုး+၁ ၏ရန်သစ်တွင်မြေတိုင်း(၆၀)အစား(L-၁၇/၆၀)ဟု အမှန်ဖတ်ရှုပါရန်။

သင့်သွေးဖြင့် အသက်ကယ်ပါ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများအဖွဲ့ ဒေသဆိုင်ရာနှင့် ရိုးရာစလေ့ဌာန
## SEAMEO CHAT

အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများအဖွဲ့ ဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာဓလေ့ဌာနသည် CHAT Communication in English Language Course, Basic Level I(2/2016) သင်တန်းကို အောက်ပါအစီအစဉ်ဖြင့် လက်ခံဖွင့်လှစ်သွားမည် ဖြစ်ပါသည်-

| | |
|---|---|
| သင်တန်းအမည် | - CHAT Communication in English Language Course,Basic Level I (2/2016) |
| သင်တန်းဖွင့်လှစ်မည့်နေရာ | - ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့်ရိုးရာဓလေ့ဌာန၊ ပြည်လမ်း၊ ရန်ကုန်မြို့။ |
| သင်တန်းဝင်ခွင့် အရည်အချင်း | - သင်တန်းတက်ရောက်လိုသူများသည် အနိမ့်ဆုံးအခြေခံပညာအထက်တန်းအောင်မြင်ပြီး CHAT Communication in English Course ဝင်ခွင့်စာမေးပွဲအောင်မြင်သူများ ဖြစ်ရပါမည်။ |
| သင်တန်းလက်ခံမည့်ပုံစံ | - ၄-၄-၂၀၁၆ ရက်တွင် SEAMEO CHAT facebook မှတစ်ဆင့် သင်တန်းဝင်ခွင့် Form ပုံစံကို download ရယူပြီး ပုံစံတွင် ဖော်ပြထားသော email address သို့ ပေးပို့ရန်ဖြစ်ပါသည်။ (ဝင်ခွင့်စာမေးပွဲ ဖြေဆိုခွင့်ရသူများအား ဖြေဆိုရမည့် အချိန်၊ ရက်၊ နေရာတို့ကို SEAMEO CHAT facebook နှင့် SEAMEO CHAT ဌာနတွင် အသေးစိတ်ကြော်ငြာထားမည် ဖြစ်ပါသည်။) |

**စီမံကြီးကြပ်အဖွဲ့**

**CHAT Communication in English Language Course**

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ဖော်ပြပါပစ္စည်းများအားမြန်မာကျပ်ငွေဖြင့်ဝယ်ယူရန် ဖိတ်ခေါ်အပ်ပါသည်။


**တင်ဒါအမှတ်-၀၈/မမ/ (CE)(2016-2017)**

ဥသျှစ်ပင်ကွန်ကရစ်ဇလီဖားစက်ရုံတွင်အသုံးပြုရန်( ၆"x၉" )အရွယ် ကျောက်ကြီး(၂၆၀၀)ကျင်းအားကျောက်ကွင်းအထိုင်ဈေးဖြင့်ဝယ်ယူလိုပါသည်။

တင်ဒါပိတ်မည့်နေ့/အချိန် - ၄.၄.၂၀၁၆ (၁၂:၃၀)နာရီထိ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၈.၃.၂၀၁၆ )ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၄င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊
ကုန်သည်လမ်းနှင့် (၅၁)လမ်းထိပ် ၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း -294352, 291994.


Study in Australia
Undergraduate & Postgraduate Programs တက်ရောက်လိုသူများ
› မိမိကြိုက်နှစ်သက်ရာ ဘာသာရပ်ကို ရွေးချယ်နိုင်သည်။
› သင့်တင့်သော ၁၀ တန်း အမှတ်ရှိလျှင် လျှောက်ထားနိုင်သည်။
› IELTS အမှတ် မရှိသေးလျှင်လည်း English Placement Test ဖြေဆို၍ ဝင်ခွင့် လျှောက်ထားနိုင်သည်။
› Scholarship program များလည်း ရှိသည်။
Myanmar Telesis Office
01-527168, 09-796 114 575
www.myanmartelesis.com
www.facebook.com/MTEC

သင်၏စီးပွားရေးလုပ်ငန်းအတွက် မှန်ကန်သည့်စာရင်းများကို မြန်ဆန်စွာပြုစုပေးနိုင်သော
MYOB Accounting Software ကို Emergent Services Co., Ltd. တွင် ဝယ်ယူရရှိနိုင်ပါသည်။
ES Emergent Services | MYOB Accounting Software for every business
ကြော်ငြာဖြတ်ပိုင်းယူလာပါက get 5% off
March 16 Cupon Valid Until 30 April 2016
International Award Winner Software
Contact Detail
Emergent Services Co.,Ltd.
No. 47/48, 7th Floor (left),
Bahosi Housing Complex,
Lanmadaw Township, Yangon.
Tel:09-550 5193
09-4500 44 006
www.myobsoftware.asia
sales.myob@emergentservicesmm.com

လင်းရောင်ခြည် Law Firm
တည်ထောင်ရန်အတွက် စိတ်ဝင်စားသော ရှေ့နေကြီးများ ဆက်သွယ်ပါရန်။
09 7878 333 44 ၊ 09 7878 333 55

Polar Travel & Tours 09-440999121 09-73131015 09-799509810
တောင်ကြီး-အင်းလေး-ပင်းတယ-ပုဂံညောင်ဦး-ပုပ္ပါး ဧပြီ-၁၂ ၁၈၅၀၀၀
Three Star Hotel

ဝယ်ရင်တန် KMD သင်္ကြန်
Notebook, Desktop, All in one PC, Smartphone နှင့် Tablet ဝယ်ယူသူတိုင်းအတွက်
Brand Cashback
Special Discount
Special Gift
28 March - 9 April 2016

(ပန်းဆိုးတန်း) ၂၄၅၁၈၀ (မြေနီကုန်း) ၅၀၃၅၁၁ (လမ်းမတော်) ၂၃၀၃၀၈၂ (တာမွေ) ၀၉၃၁၂၅၇၄၄၆ (နေပြည်တော်) ၀၆၇ ၄၂၀၆၅ (မကွေး) ၀၆၃ ၂၆၈၆၃
(မန္တလေး) ၀၂ ၆၀၂၃၉ (မိတ္ထီလာ) ၀၆၄ ၂၆၂၀၄ (ကျောက်ဆည်) ၀၉ ၂၀၅၃၂၇၁ (မော်လမြိုင်) ၀၅၇ ၂၆၉၅၇ (လားရှိုး) ၀၈၂ ၃၁၀၀၉ (တောင်ကြီး) ၀၉ ၅၂၁၄၈၄၇

BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ ဗွီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁)-အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
Ph : 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
အရောင်းခန်းမ(၂)-တိုက်(အေ-၂)၊ အခန်း(၀၄)၊ ယုဇနပလာဇာဘေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ဗညားဒလလမ်း။
Ph : 09-5425251, 09-73225484

100% သံချေးမတက်သည့် Stainless Steel ဘလိတ်စားသွားဆူးကြိုးများကို
စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အရောင်းခန်းမ(၁) - အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်း (နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph : 01-545531,01-8603141,09-5008161
အရောင်းခန်းမ(၂) - အမှတ်(၃၆/A)၊ ပြည်လမ်း၊ (၉)မိုင်၊ မရမ်းကုန်း။
Ph :01-656521, 09-421024731, 09-421024741
အရောင်းခန်းမ(၃) -
Ph:01-642748, 09-421024711,09-421024811


မှန်ကန်တဲ့ ဖြေရှင်းချက် နဲ့ အကောင်းဆုံး
အသားအရေ ကိုရယူလိုက်ပါ။
NIVEA MEN ကို သုံးစွဲတဲ့ အနုပညာရှင်တွေ ဟာ သူတို့ ရဲ့ ကောင်းမွန်တဲ့ အသားအရေ ရရှိဖို့ NIVEA MEN ကဘယ်လို စွမ်းဆောင်ပေးခဲ့တယ်ဆိုတာကို မျှဝေခဲ့ပါတယ်။
"ကျွန်တော်က အမြဲတမ်း နေရောင် နဲ့ ပတ်ဝန်းကျင် ညစ်ညမ်းမှုတွေ အောက်မှာ အလုပ်လုပ်ရတာကြောင့် မျက်နှာက တစေး အတွင်း အဆီပြန် ညိုမည်း လာပါတယ်။ ကျွန်တော် သူငယ်ချင်း တစ်ယောက်က အေးမြတဲ့ ရွှံ့စေး နဲ့ အဆီပြန်ခြင်းကို တနေ့တာလုံး ထိန်းချုပ်ပေးနိုင်သော သဘာဝ အဆီထိန်း အဆီအနှစ် ၁၀ မျိုး ပါဝင်တဲ့ NIVEA MEN WHITE ACNE OIL CONTROL MUD FOAM ကိုအသုံးပြုဖို့ အကြံပေးလို့ သုံးကြည့်မိပါတယ်။ အခုတော့ ကျွန်တော် မျက်နှာပေါ်မှာ အဆီပြန် ညိုမည်းတာတွေ လုံးဝကို မရှိတော့ဘူး။ ပြီးတော့ တနေ့တာလုံး အဆီပြန်ခြင်းကင်းပြီး ဖြူစင်ဝင်းပ နေတဲ့ မျက်နှာ အသားအရေကြောင့် ကျွန်တော်ရဲ့ ယုံကြည်မှုတွေ ပြန်လည်ရရှိခဲ့ပါပြီ။"
" ကျွန်တော့် အသားအရေကတော့ တနေ့တာလုံး ဖြူစင်ဝင်းပပြီး အဆီပြန်ခြင်း ကင်းဝေးခဲ့ပါပြီ "
NIVEA MEN
WHITE ACNE OIL CONTROL
အောင်မင်းခန့်
(မော်ဒယ် နှင့် ခေါင်းဆောင်မင်းသား)
"ကျွန်တော်က နေရောင်အောက်မှာ ကစားရတဲ့ ဂေါက်သီးရိုက်ခြင်းလို အားကစားတွေကို ကြိုက်နှစ်သက်ပေမယ့် ကျွန်တော့် အသားအရေ ကအရမ်းကို နေလောင်လွယ် ပါတယ်။ အဲဒါကြောင့်လဲ ကျွန်တော့် အသားအရေမှာ ညိုမည်းခြင်းတွေ အမည်းစက်တွေ ဖြစ်လာတာပေါ့။ ကျွန်တော် သဘာဝ ပင်လယ် ရေညှိညို အဆီအနှစ် ပါဝင်တဲ့ NIVEA MEN EXTRA WHITE MUD FOAM ကိုသုံးပြီးနောက်မှာတော့ အရင်တုန်းကလို အမည်းစက်တွေ မရှိတော့ဘဲ ကျွန်တော့် အသားအရေလည်း ဖြူစင်ဝင်းပ သွားခဲ့ပါတယ်။"
" သူက ကျွန်တော့် အသားအရေကို ဖြူစင်ဝင်းပ စေပါတယ်။ အမည်းစက်တွေလည်း လုံးဝကို မရှိတော့ပါဘူး "
NIVEA MEN
EXTRA WHITE
စိုင်းစည်သွမ်ခမ်း
(မော်ဒယ် နှင့် ခေါင်းဆောင်မင်းသား)
NIVEA MEN
ANTI-ACNE
ACNE CLEAR
"ကျွန်တော်မှာ ဝက်ခြံတွေ ရှိခဲ့ဖူးပြီး ကျွန်တော် ရိုက်ကွင်း အတွက် မိတ်ကပ်လိမ်းတဲ့အခါ တွေမှာ ပိုမိုဆိုးရွား လာတတ်ပါတယ်။ ကျွန်တော် သူငယ်ချင်းတွေ NIVEA MEN ANTI-ACNE MUD FOAM သုံးတာတွေ့တော့ ကျွန်တော်လဲ စမ်းသုံးကြည့်ခဲ့တယ်။ အဲ့ဒီ မျက်နှာသစ်မှာပါတဲ့ သဘာဝ တတိုင်းမွှေး အခေါက် က အဆီနဲ့ ဝက်ခြံတွေကို ပျောက်ကင်းစေပြီး ကျွန်တော့် အသားအရေကို အဆီနဲ့ဝက်ခြံ မရှိပဲ ဝင်းပနေစေပါတယ်။"
" ကျွန်တော့် အသားအရေကို အဆီနဲ့ ဝက်ခြံမရှိပဲ ဝင်းပနေအောင် ပြောင်းလဲလိုက်ပါပြီ "
အလင်းရောင်
(မော်ဒယ် နှင့် ခေါင်းဆောင်မင်းသား)
အသားအရေ ပြဿနာ တစ်ခုခြင်းစီ အတွက် လိုက်ဖက်အောင် ဂျာမဏီ မှ အကောင်းဆုံး ဖော်စပ်ထားသော NIVEA MEN သည် မြန်မာပြည်၏ နံပါတ် (၁) အမျိုးသား အသားအရေ ထိန်းသိမ်းမှုဆိုင်ရာ အမှတ်တံဆိပ် ဖြစ်သည်။
NIVEA MEN


telenor
ဘော်ဒါတွေ ပိုမိုရင်းနှီးဖို့
၁ မိနစ် ၁၅ /-
တယ်လီနော
ဘော်ဒါPACK
တယ်လီနောအချင်းချင်းသာ
တယ်လီနောဘော်ဒါကိုအသုံးပြုရန်
T1500 ဟုရိုက်ပြီး 500 သို့ SMS ပေးပို့ပါ။ (သို့) *801# ကိုဖုန်းခေါ်ဆိုပါ။
(သို့) Telenor ဘော်ဒါ ငွေဖြည့်ကတ်ဖြင့်တိုက်ရိုက် အသုံးပြုနိုင်ပါပြီ။
အသေးစိတ်အချက်အလက်များကို www.telenor.com.mm တွင်ကြည့်ရှုနိုင်ပါသည်။
မြန်မာနိုင်ငံရဲ့ အကြီးမားဆုံး 3G ကွန်ရက်

# ကြော်ငြာ


**Global Asia Myanmar** Travels & Tours Co.,Ltd
မဟာသကြၤန်နှစ်သစ်ကူးခရီးစဉ်များ
Let's go around the World!

(၁) အမေရိကား 3590 USD
(၂) ဥရောပ 2590 USD
(၃) ဂျပန် 2699 USD
(၄) ဟောင်ကောင် 1690 USD
(၅) ဘန်ကောက် 690 USD

"ရွှေမြန်မာတိုင်း ကမ္ဘာပတ်နိုင်စေရမည်"

အမှတ် (၁၈၀)၊ မွေ့ဇေတီလမ်း၊ စင်ကာပူသံရုံးအနီး၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
အမှတ်(၁၆၇)၊ ၃၈-လမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
01-388911, 01-382988, 01-536400, 01-501202, 01-391619, 09-5152580
09-450043884, 09-440009127, 09-440009128, 09-250032489

**GOLDEN STAR** ခရီးသွားလုပ်ငန်း
◆ ကျိုက်ထီးရိုး(နေ့စဉ်)
◆ ချောင်းသာ/ငွေဆောင်
တိုက်ရိုက် စီစဉ်ပေးသည်။
Ph: 209200, 544383, 430480, 705968, 703448

**ရွှေပင့်ကူ**
မန်းရွှေစက်တော် (ဘားအံ) ၃၃၀၀၀
မန္တလေး မုံရွာ စစ်ကိုင်း အလောင်းတော် ၃၀၀၀၀
မန္တလေး မုံရွာ စစ်ကိုင်း အလောင်းတော် ပြင်ဦးလွင် ၆၅၀၀၀
မန်းရွှေစက်တော် ပုဂံ ညောင်ဦး ပုပ္ပါး ၆၅၀၀၀
တောင်ကြီး အင်းလေး ပင်းတယ ၆၅၀၀၀
April ၁၁ ထွက်မည်

**အာရှနဂါး**
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

**နန်းဦးလှိုင်** သင်္ကြန်ခရီးစဉ်များ ဧပြီ(၁၁)ထွက်မည်
● အင်းတော်ကြီး၊ ရွှေမဥ္ဇူ၊ မြစ်ကြီးနား၊ မေခ-မလိခမြစ်ဆုံ၊ ရွှေဘို၊ စစ်ကိုင်း၊ မန္တလေး (၈)ရက်
● ထားဝယ်၊ ရင်ကိုရင်၊ မောင်းမကန်၊ ကျိုက္ကမီ၊ စက်စဲ (၅)ရက်-ဆက်၍မြိတ်(ဘိတ်)ပါ (၇)ရက်
● တောင်ကြီး၊ အင်းလေး၊ ထမ်စမ်းဂူ၊ မွေတော်ကက္ကူ (၄)ရက်-ဆက်၍လွိုင်ကော်ပါ (၆)ရက်
● ရွှေစက်တော်ဘုရားနှင့် ပုဂံဘုရားစုံဖူး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ၊ သီဟိုဠ်ရှင် (၅)ရက်
● ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်၊ အလောင်းတော်ကဿပ (၈)ရက်
● ရွှေစက်တော်၊ ပုဂံ-ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ထမ်စမ်းဂူ (၈)ရက်
● ရခိုင်၊ မြောက်ဦးဘုရားစုံ၊ စစ်တွေဘုရားစုံ၊ ကျောက်တော်မဟာမုနိ၊ ငပလီကမ်းခြေ (၇)ရက်
● အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်းစေတီ (၅)ရက်
● မြဝတီ၊ မဲဆောက်၊ ကျောက်ကလပ်၊ ကော့ဂွန်းဂူ၊ ရေသေ့ပုံဂူ၊ ဘုရင့်သီဂူ (၃)ရက်
01-391577, 09-5122961, 09-254340569, 09-254821597

**GOLDEN TRIANGLE** Travels & Tours
* ရန်ကုန်-မဲဆောက်-ဖန်ကောက်(၂-ညအိပ်)-
ဂမ္ဘောဒီယား(၂-ညအိပ်)-အယုဒ္ဓယ-မဲဆောက်-ရန်ကုန်
(ကားဖြင့်သွားပါမည်) 7D/6N (4.5 သိန်း) 12-April-2016
Ph : 09 4000 11689 / 09 7800 34656

**ရွှေမြို့တော်** သင်္ကြန်ခရီးစဉ် Apr (11)ထွက်မည်
09-5194608, 09-73177727, 09-252899887

**POSSIBLE** Travels & Tours
သင်္ကြန်ပွဲတော်နှင့်အတူ အားလပ်ရက်ခရီးစဉ်များ

| | | | |
|---|---|---|---|
| တောင်ကြီး-အင်းလေး-ကလော-ပင်းတယ | (4N/5D) April 12,16 Royal Class | | 320000/- |
| | VIP Class 270000/- Normal Class | | 180000/- |
| တောင်ကြီး-အင်းလေး-ကလော-ပင်းတယ-လွိုင်ကော်-ဒီမော်ဆိုးလ် | (5N/6D) April 12 | | 270000/- |
| ကယား-ပြည်နယ်-ဒီမော်ဆိုးလ်-ပန်ပက်ရွာ | (3N/4D) April 13 | | 170000/- |
| ပုဂံ-ညောင်ဦး-ပုပ္ပား-ပခုက္ကူ | (4N/5D) April 9,13 | | 170000/- |
| မန္တလေး-မုံရွာ-အလောင်းတော်ကဿပ-ပြင်ဦးလွင် | (5N/6D) April 12 | | 220000/- |
| ထားဝယ်-မောင်းမကန်-လောင်းလုံဘုတ်ကျွန်း | (4N/5D) April 9,12,14,16 | | 230000/- |
| ကရင်ပြည်နယ်-ကျုံထော-အဒွန်ဂူ-မော်လမြိုင်-ကျိုက္ကမီ-စက်စဲ | (3N/4D) April 12,16 | | 145000/- |

အဆင့်မြင့် Scania ကား၊ 3Star Hotel များဖြင့်သာ စီစဉ်ပေးပါသည်။
Contact Ph : 01-706716, 01-9010327, 09-259257822-23, 09250790919

**ပန်းနုရောင်** အဆင့်မြင့် ခရီးသွား ဝန်ဆောင်မှုလုပ်ငန်း
pink traveling service
Hot line: 09-401601378
09 43004362, 09 252692757
နေ့ရှင်းပြန်ခရီးစဉ်များ
၁။ မော်လမြိုင်+ကျိုက္ကမီ၊ စက်စဲ (35,000 Ks)(10,18,19,23,30)
၂။ ဘားအံ၊ ဖါးကပင်၊ ကျုံထော်၊ ရေတံခွန် (35,000Ks)(9,18,19,20,30)
၃။ ကျိုက်ထီးရိုး (30,000 Ks) (9,11,17,18,19,23,30)
၄။ ပြည်(အကောက်တောင်) (35,000 Ks) (10,17,19,23,30)
ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ မန္တလေး၊ ပြင်ဦးလွင် (4N5D) Apr.11
သင်္ကြန် စိတ်ကြိုက် အတူး

**ကားစီးလုံးငှားသည်။**
ဘုရားဖူးပဲသွားသွား...... အပျော်ခရီးပဲထွက်ထွက်....
အချိန်ပိုင်းပဲလိုလို........ CRANE
518474, 095094914, 0943164788

ထော်လာ 500K ပိုနိုင်း ကျပ်နှစ်သိန်းထက် 100 ကျပ် 1-sq

**SUN FAR** TRAVELS & TOURS CO., LTD.... satisfying your travel needs
ပြည်တွင်း/ပြည်ပ လေယာဉ်လက်မှတ်များ
ပြည်ပဟိုတယ်အခန်းများကြိုတင် Booking စီစဉ်ဆောင်ရွက်မှုများ
နိုင်ငံခြားတိုင်းပြည်များသို့ ပြည်ဝင်ခွင့်ဗီဇာလျှောက်ထားခြင်း
We Accept VISA MasterCard
→ ရန်ကုန်ရုံးချုပ် (၃၈ လမ်း၊ မြေညီထပ်) 01-243 993
→ အလုံရုံးခွဲ (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဝင်း) (သခင်မြမန်းခြံအနီး အ.ထ.က(၄)အလုံကျောင်းရှေ့) 01-2301 999
→ ဗဟန်းရုံးခွဲ (တက္ကသိုလ်ရိပ်သာလမ်းသစ်) 01-555 771, 555 924
→ ယုဇနရုံးခွဲ (ယုဇနပလာဇာအနီး) 01-296 890, 294 670

အထွေထွေ ငါးချစ်သူ
သင်္ကြန်ကာလ ထူးခြားခရီးစဉ်
"ငပလီ"
၁၁/၁၂-၄-၂၀၁၆ ထွက်မည်
ရေကစားမလွှတ် Free
ဖုန်း - ၀၉-၅၁၀၀၂၇၄၄

**ကိုသန့်ဇင်**
CAR RENTAL
ကားမျိုးစုံကို ခရီးစဉ် လခ-ချုပ် အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
Ph:09-43117680, 09-5059821

MIHARA Road To Thailand **MIHARA CAR RENTAL**
မြဝတီ – မဲဆောက် ခရီးစဉ် အပတ်စဉ်
(၃)ညအိပ်(၄)ရက် - ၁၂၀,၀၀၀/ကျပ်
ငပလီကမ်းခြေ ခရီးစဉ် အပတ်စဉ်(၆)ဦးပြည့်တိုင်းထွက်ပါမည်
(၃)ညအိပ်(၄)ရက် - ၁၆၀,၀၀၀/ကျပ်
မြို့တွင်း/မြို့ပြင်ခရီးစဉ်များအတွက် ကားစင်းလုံးငှားဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေပါသည်။(လူဦးရေ ၄ ယောက်မှ ၃၄ ယောက်ထိ)
Ph: 09 49218700, 09 5025400, 09 43124072




## ဝမ်းနည်းကြေကွဲခြင်း
## ဦးခင်မောင်ဦး(ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူး-ငြိမ်း)
## အသက်(၆၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ သုံးခွမြို့၊ အောင်ဇေယျာလမ်း၊ (၆)ရပ်ကွက်နေ ဒေါ်စန်းစန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း ဦးခင်မောင်ဦး အသက်(၆၉)နှစ်သည် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြင့်ဝင်း၊ ဦးသန်းကျော်၊ ဦးမြသိန်း၊ ဦးတင်မြင့်၊ ဒေါ်ကျင်စန်း၊ ဦးမျိုးချစ်**
**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်အေးကြည်(ခ)ဒေါ်နီနီ (၇၆)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁၃၉/က)၊ တက္ကသိုလ်ရိပ်သာလမ်းနေ ကွယ်လွန်သူဦးတင်လှိုင် (ဒုတိယဝန်ကြီး-ငြိမ်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)၏ ချစ်လှစွာသောဇနီးဖြစ်သူ ဒေါ်ခင်အေးကြည်(ခ)ဒေါ်နီနီသည် ၂၆-၃-၂၀၁၆ (စနေနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီးဦးအုန်းသန်းနှင့်ဇနီး**
**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးတင်သန်း(ငြိမ်း) တေဇ(၁၅)
## အသက်(၅၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးဘသန်း၊ ဒေါ်အေးတင်တို့၏ သားကြီး၊ (ဒေါ်ငွေငွေစံ)၏ ခင်ပွန်းဖြစ်သူ ဗိုလ်ကြီးတင်သန်း(ငြိမ်း) အသက်(၅၀)သည် ၂၄-၃-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၅)မှ သူငယ်ချင်းများ ၊ မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ရွှေ
### ဥပဒေအရာရှိ(ငြိမ်း)၊ တပ်မတော်လေ(ငြိမ်း)
### အထက(၅)ရှမ်းတဲ ကျောင်းဆရာ(ငြိမ်း)
## အသက်(၇၀)

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီး သိန်းထွန်းတင်၏ဖခင် ဦးတင်ရွှေသည် ၂၅-၃-၂၀၁၆ရက် ၁၁ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်(၁၇)မှ သူငယ်ချင်းများနှင့်မိသားစုများ**

## အထူးကျေးဇူးတင်ရှိခြင်း
## ဒေါ်သန်းရှင် (၈၄)နှစ်
### (နာယက၊ မြင်းကကုန်းအသင်း)

၂၂-၃-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်သွားသော မိခင်ကြီး ဒေါ်သန်းရှင် နာမကျန်းဖြစ်နေစဉ်ကာလအတွင်း အဘက်ဘက်မှ လိုအပ်ချက်မရှိအောင် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သော သင်္ဃန်းကျွန်းစံပြဆေးရုံကြီးမှ ပါမောက္ခ ဆရာဝန်ကြီးနှင့် သူနာပြုများ၊ ဆေးရုံဝန်ထမ်းများ၊ နာရေးကိစ္စတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသော သံဃာတော်များ၊ ဒဂုံတက္ကသိုလ်အင်္ဂလိပ်စာဌာနမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသူကျောင်းသားများ၊ ဒဂုံတက္ကသိုလ်ဓာတုဗေဒဌာနမှ ဆရာ၊ ဆရာမများ၊ ဆီးနှင့်ကျောက်ကပ်ဆေးကုဌာန၊ (သင်္ဃန်းကျွန်းစံပြဆေးရုံကြီးနှင့် ရန်ကုန်ခုတင် ၅၀၀ ဆံ့အထူးကုဆေးရုံကြီး)မှ ပါမောက္ခဆရာဝန်ကြီးနှင့် လုပ်ဖော်ကိုင်ဖက်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ လွမ်းသူ့ပန်းခြင်း ပန်းခွေပေးပို့ကြသော ကုမ္ပဏီအဖွဲ့အစည်းအသီးသီးမှပုဂ္ဂိုလ်များ၊ လူကိုယ်တိုင်မလာနိုင်သော်လည်း ဆက်သွယ်မေးမြန်းအားပေးကြသူများ၊ အစစအရာရာ ကူညီဆောင်ရွက်ပေးကြသော ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟများ၊ နာရေးကိုလိုက်ပါပို့ဆောင်ခဲ့ကြသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာကျေးဇူး အထူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းမြင့်
### (မော်လမြိုင်)
## အသက်(၈၄)နှစ်

ဒေါ်မြင့်မြင့်စိန် (B.Com A.A) (Eco.75) ၏ချစ်လှစွာသောမိခင်ကြီး ဒေါ်သန်းမြင့်သည် ၅-၃-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်း၏ မိခင်ကြီး ကောင်းရာဘုံဘဝရောက်ပါစေ။

**Eco(1971-75) သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဟာဂျီမဒေါ်ဟောင်ဝါဘီ(ခ)ဟာဂျီမဒေါ်ခင်မေရီ(မန္တလေး)
## အသက် (၈၂)နှစ်

မန္တလေးမြို့၊ အစ္စလာမ်ပရမတ္ထဝိပဿနာ K.A.F.T.G ယရာနာ ရာပြည့် ခလီဖွတ်ဦးမောင်မောင်ကြီး၏ မြောက်သားတော်၊ အလ်ဟာဂျ်ခလီဖွတ်ဦးသိန်းဝင်းအောင်-ဒေါ်နီလာစိန်၊ ဟာဂျီဦးသန်းညွန့်-ဒေါ်ခင်ဝင်းမြင့်၊ ဦးခင်ရွှေ-ဒေါ်ရီရီအေး၊ ဟာဂျီဦးစန်းမောင်-ဒေါ်မွန်မွန်၊ ဦးနေဝင်းအောင်-ဒေါ်မြင့်မြင့်သန်း၊ ဦးဝင်းမြင့်အောင်- ဒေါ်မိုးမိုးဆွေ၊ ဦးလှမိုးအောင်-ဒေါ်ရီရီဆွေ၊ ဦးဝင်းမောင်-ဒေါ်မော်မော်ဆန်း၊ ဦးဟန်ဝင်းအောင်-ဒေါ်ဥမ္မာမြင့်၊ ဦးမြတ်မိုးအောင်-ဒေါ်ငွေးမွန်တို့၏ မွေးသမိခင်မ ယ်တော်ကြီးသည် ၂၅-၃-၂၀၁၆ရက်တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ကို ခံယူ၍ အင်တေကာလ်ပြောင်းကြွသွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဂျန္နတွလ်ဖီရ်ဒေါက်စ်တွင် စံမြန်းရပါစေကြောင်း တောင်းဆုဒိုအာပြု ပို့အပ်ပါသည်။

**အမီးရ်နူရွှဒ္ဒင်ဦးခင်မောင်(သံတွဲ)နှင့်**
**ဥယျာဉ်မှူးမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်းဆိုင်(အောင်သီရိဈေး၊ ပုသိမ်မြို့) (၅၁)နှစ်

သူငယ်ချင်း ကိုဝင်းဆိုင်(ရုံပိုင်ကြီး)သည် ၂၄-၃-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၈း၂၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၈၆ ခုနှစ်(ရန်ကုန်)၊ ဘူမိဗေဒဘွဲ့ရ သူငယ်ချင်းများ**

## အနိစ္စ

### ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးကျော်စိန်
## အသက် (၈၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ ခြံအမှတ် (၁၉/၇-က)နေ (ဦးမြစံ-ဒေါ်အေး)တို့၏သား၊ ဒေါ်ရွှေရင်ဦး၏ခင်ပွန်း၊ ဦးဆန်းဝင်းမောင် (ဆည်မြောင်း၊ မန္တလေး)-ဒေါက်တာစန်းစန်းမော်၊ ဒေါ်နွယ်နီဝင်း၊ ဒေါ်လှဲ့လှဲ့ဝင်း၊ ဒေါ်ချောစုဝင်း၊ ဦးကျော်ကျော်-ဒေါ်ခင်စိန်လှိုင်၊ ဦးမြင့်လွင်-ဒေါ်ရွှေခင်၊ ဦးသန်းထိုက်-ဒေါ်ကြည်ကြည်လွင်၊ ဦးခင်ထွန်း-ဒေါ်မိုးမိုးတို့၏ဖခင်၊ မြေး ၁၁ယောက်တို့၏အဘိုးသည် ၂၇-၃-၂၀၁၆(တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂-၄-၂၀၁၆(စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်သိန်းသိန်း
## အသက် (၈၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက်ပေါင်း(၂)၊ အခန်း(၉)နေ ဦးကံညွန့်၏ဇနီး၊ ဦးငွေးဝင်း-ဒေါ်ညွန့်ညွန့်ဝင်း၊ ဦးငွေမိုး-ဒေါ်အေးမြတ်အောင်၊ ဦးလှငွေး-ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးသန်းငွေး-ဒေါ်ငွေးငွေးဝင်း၊ ဦးကျော်ငွေး-ဒေါ်သင်းသင်းရည်၊ ဗိုလ်မှူးကြီးသန်းလှိုင်-ဒေါ်ခင်သန်းအေးတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၃ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၂၈-၃-၂၀၁၆(တနင်္လာနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၄-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်စမ်းစမ်း(မော်ကျွန်း)
## အသက်(၈၃)နှစ်

မော်လမြိုင်ကျွန်းမြို့၊ (၁၅)လမ်းနေ (ဒေါက်တာဦးတင်ညွန့်-ဒေါ်ကြွေ)တို့၏ သမီး၊ (ဦးအယ်လ်မ်ရုံး-ဒေါ်တင့်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၁၈/၂)၊ ကောက်သွယ်(၁)လမ်း၊ သုဝဏ္ဏနေ [ဦးကျော်ဇော(ရုံးခွဲမန်နေဂျာ-ငြိမ်း၊ ကသရ-၄)]၏ဇနီး၊ ဦးကောင်းမြတ်ကျော်-ဒေါ်မြင့်မြင့်ဦး(နွေဦးကုံကော်ဆန်ရောင်းဝယ်ရေး)၊ ဒုဗိုလ်မှူးကြီး မောင်မောင်လတ်(ရေ-ငြိမ်း)-ဒေါ်ရီရီစိုးတို့၏ကျေးဇူးရှင်မိခင်ကြီး၊ မသက်နှင်းလတ်၊ မောင်စောရန်နိုင်တို့၏အဘွား ဒေါ်စမ်းစမ်းသည် ၂၈-၃-၂၀၁၆ (တနင်္လာနေ့) နံနက် ၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၄-၂၀၁၆ ရက်တွင် အထက်ပါသုဝဏ္ဏနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ကျောင်းဒါယိကာမကြီး
## ဒေါ်သန်းကြည် (၇၉)နှစ်
### (ကုန်သွယ်-ငြိမ်း)

တောင်ကြီးမြို့၊ ညောင်ပင်ဖြူစခန်းရပ်၊ နယ်မြေ(၁၆)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(ည/၄)နေ ဦးညိုမြ (နမ်းခုံး)၏ ဇနီး၊ (ဦးစိုင်းဇော်ဝင်း)-ဒေါ်အေးမိသောင်း၊ ဦးကျော်ကျော်လင်း-ဒေါ်နန်းမိမိခိုင်၊ (ဦးစိုင်းဇော်မင်း)-ဒေါ်နိုင်နိုင်မော်တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်သုံးယောက်တို့၏အဘွား ဒေါ်သန်းကြည်(ကုန်သွယ်-ငြိမ်း)သည် ၂၇-၃-၂၀၁၆(တနင်္ဂနွေနေ့) ည ၉း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၆(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးဝင်းနိုင်(ကျုံပျော်)
### နေရှင်နယ်မိသားစု ဗီဒီယို-ဓာတ်ပုံရိုက်ကူးရေး
### ဓာတ်ပုံဝင်းနိုင် (ကျုံပျော်)
## အသက်(၅၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နှင့် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ကြံခင်းလမ်း၊ အမှတ်(၆)နေ (ဦးညိမ်းမောင်)-ဒေါ်ရီရီတို့၏သား၊ ဒေါ်ကျင်ရွှေ၊ ဒေါ်လှသန်း၊ ဒေါ်လှစန်း၊ ဒေါ်တူး၊ ဦးလှတိုး-ဒေါ်ပြုံး၊ ဦးကျော်ကျော်-ဒေါ်အုန်းမြင့်၊ ဒေါ်တင်တင်ဝါ၊ ဦးချိုနိုင်-ဒေါ်သီတာမြင့်(MOGE)တို့၏ညီ/မောင်၊ မခိုင်ခိုင်ကျော်၊ မောင်နေမျိုးလင်း၊ မောင်အောင်ပြည့်ဖြိုး၊ မအိသဉ္ဇာမော်တို့၏ဦးလေး ဦးဝင်းနိုင်(ကျုံပျော်)သည် ၂၈-၃-၂၀၁၆(တနင်္လာနေ့) နံနက် ၁း၃၀နာရီတွင် ရန်ကုန်မြို့၊ ခုတင်(၅၀၀)အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၆(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးနိုင်အောင် (၄၃)နှစ်

ရန်ကုန်မြို့၊ကြည့်မြင်တိုင်မြို့နယ်၊ဥယျာဉ်လမ်း၊အမှတ်(၈၉)နေ (ဦးစန်းရီ)-ဒေါ်နွဲ့တို့၏သား၊ (ဦးမောင်မောင်)-ဒေါ်လှကြည်တို့၏သားသမက်၊ ကိုဆန်းထိုက်-ဒေါက်တာဝေမွန်သွယ်တို့၏အစ်ကို၊ ဒေါ်ဥမ္မာခင်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဟိန်းထက်ကျော်၊ မမေမြတ်မိုးခင်တို့၏ဖခင်သည် ၂၈-၃-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၁၂း၅၅ နာရီတွင် ဆာကူရာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၆(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## Dr. ရာမ်ပရာဆပ်ယာဒဝ
### အိန္ဒိယသံရုံး(ငြိမ်း)
## အသက်(၇၂)နှစ်

အိန္ဒိယနိုင်ငံ၊ဗီဟာပြည်နယ်၊ပတ္တနားမြို့နေ ဦးစီပါဟီးယာဒဝ-ဒေါ်ဘာစုမသီဒေဝီတို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နေ ဒေါ်လတ်ချိမ်းနီးယားယာဒဝ ၏ချစ်လှစွာသောခင်ပွန်း၊ ကိုကျော်အောင်(ခ)ဆာမာဂျီယာဒဝ-မနှင်းနှင်းကျော်(ခ)မွန်ဂျူးယာဒဝတို့၏ မွေးသဖခင်၊ မောင်ခန့်ပိုင်ဝင်း၊ မမြတ်ဆုပြည့်တို့၏အဘိုးသည် ၂၄-၃-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၁၁း၁၀ နာရီတွင် မွမ်ဘိုင်းမြို့၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမြို့ ဆွေမျိုးများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်အေးမြင့် (၇၂)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၅)ရပ်ကွက်၊ သပြေညိုလမ်း၊ တိုက်(၂၄၃)၊ အခန်း(၄)နေ (ဦးလွန်း-ဒေါ်ဖွားစိန်)တို့၏သမီး၊ ဦးလှမြင့်၏ဇနီး၊ ကိုဇော်ရန်အောင်-မတင်မိုးမြင့်၊ မအောင်မိုးမြင့်၊ မောင်ချစ်ကိုကိုတို့၏ကျေးဇူးရှင်မိခင်ကြီး၊ မဖူးပွင့်ဖြူ၏ဘွားဘွားကြီး ဒေါ်အေးမြင့်သည် ၂၇-၃-၂၀၁၆ (တနင်္ဂနွေနေ့) ည ၈း၅၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးတင်အောင်သန်း(ခ)
## ဦးမောင်မောင် (၆၃)နှစ်
### (မိတ္ထီလာမြို့)

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ နန်းတော်ကုန်းနယ်မြေ၊ အောင်မင်္ဂလာရပ်နေ (ဦးစံမြ-ဒေါ်လှထွန်း)တို့၏သား၊ (ဦးကျော်မြင့်-ဒေါ်အေးတင်)တို့၏ သားသမက်၊ ရန်ကုန်မြို့နေ ဦးစိန်ဝင်း-ဒေါ်တင်အုန်းမြင့်၊ ဦးရဲနိုင်-ဒေါ်တင်အုန်းဆင့်တို့၏ မောင်၊ ဦးခင်မောင်ရွှေ-ဒေါ်သင်းမြဖြူ(ခ)ဒေါ်မွှေးမွှေးတို့၏ အစ်ကို၊ ဒေါ်ခင်ခင်လှ (အလပြ-ငြိမ်း၊အထက-၁၊ မိတ္ထီလာ)၏ခင်ပွန်း၊ ဗိုလ်ကြီးသန့်စင်၏ကျေးဇူးရှင်ဖခင်သည် ၂၈-၃-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် ရန်ကုန်မြို့ ရွှေဂုဟိုရ်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(အမှတ်-၃၇၊ သမိန်ဗရမ်းလမ်း၊ တာမွေ နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### နတ်တလင်းမြို့နယ်အသင်း
## ဒေါ်သိန်းလှ (၉၉)နှစ်
### သက်ကြီးကန်တော့ခံပုဂ္ဂိုလ်

ရန်ကုန်မြို့နေ ဦးတင်မောင်ဝင်း-ဒေါ်ဖွားသန်း(ရာသက်ပန်အသင်းဝင်)တို့၏မိခင်၊ ရန်ကုန်မြို့၊ အမှတ်(၁၆)၊ (၂)လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပနေ ရာသက်ပန်အသင်းဝင် ဒေါ်သိန်းလှသည် ၂၇-၃-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်း ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

### တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်ညွန့်ညွန့်တင်
## အသက်(၉၀)
### သက်ကြီးကန်တော့ခံ
### အထက(၃) ကြည့်မြင်တိုင်(ငြိမ်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၁၆)ရပ်ကွက်၊ (၁၇)လမ်း၊ အမှတ်(၂၅၄)နေ ဒေါ်ညွန့်ညွန့်တင် သည် ၂၂-၃-၂၀၁၆ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ကျိုစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ အမှုဆောင်အဖွဲ့

## ဒေါ်ခင်စန်းမြင့်(ခ)ဒေါ်အိန်ဂျယ်
### ဦးစီးမှူး(ငြိမ်း)၊ သ/မဝန်ကြီးဌာန
## အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းလမ်း၊ အမှတ်(၁၂၀)၊ ခြောက်လွှာ၊ ကျားကွက်သစ်ရပ်ကွက်နေ [ဦးစိုးဝင်း (စား/ထွေ မန်နေဂျာ-ငြိမ်း)]၏ဇနီး၊ ဦးမြသန်း-ဒေါ်သဥ္ဇာဦး(ထ-ခွဲ၊ လ-၁၊ ဖျာပုံ)၊ ဦးမျိုးအောင်သန့်-ဒေါ်ကြည်ကြည်သင်း၊ ဒေါ်နှင်းကေခိုင်၊ ဦးကျော်မင်းနိုင်-ဒေါ်ဝါထွေးဖြူ၊ ဦးဖြူချေ-ဒေါ်အေးတို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၂၈-၃-၂၀၁၆ (တနင်္လာနေ့) နံနက် ၄း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း
## ဦးသိန်း(၆)
## အသက်(၈၀)
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)

ရာသက်ပန်အသင်းဝင် အမှတ်(၄၈၀)၊ ဦးသိန်း(၆)သည် ၂၆-၃-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၆ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား အကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

## ဝမ်းနည်းကြေကွဲခြင်း
## မစုနန္ဒာကိုလေး
## အသက်(၃၉)နှစ်

သူငယ်ချင်းဒေါက်တာကိုကိုလေး-ဒေါက်တာခင်တာဆွေတို့၏သမီး မစုနန္ဒာကိုလေးသည် ၂၂-၃-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၆၄ခုနှစ် ဆေးတက္ကသိုလ်(၁)ဝင်**
**အတန်းဖော်သူငယ်ချင်းများ**

## ဦးလှသိန်း(တွံတေး)
### မြို့နယ်အင်ဂျင်နီယာ(ငြိမ်း)ဆောက်လုပ်ရေး
## အသက်(၈၆)နှစ်

တွံတေးမြို့၊ ကွမ်းခြံပိုင်းနေ(ဦးမောင်တင်-ဒေါ်စိန်ရှင်)တို့၏သား၊ ရန်ကုန်မြို့၊ သုဝဏ္ဏ (၃၀)ရပ်ကွက်၊ စံပယ်ဖြူလမ်း၊ အမှတ်(၅၆)နေ ဒေါ်လှတင့်၏ခင်ပွန်း၊ ဦးခင်ဇော်၊ ဦးမျိုးဟန်လှ(C/E A.P Mollar)-ဒေါ်သန်းသန်းနွယ် (ဆောက်လုပ်ရေး-ငြိမ်း)တို့၏ဖခင်၊ ကိုထွန်းဇော်ဦး(Tony Tun Tun)-မနှင်းဝတ်ရည်၊ ကိုသော်ထက်မျိုးဟန်၊ မသင်းသဇင်၊ မသက်ထားမျိုးဟန်တို့၏အဘိုး၊ မောင်ဟိန်းထက်ဇော်၊ မသွန်းဝတီထွန်းတို့၏ဘိုးဘိုးကြီးသည် ၂၇-၃-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၃း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂-၄-၂၀၁၆(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအေးသက် (၈၂)နှစ်
### အင်/ယာ(စ်)၊ ယန္တရားတပ်ခွဲ(တောင်)
### ဆောက်လုပ်ရေးဝန်ကြီးဌာန

လက်ပံတန်းမြို့နေ (ဦးမင်းဒင်-ဒေါ်ညိမ်းခင်)တို့၏သားငယ်၊ အမှတ်(၁၂၇)၊ သန္တာနှင်းဆီလမ်း၊ ရွှေပင်လုံရိပ်မွန်၊ မြောက်ဒဂုံမြို့နယ်နေ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်မျိုးဆွေဝင်း(မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ နေပြည်တော်)-ဒေါ်စိုးစိုးသက်၊ ဦးမြသက်အောင်-ဒေါက်တာချိုချိုသက်၊ ဒေါ်ရင်ရင်သက် (ညွှန်ကြားရေးမှူး-ငြိမ်း၊ F.E.R.D)၊ ဒေါက်တာမိမိသက် (တွဲဖက်ပါမောက္ခ၊ ပဲခူးတက္ကသိုလ်၊ သမိုင်းဌာန)တို့၏ဖခင်၊ ဗိုလ်ကြီးဇင်လင်းထူး(M.Sc $2^{nd}$Yr. Pathology)-မနှင်းသီရိဝေ၊ မောင်အောင်ညိုသက်(ခေတ္တ-ဩစတြေးလျ)၊ မောင်ထက်အာကာဖြိုး (Final Part II, ဆေး-၂ ရန်ကုန်)တို့၏အဘိုးသည် ၂၇-၃-၂၀၁၆(တနင်္ဂနွေနေ့) ညနေ ၅း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၆(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၁၆(စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း မွေ့ရာရုံ၊ ရေကန် ဒါယကာကြီး
## ဦးတင်အောင်(ကုန်သွယ်/လယ်ယာ-ငြိမ်း)
## အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ တိုက်(၂၄၆/၂)၊ မီးဒုံးလမ်းသွယ်(၁)နေ (ဦးမြမောင်-ဒေါ်အေးခင်)တို့၏သားကြီး၊ ဒေါ်လှဲ့လှဲ့ဝင်း(ခ)ဒေါ်ရီစီမောင်၏ခင်ပွန်း၊ ညီအစ်ကိုမောင်နှမ ကိုးယောက်တို့၏ အစ်ကိုကြီး၊ သားသမီးငါးယောက်တို့၏ဖခင်၊ တူ/တူမများ၏ဘကြီး၊ မြေး ၁၁ ယောက်တို့၏အဘိုးသည် ၂၆-၃-၂၀၁၆(စနေနေ့) ည ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၇-၃-၂၀၁၆(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်းစူး၍ ၁-၄-၂၀၁၆(သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးပါးပါး(ခ)ဦးခင်မောင်လတ်(ခ)ဦးရာမ်ပရ်ဆပ်
### (ဦးပါးပါးအိမ်ဆောက်ပစ္စည်းဆိုင်၊ သမိုင်း)
## အသက်(၆၇)နှစ်

(ဦးလာလူး-ဒေါ်ဆူဂျူးဒေဝီ)တို့၏သား၊ ဒေါ်ချမ်ပါဒေဝီ၏ခင်ပွန်း၊ ဦးဇော်ဦး-ဒေါ်ဝေလွင်မာ၊ ဦးဇော်ထွန်း-ဒေါ်သက်စုလှိုင်၊ ဦးဇော်ဝင်း၊ ဦးဇော်လင်း၊ မစိုးသီရိတို့၏ဖခင်၊ Prince၊ ယွန်းရွှေရည်ထွန်း၊ Parl တို့၏ အဘိုးသည် ၂၆-၃-၂၀၁၆ (စနေနေ့) နံနက် ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ပြီး ဟိန္ဒူဓလေ့ထုံးစံနှင့်အညီ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးနေဝင်းကြင်(Bosun) M.V AMUR NO.3 (၆၆)နှစ်
### (ပခုက္ကူ)

ပေါင်လောင်ရှင်ရပ်/လမ်းမတော်လမ်းနေ ဦးဘကျင်-ဒေါ်မိမိလေးတို့၏သား၊ ပေါင်လောင်ရှင်ရပ်၊ ဗိုလ်ချုပ်လမ်းနေ ဦးဘပု-ဒေါ်အုံးတင်တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ ဒေါ်ခင်စောထွေး၏ခင်ပွန်း၊ ဦးညီညီဝင်း-ဒေါ်မြတ်မြတ်ခိုင်၊ ကိုဇော်ထက်-မမေသဉ္ဇာဝင်းတို့၏ဖခင်၊ မောင်သက်ပိုင်ညီ-မစန်းမော်မြင့်တို့၏အဘိုး ဦးနေဝင်းကြင်သည် ၂၆-၃-၂၀၁၆(စနေနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရွှေပြည်သာမြို့နယ်၊ ကျူချောင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများသိရှိစေရန် အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
## ဦးဝင်းနိုင်
### ဌာနခွဲမှူး(ငြိမ်း)၊စက်မှု(၁)ဝန်ကြီးဌာန
## အသက် (၆၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(လယ်)ရပ်ကွက် ရှမ်းလမ်း၊ အမှတ်(၁၈၀)၊မြေညီထပ်နေ (ဒေါ်သန်းသန်းနွဲ့)၏ခင်ပွန်း၊ (ဦးကိုကို)-ဒေါ်ခင်ကြည်တို့၏သားငယ်၊ ဦးကြည်လင်း-ဒေါ်ထားထားရီတို့၏ညီ၊ ဦးထိန်လင်း-(ဒေါ်ညိုညိုလှိုင်)တို့၏ မောင်၊ ကိုကျော်သူဟိန်း-မဟေဇင်လတ်၊ ကိုကြည်သာငြိမ်း-မခက်လှ၊ ကိုပြည့်ဖြိုးဦး-မယဉ်မင်းအေးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မရွှန်းလဲ့ဝေ၊ မဆုပြည့်ကျော်တို့၏ အဘိုးသည် ၂၇-၃-၂၀၁၆ (တနင်္ဂနွေနေ့) ည ၁း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၁၆(စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးတက်ညွန့်(ရွှေဘို)
## အသက်(၈၄)နှစ်
### ခရိုင်မန်နေဂျာ(ငြိမ်း)၊
### စားဖျော်/ရွှေဘိုမြို့နယ်
### သမဝါယမအမှုဆောင်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နေ (ဦးဝန်-ဒေါ်စောတင်)တို့၏သား၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ တိုက်(၅၄)၊ အခန်း(၆)နေ (ဒေါ်ခင်မေကြည်)၏ခင်ပွန်း၊ ဦးခင်မောင်ဆန်း-ဒေါ်ရွှေဝါဦး၊ ဦးရဲလွင်ဦး-ဒေါ်ထားထားခိုင်၊ ဦးသန်းထွန်းဦး-ဒေါ်ချိုယဉ်သန့်တို့၏ဖခင်၊ မစိမ့်စမ်းဦး၊ မောင်ဖြိုးဟိန်းထက်၊ မဆုမွန်မွန်နိုင်၊ မောင်ကျော်ထွန်း၊ မငြိမ်းဝသန်ဆန်းတို့၏အဘိုးသည် ၂၇-၃-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၁၆ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူများ ကတိသစ္စာပြုခြင်း၊ နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်တွင် မိန့်ခွန်းပြောကြားခြင်းတို့ကို တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၈**

မတ် ၃၀ ရက်တွင် ကျင်းပမည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး(၁၅)ရက်မြောက်နေ့တွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဦးထင်ကျော်နှင့် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူများက ပြည်ထောင်စုလွှတ်တော်နာယကနှင့် ပြည်ထောင်စုလွှတ်တော်၏ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်း၊ နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်တွင် မိန့်ခွန်းပြောကြားခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြား (News Channel)၊ လွှတ်တော် (Channel) နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ ယင်းနေ့နံနက် ၁၀ နာရီမှစတင်၍ တိုက်ရိုက်ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**ယနေ့ မာတိကာ**

မြန်မာ့ရွှေချည်ထိုးပန်းချီကားများ နိုင်ငံခြားဈေးကွက် ထိုးဖောက်ရေး အနုစိတ်လက်ရာများဖြင့် အလှဆင် စာမျက်နှာ - ၂
ရွှေကြာပင် ကျောက်မျက်ရတနာ အချောထည်ဈေး၌ ကျောက်မျက်ရတနာရောင်းဝယ်ရေးဌာနနှင့် ကျောက်မျက်ရတနာသင်တန်းကျောင်း ဖွင့်လှစ် စာမျက်နှာ - ၅
စတော့ရှယ်ယာတွေအကြောင်း ဆက်ပါရစေဦး စာမျက်နှာ - ၆
ကျောက်ဖြူမြို့၌ ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက် စာမျက်နှာ - ၁၀

# မြန်မာ့ Banking စနစ် ပိုမိုခိုင်မာလာပါက အိုင်တီပစ္စည်းဈေးနှုန်းများ ကျဆင်းလာနိုင်



Myanmar Plaza ၏ စည်ကားမှုမြင်ကွင်းကို မတ် ၂၇ ရက် နံနက်ပိုင်းက တွေ့မြင်ရစဉ်။

**ရန်ကုန် မတ် ၂၈**

မြန်မာနိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာပြီး မြန်မာနိုင်ငံ၏ Banking System ပိုမိုခိုင်မာလာပါက အိုင်တီပစ္စည်းနှင့်စပ်လျဉ်း၍ ဈေးကွက်ရှိ ရောင်းချဈေးနှုန်းများ ပြန်လည်ကျဆင်းလာနိုင်ကြောင်း LIFE SQUARE မှ ဈေးကွက်မန်နေဂျာ ဦးတေဇာတင်ဦးက ပြောသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖

# မှော်ဘီ အောက်ဝါးနက်ချောင်းလူမှုစောင့်ရှောက်ရေးဂေဟာတွင် အဘိုးအဘွားများသေဆုံးသည့်သတင်းမှာ ကောလာဟလသာဖြစ်

**ရန်ကုန် မတ် ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာရှိ လူမှုစောင့်ရှောက်ရေးဂေဟာတွင် ကျန်းမာရေးစောင့်ရှောက်မှုအားနည်းခြင်းကြောင့် တစ်နေ့လျှင် အဘိုးအဘွားများ လေးဦး၊ ငါးဦးခန့် သေဆုံးနေပြီး အာဟာရပြည့်မီစွာစားသုံးရခြင်း မရှိကြောင်း မတ် ၂၇ ရက်က လူမှုကွန်ရက်စာမျက်နှာများတွင် ထွက်ပေါ်နေသော သတင်းများမှာ ကောလာဟလသတင်းများသာဖြစ်ကြောင်း၊ ဘိုးဘွားရိပ်သာမဟုတ်ဘဲ လူမှုစောင့်ရှောက်ရေးဂေဟာသာဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးက ပြောသည်။

"ဒီစခန်းက လူမှုဝန်ထမ်းဌာနရဲ့ သင်တန်းကျောင်းလည်းမဟုတ်သလို ပစ်ထားတဲ့စခန်းတော့ မဟုတ်ပါဘူး။ ဘိုးဘွားရိပ်သာလည်းမဟုတ်ပါဘူး။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဌာနကနေ ရန်ကုန်မြို့ပေါ်မှာ တောင်းရမ်းစားသောက်နေတဲ့ အခြေအနေမဲ့တွေကို ထိန်းသိမ်းပြီး ဒီစခန်းကို ပို့တာပါ။ ကျန်းမာရေးအတွက်လည်း တိုက်နယ်ဆရာဝန်ကို တစ်ပတ်တစ်ခါလောက်လာကြည့်ပေးဖို့ ညှိနှိုင်းထားပါတယ်။ အရေးပေါ်အခြေအနေဆိုရင်တော့ ဆေးရုံတင်ဖို့ မှာကြားပြီးသားပါ။ ဒီဂေဟာမှာ တစ်နေ့တည်း လေးငါးဦး သေတယ်ဆိုတာမဟုတ်ပါဘူး။ ကောလာဟလသာဖြစ်ပါတယ်။ အသက်ကြီးလို့သေတာတွေ ရှိသလို၊ ခေါ်လာကတည်းက သေမယ့်ဆဲဆဲ လူနာတွေလည်း ပါလာတာရှိပါတယ်။ သေခဲ့ရင်လည်း ကောင်းကောင်းမွန်မွန်သင်္ဂြိုဟ်တာပါ။ တချို့ပြောတာတွေက ပစ်ထားတဲ့ပုံစံမျိုးလိုတာထက် ပိုနေတာတွေရှိပါတယ်" ဟု ၎င်းက ပြောသည်။

**သတင်း-သီသီမင်း ဓာတ်ပုံ-စိမ်းခက်**

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳

သင့်အိမ်မှာသွေးတိုးသမားရှိနေပြီလား
မိသားစုကုန်ကျစရိတ်အလွန်သက်သာစေတဲ့ အစွမ်းထက်တိုင်းရင်းဆေး သွေးတိုးကျဆေး



**အာသာဝတီ** (အမှတ်တံဆိပ်)
**သွေးတိုးကျဆေး**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR 013106 (0118)
တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလိုင်စင်အမှတ် ၁၁/၂၀၁၄-တဆထလ(တိုး)၀၂၈၂
တိုင်းရင်းဆေးဝါးကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(စာနယ်ဇင်း)၀၃၆/၀၅၁၅

၁။ တိုင်းရင်းဆေးပါမောက္ခဆရာကြီး၏ အောင်မြင်သော သုတေသနကို အခြေခံထားသည်။
၂။ Acute Toxicity အဆိပ်အတောက် အာနိသင် ကင်းရှင်းကြောင်း စမ်းသပ်ပြီးဖြစ်သည်။ နိုင်ငံတကာစံချိန်မှီ OECD (423) Guide Line ဖြင့် ပြုလုပ်သည်။
၃။ သွေးတိုးကျစေသည့်အပြင် သွေးတိုးကို ပုံမှန်သွေးချိန်တွင် ထိန်းထားနိုင်သည်။ ခေါင်းကြည်လင်ပေါ့ပါးစေခြင်းဖြင့် အလုပ်ခွင်တွင် လန်းဆန်းစွာ လုပ်ကိုင်နိုင်သည်။
၄။ Reference : - Win Naing, paper read at the 4th Traditional Medicine Research Congress. (2013)
- Lab. report, Department of Medical Research (LM)

ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

## မြေဆီလွှာဆိုင်ရာ ဓာတ်ခွဲစမ်းသပ်ချက်များအား စိုက်ပျိုးရေးလုပ်ငန်းရှင်တောင်သူများ ရယူနိုင်ပြီ

**ဘားအံ မတ် ၂၈**

ကရင်ပြည်နယ်တွင် နှစ်ရှည်သီးနှံဖြစ်သည့်ရော်ဘာကို ဧက ၂ ဒသမ ၆ သိန်းကျော်၊ စပါးစိုက်ပျိုးဧက စုစုပေါင်း ၆ ဒသမ ၅ သိန်းကျော် စိုက်ပျိုးထားသော်လည်း နည်းပညာဆိုင်ရာလိုအပ်မှုများကြောင့် စိုက်ပျိုးသောသီးနှံများ ဖြစ်ထွန်းအောင်မြင်မှုနည်းပါး၍ စိုက်ပျိုးရေးလုပ်ငန်းရှင်များ ဝင်ငွေရရှိမှုနည်းပါးနေကြောင်း သိရသည်။

ထို့ကြောင့် သီးနှံအမယ် တစ်ခုချင်းအလိုက် လိုအပ်သောအပင် အာဟာရအတွက် ဓာတ်မြေဩဇာများကို အရည်အသွေးမှန် အမျိုးအစားမှန်မှန် အသုံးပြုရမည့်အပြင် အချိန်ကိုက်ရာသီအလိုက် ထည့်သွင်းနိုင်မှသာလျှင် စိုက်ပျိုးသီးနှံများထွက်ရှိအောင်မြင်၍ ထွက်လာသောသီးနှံများ အရည်အသွေးကောင်းပြီး ဈေးနှုန်းခိုင်မာစွာ ရရှိနိုင်မည်ဖြစ်သည်။

ယခုအခါ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ တည်ဆောက်ထားသော မြေဆီလွှာဆိုင်ရာဓာတ်ခွဲခန်းတွင် တိကျမှန်ကန်သောအဖြေများကို ဓာတ်ခွဲစမ်းသပ်ထုတ်ပေးနေပြီဖြစ်ရာ မြေဆီလွှာဓာတ်ခွဲခြင်းဖြင့် သီးနှံပင်များအတွက် မရှိမဖြစ် အရေးကြီးသည့် သီးနှံအာဟာရဓာတ်များ၊ မြေဆီလွှာအတွင်းလိုအပ်သော ပါဝင်မှုပမာဏများကို ဓာတ်ခွဲစစ်ဆေးခြင်းဖြင့် ထည့်သွင်းသုံးစွဲရမည့် မြေဆီဩဇာပမာဏကို စီမံခန့်ခွဲမှု ပြုလုပ်နိုင်ကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးရုံးမှ သိရသည်။



တောင်သူများအနေဖြင့် မိမိတို့စိုက်ပျိုးထားသော စိုက်ပျိုးမြေများနှင့်ပတ်သက်၍ မြေဆီလွှာဆိုင်ရာဓာတ်ခွဲစမ်းသပ်လိုပါက သက်ဆိုင်ရာခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးရုံးတွင်သော်လည်းကောင်း၊ ပြည်နယ်ဦးစီးမှူးရုံး ဘားအံမြို့ မြေအသုံးချရေးဌာနခွဲ(ဓာတ်ခွဲခန်း) ဖုန်း- ၀၅၈-၂၃၄၂၀ ကိုလည်းကောင်း ဆက်သွယ်၍ မြေဆီလွှာဆိုင်ရာ ဓာတ်ခွဲစမ်းသပ်ချက်များ ရယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ရာသီဥတုပူပြင်းလာခြင်းကြောင့် ကြက်၊ ငုံးမွေးမြူရေးလုပ်ကိုင်သူများ ဇီဝလုံခြုံရေးကို အထူးဂရုပြုလုပ်ဆောင်

**မုံရွာ မတ် ၂၈**

မုံရွာမြို့နယ် ကြက်၊ ငုံးမွေးမြူရေးအထူးဇုန်ကြီးကို ပြီးခဲ့သည့်နှစ် ကြက်၊ ငှက်တုပ်ကွေးဖြစ်၍ ကြက်များ၊ ငုံးများ ရှင်းလိုက်ရသည့်နောက်ပိုင်း ဥစားကြက်သီးသန့်မွေးမြူရေးခြံနှင့် ငုံးမွေးမြူရေးခြံတို့ကို သီးသန့်တည်ထောင်ကာ တစ်လနှစ်ကြိမ်ခြံများကို ဆေးဖျန်းကာ ဇီဝလုံခြုံရေးကို ခြံပိုင်ရှင်လုပ်သား များ၏ စိတ်အားထက်သန်မှုဖြင့် ဂရုစိုက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခြံဖျန်းဆေးကို လုပ်ငန်းရှင် ၁၁၇ ဦးပိုင်သော ဥစားကြက် ၁၁၀၀၀၀ ကျော်မျှ မွေးထားသော ၂၃၁ ခြံကို နှစ်ပတ်တစ်ကြိမ်ဖျန်းရန်အတွက် မုံရွာမြို့နယ် တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဦးစီးမှူးနှင့် အဖွဲ့ဝင် များက ကြပ်မတ်ဆောင်ရွက်လျက်ရှိသလို လုပ်ငန်းရှင် ၁၈ ဦးပိုင်သော ငုံးကောင်ရေ နှစ်သိန်းကျော်ကို မွေးထားသော ငုံးခြံ ၂၄ ခြံရှိသည့် မုံရွာမြို့နယ် သီးသန့်ငုံးခြံတွင်လည်း ဇီဝလုံခြုံရေးကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မုံရွာကြက်ဇုန်နဲ့ ငုံးဇုန်ကိုခွဲမွေးမြူနိုင်တာဟာ ဇီဝလုံခြုံရေးအတွက်များစွာ အထောက်အကူဖြစ်စေသလို အရင်လို ကြက်၊ ငှက်တုပ်ကွေးဖြစ်နိုင်ခြေ ဝေးသွားစေပါတယ်။ ဒီလိုဝေးသွားပြီပဲဆိုပြီး ပေါ့ဆလို့မရသေးတဲ့အတွက် အမြဲကြပ်မတ်ဆောင်ရွက်နေပါတယ်။ အထူးသဖြင့် ဇီဝလုံခြုံရေးအတွက်ခြံဖျန်းဆေးဖျန်းတာတွေကိုတော့ တစ်လနှစ်ကြိမ်အဖြစ် လစဉ် လဆန်း ၁ ရက်နဲ့ ၁၅ ရက်တွေမှာသတ်မှတ်ပြီးမဖြစ်မနေဖျန်းစေပါတယ်။ ခြံပိုင်ရှင်၊ ခြံလုပ်သားတွေကလည်း ကြိုတင်ကာကွယ်တယ်ဆိုတာ နားလည်သဘောပေါက်ကြတော့ ဆေးဖျန်းဖို့ အထူးမတိုက်တွန်းရပါဘူး"ဟု မုံရွာမြို့နယ် တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးမှူး ဒေါ်အိအိအောင်က ပြောပြသည်။

မုံရွာကြက်ခြံနှင့် ငုံးခြံများတွင် ခြံဖျန်းဆေးများဖျန်းနေခြင်းနှင့်အတူ နွေရာသီပူပြင်းလာပြီဖြစ်သည့်အတွက် မီးကိုင်ခြံများနှင့် အခြားခြံများအနေဖြင့် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် ကြိုတင်ဆောင်ရွက်သင့်သည်များ ဆောင်ရွက်ရန်နှင့် မီးဘေးအန္တရာယ်အသိပညာပိုင်းများကို မြို့နယ်မီးသတ်နှင့် ပူးပေါင်း၍ ဆောင်ရွက်ထားကြောင်း သိရသည်။ ဥစားကြက်သီးသန့်မွေးနေသည့် မုံရွာကြက်ဇုန်မှ မွေးမြူထားသည့် ကြက် ၁၁၀၀၀၀ ကျော်မှ နေ့စဉ် ကြက်ဥ အလုံးရေ ၈၀ ရာခိုင်နှုန်းခန့် ဈေးကွက်သို့ပို့နေရပြီဖြစ်သလို ဒီဇင်ဘာလမှစတင်၍ အကောင်ရေ နှစ်သိန်းကျော်မွေးမြူလျက်ရှိသော မုံရွာငုံးခြံမှလည်း ဈေးကွက်သို့ ငုံးဥများပို့ဆောင်နေရပြီဖြစ်သည့်အပြင် စိုက်ပျိုးရေးသမားများ အကြိုက် မြေဆီဩဇာပြည့်ဝသည့် ငုံးချေးမှလည်း ဝင်ငွေရရှိနေပြီဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## တောင်ဥက္ကလာပမြို့နယ် သစ္စာလမ်းမကြီးရေစီးရေလာကောင်းရေး စုပေါင်းဆောင်ရွက်

**ရန်ကုန် မတ် ၂၈**

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်း ကျိုက္ကဆံချောင်း ဖြတ်သန်းစီးဆင်းနေရာ အဆိုပါချောင်းအတွင်းသို့ စီးဝင်သော သစ္စာလမ်းမကြီး ရေနုတ်မြောင်းရေစီးရေလာကောင်းရေးအတွက် မတ် ၂၆ ရက်က ပိတ်ဆို့အမှိုက်၊ နုန်း၊ သဲများအား ဆယ်ယူရှင်းလင်းနေကြောင်း ယင်းလုပ်ငန်းခွင်မှ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေဦးက ပြောသည်။

"သစ္စာလမ်းမကြီးက အမှတ် (၆) ရပ်ကွက်နဲ့ အမှတ် (၉) ရပ်ကွက် နယ်နိမိတ်ကို ပိုင်းခြားထားတဲ့ လမ်းမကြီးပါ။ သစ္စာလမ်းမကြီးရဲ့ ရေနုတ်မြောင်းက ကျိုက္ကဆံချောင်းထဲကို စီးဝင်သွားတယ်"ဟု ၎င်းက ရှင်းပြသည်။

အဆိုပါလုပ်ငန်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဦးစောဝင်းမောင်၊ အရှေ့ပိုင်းခရိုင် စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးတင့်လွင်တို့က ကြီးကြပ်၍ အရှေ့ပိုင်းခရိုင် နယ်နိမိတ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်မှ စည်ပင်သာယာ အုပ်ချုပ်ရေးမှူးများက ဦးဆောင်ပြီး စီမံရေးရာဌာန၊ လမ်းနှင့်တံတားဌာန၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၊ သန့်ရှင်းရေးဌာနတို့မှ အင်အား တစ်ရာကျော်ဖြင့် အမှတ် (၆)ရပ်ကွက် မီးသတ်ရေကန်ပတ်လည်မှ ချုံနွယ်၊ မြက်ပင်နှင့် အမှိုက်များအား ရှင်းလင်းပြီး သစ္စာလမ်းမကြီး ရေစီးရေလာကောင်းရေးအတွက် သဲ၊ နုန်းအမှိုက်များအား ဆယ်ယူရှင်းလင်း ဆောင်ရွက်ခဲ့ကြသည်။

**(မောင်သုည)**



### ဖတ်စရာ မှတ်စရာ

## ဘဝမှာ ဂုဏ်ယူစရာအကောင်းဆုံးသောအရာ

မိမိ၏သားကြီး အသက် (၄၀)ကျော်လာပြီ။ အရက်အပေါ် သံယောဇဉ်မဖြတ်နိုင်သေး။ လူ့ဘဝကိုအသက် (၄၀) မှစသည်ဟု အဆိုအမိန့်စကားရှိသည်။ လူ့ဘဝ၏ ချို၊ ငန်၊ စပ်၊ ခါး ရသာစုံသိလာပြီးပြီမို့ တည်ငြိမ်စပြုလာသည့် ဤအရွယ်မှာ လမ်းကြောင်းမှန်နေရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ တစ်ဖက်မှာလည်း ဆေးပညာအလိုအရအသက် (၄၀) ကျော်လာသည်နှင့် အမိန္ဒိရည်ခန်း၊ ကိုယ်ခံအားကျစပြုလာပြီ။ အနေအထိုင်အစားအသောက်က အစ အစစဆင်ခြင်နိုင်မှ တော်ကာကျမည့်အရွယ်။ ယခုသားကြီးအသက် (၄၀)ကျော်လာပြီး အရက်မဖြတ်နိုင်သေး။ ညနေလုပ်ငန်းသိမ်းပြီဆိုသည်နှင့် တစ်ကိုယ်ရေသမားအတွက် အဖော်ပြုစရာအရက်မှတစ်ပါး အခြားမရှိ။ အရက်သမားဘဝနှင့် ဆယ်နှစ်ဆယ်မိုးဖြတ်သန်းလာခဲ့သော မိမိအတွက်ကားကိုယ်ချင်းစာမိလည်း သားကြီးကျန်းမာရေးကို စိုးရိမ်နေမိသည်။ မိမိဘဝမှာ အသက် (၂၀) အရွယ်မှ (၃၀)အရွယ်ထိ ဆယ်နှစ်တိုင်တိုင်အရက်သမားဘဝနှင့်ခရီးကြမ်းပင်ပန်းခဲ့ရသည်။ အဝေးကပျံသန်းလာသည့် ငှက်ငယ်ပမာ သစ်ကိုင်းပေါ် ခိုနားပြီဆိုသည်နှင့် လာလမ်းသို့ခေါင်းငဲ့ပြန်ကြည့်သလို မိမိအတွက်လည်း ထိုနည်းလည်းကောင်းပင်။ ကျောက်ဖြူဆရာအတတ်သင်ကျောင်းမှာ တစ်နှစ်တာ ခိုနားခွင့်ရချိန် ဖြတ်သန်းလာခဲ့သော မိမိဘဝကို ပြန်လည်သုံးသပ်ရင်း ဘဝအတွက်၊ အမျိုးသားရေးအတွက် အရက်သံယောဇဉ်ကိုဖြတ်ဖို့ ဆုံးဖြတ်နိုင်ခဲ့သည်။

မိမိအရက်ဖြတ်ချိန်မှာ အသက် (၃၀) အရွယ် နုနယ်ပျိုမျစ်အရွယ်ကောင်းမို့ ပြဿနာမရှိခဲ့။ ယခုသားကြီး အသက် (၄၀) ကျော်လာခဲ့ပြီ။ ပြဿနာရှိလာပြီ။ သားကြီးအနာဂတ်ကို စိုးရိမ်မိသည်။

ဆေးတက္ကသိုလ်တက်နေသော အငယ်ဆုံးသားငယ်။ စာဖတ်မှုပုံစံကို မကြိုက်ချင်။ သင်ထောက်ကူအတွက် မရှိမဖြစ်သော လက်ကိုင်ဖုန်းကို တလွဲဆံပင်ကောင်းသုံးစွဲမှု လမ်းကြောင်းမှားနေသည်။ ယင်းမှာ ယနေ့လူငယ်များကြား ခေတ်စားနေသည့် CoC Game ကစားခြင်းဖြစ်သည်။ နေ့ရောညပါ သဲသဲမဲမဲကစားသည်။ တစ်ခါတလေ ည ၂ နာရီထိ ဖုန်းနှင့်မျက်နှာမခွာ။ အာရုံစူးစိုက် တစိုက်မတ်မတ်။ State ကျောင်းသားဘဝမှာ စာကျက်အားကောင်းခဲ့၍ တက္ကသိုလ်ဝင်တန်းကို လေးဘာသာ ဂုဏ်ထူးဖြင့် နှစ်ချင်းပေါက်ခဲ့သူ။ ယခုသားငယ်၏ မင်္ဂလာစာဖတ်သံကို မကြားရသလောက်ဖြစ်သွားပြီ။ အချိန်မီ သတိပေးမိသည်။ သားငယ်ကား အလေးမထား ပေါ့ပေါ့ပါးပါး။ ကျောင်းမှာပို့ချချက်များကို သေချာနားထောင်၊ ကျူရှင်မှာထပ်ပြီးမှတ်၊ အနီးကပ်မှာ ကျက်လိုက်လျှင် အောင်ပြီ။ သားငယ်အပြော။ သို့သော် ဆေးတက္ကသိုလ် ပထမနှစ်ကျရှုံးခဲ့သည်။

စိတ်မကောင်းဖြစ်နေပြီးသော သားငယ်ကို မဆူရက် အရေးကြီးသည်မှာ အမှားကိုသိသဖြင့် အမှန်သို့ရောက်ရှိအောင် မလျှော့သောဇွဲနှင့် ကြိုးစားဖို့သည်သာပဓာန။ "ဒီနှစ် အောင်ကိုအောင်ရမည်" ခံစားချက်အပြည့်နှင့် အလေးအနက်ထား သားငယ်၏ကတိပေးစကား။ သားငယ်ကိုယုံသည်။ ဆုံးရှုံးမှုနွံထဲမှာ နစ်မြုပ်မနေဖို့သာလိုရင်း။ ယခု သားငယ်စာကျက်သံကို ပုံမှန်ကြားလာနေရပြီ။ မင်္ဂလာသံစဉ်လွှမ်းခြုံသည့် မိမိတို့အိမ်လေး သီရိဂေဟာ ဖြစ်သွားပြီ။

ပြီးခဲ့သည့်နှစ် မယ်စကြဝဠာရွေးပွဲတွင် မိမိတို့နိုင်ငံကိုယ်စားပြုအလှမယ်တစ်ဦး ပြိုင်ပွဲဝင်စင်မြင့်ပေါ်မှာ ခြေခေါက်၍ယိုင်လဲခဲ့သည်။ ချက်ချင်းပြန်ထ၊ ဟန်မပျက်ခဲ့ပါ။ လက်ခုပ်တီးရင်း ဆက်လျှောက်နိုင်ခဲ့သည်။ ကြွရောက်အားပေးသော ပရိသတ်အပေါင်းကလည်း တအံ့တဩနှင့် မတ်တတ်ရပ် ဩဘာပေးခဲ့ကြသည်။ အရေးကြီးဆုံးမှာ လဲလျှင်ပြန်ထနိုင်ဖို့ပင် မဟုတ်ပါလော။

"လဲနေသူထူပေးပါ၊ အားငယ်သူအားပေးပါ. ."မူလတန်းအဆင့် မြန်မာဖတ်စာပါစာသားသည် လူ့ကျင့်ဝတ်ဟု ဆိုထိုက်သည်။ သို့သော် အရေးကြီးသည်မှာ သူများထူမှမဟုတ်ဘဲ ကိုယ်တိုင်ထူမတ်ရပ်နိုင်မှသာ တန်ဖိုးရှိသောဘဝပိုင်ရှင် အစစ်အမှန် ဖြစ်လာနိုင်ပါမည်။

ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် နယ်လ်ဆင်မင်ဒဲလားက"ဘဝမှာဂုဏ်ယူစရာအကောင်းဆုံးဟာ တစ်ခါမှလဲမကျတာ မဟုတ်ပါဘူး။ ကိုယ်လဲကျတဲ့အခါတိုင်း ပြန်ထခြင်းသာဖြစ်တယ်"ဟူ၍ ဘဝအတွေ့အကြုံနှင့်ယှဉ်၍ မိန့်ဆိုခဲ့ဖူးသည်။

"အတ္တာဟိ အတ္တာနော နာထော" ဘုရားဟောတရားတော်နှင့်အညီ မိမိဘဝမှာ မိမိကိုယ်တိုင်သာ ခိုကိုးရာအမှန်ဖြစ်ပါသည်။

**အောင်ကျော်ညို (ဆင်ချဆိပ်)**

## မြစိမ်းရောင်နှစ်ပတ်လည်ဆွေးနွေးပွဲ ကျင်းပ

**ရမ်းဗြဲ မတ် ၂၈**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေသော ရွာကြီးအုပ်စု ရွှေရွာသစ်ကျေးရွာတွင် မြစိမ်းရောင်ချေးငွေများကို တစ်နှစ်ပြည့်၍ အောင်မြင်စွာပြန်လည်ပေးဆပ်နိုင်ခဲ့ပြီး နှစ်ပတ်လည်သုံးသပ်ဆွေးနွေးပွဲကို မတ် ၂၅ ရက်က ရွှေရွာသစ်ကျေးရွာ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ကျေးလက်ဦးစီးမှူး၊ မြို့နယ်စည်ပင်သာယာရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်မွေး/ကုဦးစီးမှူး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးတို့က လုပ်ငန်းပိုင်းဆိုင်ရာများဆွေးနွေးခဲ့ပြီး ကျေးရွာသူ ကျေးရွာသားများက မရှင်းလင်းသည်များကိုမေးမြန်း၍ မြို့နယ်ဦးစီးမှူး ဦးအောင်ထွန်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **(၅၂၂)**

# တိုးတက်လာသောခေတ်တွင် ကလေးငယ်များစာပေချစ်တတ်အောင်ဝိုင်းဝန်းလုပ်ဆောင်ကာ ကိုယ်ပိုင်စာကြည့်ခန်းလေးများထူထောင်သည့်အလေ့အကျင့်မွေးမြူပေးရန်လို



**မန္တလေး မတ် ၂၈**

ခေတ်မီဖွံ့ဖြိုးတိုးတက်လာသောခေတ်တွင် ပညာအရည်အချင်းနှင့်အတူ အသိပညာများ၊ နည်းပညာများ ယှဉ်ပြိုင်လာနေရပေသည်။ အသိပညာမြင့်မားပါမှ ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်လာမည်ဖြစ်သည်။ ကလေးငယ်များကို ငယ်စဉ်မှစကာ စာဖတ်ဝါသနာပါအောင်စည်းရုံးရမည်ဖြစ်သည်။ ငယ်စဉ်ကာလတွင် ရွှေသွေး၊ တေဇ စာအုပ်၊စာစောင်များကိုဝယ်ပေးကာ ဖတ်ရှုစေခြင်း၊ စနစ်တကျထားစေခြင်းဖြင့် စာဖတ်ဝါသနာပါအောင် ပြုမူပေးရမည်ဖြစ်သည်။

ဖတ်ထားသောစာစောင်အတွင်းမှ ဇာတ်လမ်းကလေးများကိုပြောပြစေကာ နားထောင်ခြင်းများပြုလုပ်ပေးပြီး ကလေးငယ်၏စာဖတ်လိုစိတ်ကို စေ့ဆော်ပေးကြရမည်ဖြစ်သည်။ လွတ်လပ်စွာတွေးခေါ်စေခြင်း စာဖတ်ဝိုင်းကလေးများပြုလုပ်ခြင်း၊ ပုံပြင်ပြောပြစေခြင်းစသည့် အမူအကျင့် ကလေးများကိုစွဲမြဲအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ စာပေကိုချစ်မြတ်နိုးကာ စာအုပ်တန်ဖိုးကို နားလည်အောင် စည်းရုံးလှုံ့ဆော်ပေးနေရမည်ဖြစ်သည်။

အချို့ကျေးလက်ဒေသများတွင် ကိုယ်ပိုင်စာကြည့်ခန်းကလေးများကို ထူထောင်ပေးကာ ကလေးငယ်များ လွတ်လပ်စွာဖြင့် စနစ်တကျဖတ်တတ်အောင်လေ့ကျင့်ပေးလေ့ရှိသည်။ ကျောင်းအားလပ်ရက်များတွင်ကလေးငယ်များကို စုပေါင်းစာသင်ပေးပြီး အားသည့်အချိန်များတွင် စာစောင်များဖတ်ရှုကာ စနစ်တကျထားသိုတတ်အောင် လေ့ကျင့်ပေးလျက်ရှိသည်။ စာကြည့်ခန်းရှင်းလင်းစေခြင်း၊ စာအုပ်များကိုယူဖတ်ကာ စနစ်တကျထားစေခြင်းဖြင့် စာအုပ်၊စာဆောင်များဖြင့် ရင်းနှီးအောင်ပြုလုပ်လာကြသည်။ သတင်းစာအတွင်းမှ အကြောင်းအရာတစ်ခုကို ကူညီရှာပေးစေခြင်းမျိုးဖြင့် စူးစမ်းရှာဖွေဖတ်ရှုတတ်အောင် သင်ပြပေးလာကြသည်။

ကလေးငယ်များသာမက အသက်အရွယ်ကြီးသည့် အငြိမ်းစားများပင် စာကြည့်ခန်းကလေးအတွင်းမှသတင်းစာများယူကာဖတ်ခြင်း၊ စာအုပ်များဖတ်ခြင်းဖြင့် စာဖတ်ဝါသနာပါလာကြောင်းသိရသည်။ ကျေးရွာတစ်ရွာတွင် ကိုယ်ပိုင်စာကြည့်ခန်းကလေးများထားရှိကာ အနီးအနားပတ်ဝန်းကျင်ရှိ လူကြီးလူငယ်များကို စာဖတ်ဝါသနာပါအောင် စည်းရုံးစေခြင်းဖြင့် အသိအလိမ္မာတိုးပွားအောင် ဆောင်ရွက်သင့်လှသည်။ စာအုပ်များ ဝယ်ယူစုဆောင်းစေခြင်း၊ စာကြည့်ခန်းကလေးများကို ထူထောင်စေခြင်း၊ ကျောင်းမှရရှိသော ဆုတံဆိပ်ကလေးများကို စနစ်တကျထားရှိစေခြင်းများဖြင့် အိမ်တိုင်းတွင် စာအုပ်စင်ဖြင့် အလှဆင်စေအောင် ပြုလုပ်ရမည်ဖြစ်ပေသည်။ မန္တလေးမြို့နှင့်အနီးရှိ ကျေးရွာအချို့တွင် ကိုယ်ပိုင်စာကြည့်ခန်းများမှ စာအုပ်များကိုငှားရမ်းပေးခြင်း၊ စနစ်တကျကိုယ်တိုင်ပြန်ထားစေခြင်းမှအစ ကိုယ်တိုင်စာကြည့်စားပွဲ၊ စာကြည့်ခန်းများထားစေသည့် အလေ့အထကိုမွေးမြူပေးနေပြီဖြစ်သည်။

လူကြီးများပင် သတင်းဖတ်သည့်အလေ့အထစွဲလာကာ နေ့စဉ်ထူးခြားဖြစ်စဉ် ထူးခြားသတင်းများကို ပြောဆိုသုံးသပ်ကြားနေပြီဖြစ်သည်။ ကျေးရွာတိုင်း၊ ရပ်ကွက်တိုင်းတွင် ကိုယ့်အနီးအနားပတ်ဝန်းကျင်ကို စာဖတ်သည့်အလေ့အထရရှိအောင် ပညာတတ်များက ဦးဆောင်စည်းရုံးကာ တစ်ပိုင်တစ်နိုင်လူမှုရေးလုပ်ရင်း ပတ်ဝန်းကျင်ကို အသိပညာမြှင့်ပေးသင့်ကြောင်း စာပေဝါသနာပါသူတစ်ဦးက လက်တွေ့လုပ်ဆောင်ရင်း သုံးသပ်ပြောပြသည်။**တိမ်တမန်**

# ရေထွက်များအပြင် သဘာဝရေထွက် ၉၉ ကန်ရှိသောကြောင့် ယင်းမာပင်ဒေသတွင် အပူဒဏ်သာခံရနိုင်ပြီး ရေမရှားပါ

**မုံရွာ မတ် ၂၈**

အပူပိုင်းဒေသတွင် ကျရောက်သော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ယင်းမာပင်နှင့် ပုလဲနယ်တို့တွင် ယခုနှစ်အယ်နီညိုဖြစ်စဉ်ကြောင့် အပူဒဏ်ကို ခံရနိုင်သော်လည်း သောက်သုံးရေအတွက် ဒေသအတွင်းရှိအမြဲထွက်နေသော ရေထွက်များကြောင့် ရေရှားပါးမှု ကြုံရနိုင်ဖွယ်မရှိနိုင်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။



“ရေရဖို့အရေး ရှေးရေတွင်းကျယ်နက်နက်ကြီးတွေမှာ ရေတစ်ပုံးရဖို့အရေး လူအားသုံးပြီး ခပ်ကြရတာပါ။ သောက်ရေသုံးရေအတွက်ကတော့ ပူဖို့မလိုပါဘူး”ဟု ဒေသခံတစ်ဦးက ပြောသည်။

ယင်းမာပင်ဒေသတွင် စိုက်ခင်းများအတွင်း ရေထွက်များရှိသောကြောင့် ဝန်းကျင်အတွင်း သောက်သုံးရေအတွက်သာမက ရေမှာတောက်လျှောက်အဆက်မပြတ် တွင်းတိုင်းမှ သဘာဝအလျောက် မြေကြီးအထက်တစ်တောင်ခန့် ထွက်နေသည်ကများသောကြောင့် စိုက်ခင်းသွယ်မြောင်းများမှတစ်ဆင့် ရောက်ရှိနေစေမှုမှာ အမြဲတမ်းဖြစ်နေ၍ စိုက်ပျိုးပင်အများစုမှာ ဖြစ်ထွန်းအောင်မြင်မှုများကြောင်း သိရသည်။

အဆိုပါဒေသတွင် ရေထွက်များမှ ရေထွက်များနေရုံမက ၉၉ ကန်သော သဘာဝ ရေထွက်ကန်များမှလည်း ရေပိုမိုထွက်၍ ထွက်လာသောရေကြည်လင်သန့်ရှင်းစွာ အသုံးပြုရန် ရေလှောင်ကန်များကို ဒေသခံများနှင့် ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာနတို့ပူးပေါင်း၍ ဆောင်ရွက်ထားသဖြင့် သောက်သုံးရေအပြင် စိုက်ပျိုးရေအတွက်ပါ ပူပန်စရာမလိုကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# လှိုင်သာယာ၌ စာရေးဆရာအသင်း အမှုဆောင်ကော်မတီ ရွေးချယ်

**ရန်ကုန် မတ် ၂၈**

လှိုင်သာယာမြို့နယ် စာရေးဆရာအသင်းအမှုဆောင်ကော်မတီရွေးချယ်ပွဲကို မတ် ၂၆ ရက်မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ် (၈) ရပ်ကွက်အသင်းရုံး၌ ကျင်းပရာ ၂၀၁၄-၂၀၁၅ ခုနှစ် အမှုဆောင်ကော်မတီ၏ အစီရင်ခံစာနှင့် ရသုံးငွေစာရင်းဖတ်ကြားတင်သွင်းချက်ရယူကာ သက်တမ်းပြည့်အမှုဆောင်ကော်မတီများနုတ်ထွက်ကာ ဒုတိယပိုင်းအစီအစဉ်အား ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့်ပြန်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာရေးဆရာအသင်းဝင် အသင်းသားတို့ပါဝင်သည့် ဖွဲ့စည်းရေးကော်မတီ၏ အသင်းသားများ လွတ်လပ်စွာလျှို့ဝှက်ဆန္ဒမဲပေးရွေးချယ်တင်မြှောက်ပွဲကျင်းပရာသို့ မြန်မာနိုင်ငံစာရေးဆရာအသင်းဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးမြတ်စိုး(မြတ်စိုးလှိုင်)၊ ဦးမြတ်ဝေတိုး(မြတ်ဝေတိုးပညာရေး)တို့တက်ရောက်၍ အသင်းအမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးမာတိ(မာတိ ပန်တောကြီး)ပါ ကော်မတီဝင်ခုနစ်ဦးတို့အား ရွေးချယ်မှု အတည်ပြုဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(၇၂၉)

# ကန္တာရခရီးကြမ်းသဖွယ်တွေ့ကြုံနေရသော လိုင်းကားခရီးစဉ်များပေါ်မှ အိုအေစစ်အချို့ကြုံတွေ့တို

ရန်ကုန်မြို့တွင်း လိုင်းကားများစီးနင်းရာတွင် ကန္တာရခရီးကြမ်းအတွင်း သွားလာရသကဲ့သို့ရှိသည်ဟု ခရီးသည်တစ်ဦးက မှတ်ချက်ချပြောဆိုသည်။ ရန်ကုန်မြို့နေသူများအနက်မှ လူနှစ်သန်းဝန်းကျင်သည် ကားလမ်းများပေါ်တွင် လိုင်းကားမျိုးစုံ အစီးရေ ၄၀၀၀ ဝန်းကျင်ဖြင့် စီးနင်းသွားလာနေရသည်။

ဝန်ဆောင်မှုကောင်းလုပ်ဆောင်နေသည့် ယာဉ်များမှာ ဆယ်ဂဏန်းခန့် အရေအတွက်သာရှိသည့်အတွက် နေ့စဉ်ပြေးဆွဲနေသော ယာဉ်အရေအတွက်၏ တစ်ရာခိုင်နှုန်းပင် မရှိသေးပါ။

ရန်ကုန်မြို့တွင်း အများပြည်သူသက်သာချောင်ချိမှုရှိသည့် သယ်ယူပို့ဆောင်ရေးစနစ်အစား စီးပွားရေးဆန်သောလုပ်ငန်းသဖွယ် ဖြစ်နေသည့်အတွက် ခရီးသည်များ ယနေ့တိုင် အဆင်မပြေဖြစ်နေရသည်။ ကားခနှုန်းထားများ အမျိုးမျိုးပြောင်းလဲကောက်ခံနေသော်လည်း တာဝန်ခံဝန်ဆောင်မှုပေးရာတွင် အားနည်းနေဆဲဖြစ်သည်။ ယနေ့ကာလတွင် တစ်ဦးချင်း၏ တစ်နေ့ လုပ်ခကြေးငွေ အနည်းဆုံးသတ်မှတ်ချက်မှာငွေကျပ် ၃၆၀၀ ဖြစ်သည်။ သို့သော် အများစုသည် နေ့စဉ်လုပ်ငန်းခွင်သို့ သွားလာရသည့် ကားခအတွက် သုံးစွဲရငွေမှာ ပျမ်းမျှငွေကျပ် ၄၀၀ ဖြစ်နေသည်။

တစ်နေ့တာရငွေ၏ ၁၁ ရာခိုင်နှုန်းကို လုပ်ငန်းခွင်များ သွားလာရေးအတွက် သုံးစွဲနေရသည်။ သုံးစွဲရငွေများပြားခြင်းအပြင် ယာဉ်ကြောပိတ်ဆို့မှုကြောင့် ယာဉ်လိုင်းများပေါ်တွင် အချိန်နာရီပိုမိုသုံးစွဲနေရသဖြင့် လုပ်အားဆုံးရှုံးမှုများလည်း ရှိလာသည်။ ယာဉ်လိုင်းများပေါ်တွင် သတ်မှတ်ကားခနှုန်းထက် ပိုမိုကောက်ခံနေရမှုကြောင့် ယနေ့ကာလတွင် တရားဝင်သတ်မှတ်ချက်ဖြစ်သော ခရီးစဉ်တစ်ဖြတ်လျှင် ကားခကျပ်ငါးဆယ်ဆိုသည်မှာ မရှိတော့ပါ။ ငွေအကြွေ အခက်အခဲအကြောင်းပြ၍ ပြန်မအမ်းခြင်း၊ စက်ပျက်၊ ဓာတ်ငွေ့ကုန်အကြောင်းပြ၍ခရီးသည်များကိုကားပြောင်းတင်ပေး၍ ထိုင်ခုံဖြင့်လိုက်ပါသူများ မတ်တတ်ရပ်စီးလာရခြင်း၊ မှတ်တိုင်များတွင် စောင့်ဆိုင်းခြင်း၊ အပြိုင်မောင်းခြင်းများလည်း ကြုံတွေ့နေရဆဲဖြစ်သည်။

ခရီးသည်အများစုမှာ ယာဉ်လုပ်သားအချို့၏ ပုံစံသွင်းအနေအထားပြပြောဆိုမှုဖြင့် ယာဉ်လိုင်းများတွင် စီးနင်းနေရသည်။ ဝင်ငွေပိုမိုရရှိရေးအတွက် ကားပေါ်တက်သမျှ တင်ဆောင်ခြင်း၊ မှတ်တိုင်များတွင် ဆွဲတင်၊တွန်းချခြင်းများကို ခရီးသည်များ ခံစားနေရဆဲဖြစ်သည်။ ရန်ကုန်မြို့တွင်းမှ ဘုရင့်နောင်ပွဲရုံဝင်းအထိ ကားမှတ်တိုင် ၂၅ မှတ်တိုင်အကွာအဝေးကို ယာဉ်ကြောကျပ်မှု မရှိဘဲ မှတ်တိုင်များတွင်လည်း စောင့်ဆိုင်းမှုမရှိလျှင် မိနစ် ၃၀ ဝန်းကျင်သာကြာမြင့်သည်။ ညပိုင်းအပြိုင်မောင်းချိန်တွင် မိနစ် ၂၀ ဝန်းကျင်သာကြာသည်။ ယာဉ်ကြောပိတ်ဆို့မှု၊ မှတ်တိုင်များတွင် ခရီးသည်စောင့်တင်ခြင်းများ ကြုံတွေ့ရပါက ကြာမြင့်ချိန်မှာ အနည်းဆုံးတစ်နာရီဖြစ်သည်။ ရန်ကုန်မြို့တွင်းဆိုရာတွင် ယာဉ်ကြောပိတ်မှု အမြဲရှိတတ်သော တရုတ်တန်း၊ ဆူးလေပတ်ဝန်းကျင် မရောက်မီ စံပြ- လမ်းသစ်မှတ်တိုင်ကိုဆိုလိုသည်။

ရန်ကုန်မြို့တွင် ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လွန်ခဲ့သော ၁၀ နှစ်ဝန်းကျင်မှစ၍ ပုဂ္ဂလိကကုမ္ပဏီတစ်ခုသည် လမ်းကြောင်းနှစ်ကြောင်းဖြင့် ပုံသေကားခ ကျပ်၂၀၀ ဖြင့် ပြေးဆွဲခဲ့သည်။ ယနေ့တိုင် ယာဉ်အကွာရာ ၇ခ (7B)ဖြင့် ပြေးဆွဲနေရာ ခရီးသည်ထိုင်ခုံများအပါအဝင် ယာဉ်၏အသွင်အပြင်ကျဆင်းနေသော်လည်း ကားသစ်များဖြင့် အစားထိုးလဲလှယ်ပေးခြင်း မရှိသေးသည်ကို မြင်တွေ့နေရသည်။ စတင်ပြေးဆွဲချိန် ပုံသေ ကျပ် ၂၀၀ ရှိရာမှ ယနေ့ထိ ကားခ ကျပ် ၃၀၀ ဖြစ်သည်။ သို့သော် အပြိုင်အဆိုင်လမ်းကြောင်းရှိလာသဖြင့် ခရီးတစ်ဝက်ကို ကျပ် ၂၀၀၊ ခရီးစဉ် စဆုံးကို ကျပ် ၃၀၀ ဖြင့် ဈေးနှုန်းချပြေးဆွဲမှုရှိသေးသည်ကို တွေ့ရသည်။

ယင်းယာဉ်လိုင်းပြေးဆွဲအပြီး ပုံသေကားခ ကျပ် ၂၀၀၊ TV နှစ်လုံး၊ လေအေးစက်ပါ အဝိုင်းပတ်ခရီးစဉ်ဆွဲယာဉ်လိုင်းများ ပေါ်ပေါက်လာသည်။ ဂျပန်ကားများဖြင့် ပြေးဆွဲခဲ့ရာမှ ၁၀ နှစ်အတွင်း တရုတ်ကား ၃၈၊ ၅၈၊ ဒီဇယ်သုံးတရုတ်ကားမြင့်များ အစားထိုးပြေးဆွဲသည်။ နောက်ဆုံး လေအေးစက်ပါ နှစ်ယောက်ထိုင်ဆိုဖာခုံပါ ကိုရီးယားကားသစ် 6H/.... များထည့်သွင်းပြေးဆွဲသေးသည်။ မကြာမီရက်ပိုင်းတွင် လေအေးစက်ပါ တရုတ်ကားသစ်များ ထည့်သွင်းပြေးဆွဲကာ I Pay ကတ်များ သုံးစွဲမှုရှိမည်ဟု ယခုရက်ပိုင်း အဝိုင်းပတ်ကားများပေါ် I Pay ကတ်များ တက်ရောက်ရောင်းချ အရောင်းမြှင့်တင်သည့် ဝန်ထမ်းများက ခရီးသည်များအား သတင်းပေးမှုရှိလာသည်။

ဝန်ဆောင်မှုအနေဖြင့် TV ဖွင့်၊ လေအေးစက်ဖွင့်၊ ထိုင်ခုံအပြည့်သာ ခရီးသည်တင်ဆောင်သည့်အဝိုင်းပတ်ယာဉ်များ၊ TV၊ လေအေးစက် မပါသော အထူးကားများကြောင့် ပုံသေကားခ ကျပ် ၅၀ အစား ကျပ် ၂၀၀ ဖြစ်လာသည်။ ရိုးရိုးယာဉ်ကြီးလိုင်းများတွင် ခရီးစဉ်တစ်ဖြတ် ကားခကျပ် ငါးဆယ်နှုန်းဖြင့် ခရီးစဉ်ပိုင်းဖြတ်ဇယားအရ ကားခကောက်ခံသည့် စနစ်ဖြစ်လာသည်။

လွန်ခဲ့သောနှစ်များတွင် ရိုးရိုးယာဉ်ကြီးလိုင်းများတွင် ဝင်ငွေပိုရရှိရန် ခရီးစဉ်ပိုင်းဖြတ်မှု ပြောင်းလဲပေးခဲ့သည်။ သို့သော်ခရီးသည်များ ယနေ့ကာလတွင် ကားခအနည်းဆုံး ကျပ် ၁၀၀၊ ဟိုင်းလတ်အစားထိုး မီနီဘတ်များတွင် ကားပေါ်တက် ကားခ ကျပ် ၂၀၀ ပေးလာရသည်။ယာဉ်လုပ်သား၊ ယာဉ်ပိုင်ရှင်၊ ယာဉ်အဖွဲ့အစည်းများ အကျိုးအမြတ်ရရှိနေသော်လည်း ယာဉ်စီးနင်းသူများမှာ ကန္တာရခရီးကြမ်းတွင် သွားလာရသကဲ့သို့ ဖြစ်နေဆဲရှိသည်။

ခရီးသည်များအပေါ် ဆက်ဆံရေးကောင်းမွန်သည့် ယာဉ်လုပ်သားအချို့ကိုလည်း တွေ့မြင်ရသည်။ သို့သော် အများစုအနေဖြင့် ခရီးသည်အပေါ် ဆက်ဆံရေးမကောင်းသည့်ပုံရိပ်ကြောင့် ယာဉ်လုပ်သားအချို့၏ အပြုအမူဆက်ဆံမှုကောင်းများသည် တိမ်မြုပ်နေသကဲ့သို့ရှိသည်။ ရရှိသည့်အကျိုးအမြတ်ဝင်ငွေမှ ခရီးသည်အတွက် ဝန်ဆောင်မှုကောင်းများပေးသည့် နေရာတွင် ထည့်သွင်းသုံးစွဲနေသည့် အရေအတွက်အားဖြင့် နည်းသောယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်း (အဝိုင်းပတ်)အချို့၏ စိတ်ဓာတ်နှင့် လုပ်ဆောင်ချက်များ ယာဉ်လိုင်းလောကတွင် တစ်စတစ်စ များပြားစေလိုသည်။

သို့မှသာ အပြောင်းအလဲများ စတင်မြင်တွေ့လာရမည်။ ယခုလပိုင်းတွင် ကန္တာရခရီးကြမ်းသဖွယ် သွားလာနေရသော ရန်ကုန်မြို့ရှိ လိုင်းကားလောကတွင် အိုအေစစ်သဖွယ် ဝန်ဆောင်မှုကောင်းများရှိလာရန် လိုင်းကားစီးနင်းသူများက မျှော်လင့်မှုများရှိလာသည်ဟု သိရသည်။

**(မောင်စေအောင်)**

